# ကျောက်ကွင်းဝါဒပြိုင်ပွဲ

# ``ကျောက်ကွင်းဝါဒပြိုင်ပွဲ´´

**အရေးတော်ပုံအစ ---**

ပြည်ခရိုင် ဝက်ထီးကန်မြို့ကလေးမှာ လေးမိုင်ခန့်ကွာဝေးသော နေရာ၌ မြေပြန့်ချင်းအမျိုးသားများနေထိုင်သော ကျောက်ကွင်းအမည်ရှိ ချင်းရွာကလေးတစ်ရွာရှိသည်။

အိမ်ခြေ (၇၀)ကျော်မျှရှိ၏၊ ပတ်ဝန်းကျင်များသည် မြန်မာရွာများဖြစ်သော်လည်း ကျောက်ကွင်းရွာနှင့် ၄င်း၏အနီးတွင်ရှိသော ညောင်ပင်သာရွာတို့မှာ ချင်းအမျိုးသားများသာ နေထိုင်သော ချင်းရွာနှစ်ရွာဖြစ်လေသည်။ ၄င်းရွာနှစ်ရွာစလုံးသည် ခရစ်ယာန်ဘာသာဝင်များ နေထိုင်သော ရွာများဖြစ်၍ ကျောက်ကွင်းရွာ၌ ခရစ်ယာန် ဘုရားရှိခိုးကျောင်းရှိပြီး ဓမ္မဆရာ ဦးရွှေအောင်နေထိုင်သည်။

ဗုဒ္ဓဘာသာဝင် ချင်းအမျိုးသားအိမ်ထောင်စု ငါးခုမျှသာရှိသည်။ ကျန်အိမ်ထောင်စုများမှာ ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြသည်။ ကျောက်ကွင်းရွာမှာ သေးငယ်သော်လည်း သူကြီးမင်းနေထိုင်သော ရွာဖြစ်သောကြောင့် ထင်ရှားသည်။ အခြားအကြောင်းတစ်ခုမှာလည်း ရွာသူကြီး ဦးလှောင်မှာ ဗုဒ္ဓဘာသာဝင် ချင်းအမျိုးသာဖြစ်၍ ဇနီးမှာ ခရစ်ယာန်ဘာသာဝင် ချင်းအမျိုးသမီးဖြစ်သည်။ အိမ်ထောင်ရေးကို ဦးစားပေးထားကြသောကြောင့် ဇနီးမောင်နံ နှစ်ဦးမှာ ဘာသာရေး လွတ်လပ်ခွင့်ရှိကြသည်။

တနင်္ဂနွေနေ့တွင် မယားက ဘုရားရှိခိုးကျောင်းတက်သည်။ ဥပုသ်နေ့တွေင် လင်ယောကျ်ားက အခြားရွာရှိ မြန်မာဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ဥပုသ်စောင့်သီလ ဆောက်တည်သည်။ နာတာလူးပွဲ ခရစ်စမတ်ပွဲများကို မယားကဆင်နွှဲပြီး လင်ယောကျ်ားက ကထိန်ပွဲ ဝါဆိုပွဲ ညောင်ရေသွန်းပွဲများကို ဆင်နွှဲသည်။

မယား၏ ဘာသာရေးအလှူကို လင်ယောကျ်ားက လိုက်လျော၍ လင်ယောကျ်ား၏ ဘာသာရေး အလှူကိုလည်း မယားက ခွင့်ပြုခဲ့သည်။ ပဋိပက္ခမရှိသည့် သဘောထားကြီးသော ဇနီးမောင်နံတို့ပင်တည်း။ သို့သော် ဦးလှောင်မှာ ရပ်ရွာ၏ အကြီးအကဲ သူကြီးဖြစ်သောကြောင့် ဗုဒ္ဓဘာသာဘက်ကလည်း အရေးကိစ္စရှိလျှင် ဦးလှောင်ထံသို့သာ ဦးတည်၍လာသည်။

ခရစ်ယာန်ဘက်ကလည်း ထိုနည်းတူပင်၊ နှစ်ဘက်ဘာသာရေးမှ ပုဂ္ဂိုလ်များသည် ဦးလှောင်အိမ်တွင်သာ တည်းခိုကြသည်။ ဦးလှောင်တို့၏ ဇနီးမောင်နံက ကျွေးမွေးညှဲ့ခံရသည်။

ဦးလှောင်မှာ သူကြီးမင်းဆိုပေမယ့် ချမ်းသာကြွယ်ဝလှသူမဟုတ်။ အစိုးရက ခွင့်ပြုထားသော ခိုင်းကြေးဖြင့် စားဝတ်နေရေးကို ဖန်တီးနေရသူ ဖြစ်ပေရာ ကြာသော် စီးပွားရေး ထိခိုက်လာသည်။ ဤအတိုင်း ဘာသာရေးနှစ်ခုအတွက် နှစ်ဘက်ကုန်ကျနေရလျှင် ရေရှည်မတတ်နိုင်၊ လင်မယားနှစ်ယောက်စလုံး ဘာသာတစ်ခုတည်းကို ကူးပြောင်းကိုးကွယ်မှ သက်သာချေမည်။

ဤအတွေးဖြင့် မိမိ၏ ဇနီးအား ဖွင့်ဟတိုင်ပင်ရာ သူကြီးကတော်က ဘာသာတစ်ခုတည်းကို ကိုးကွယ်ရန်မှု သဘောတူသည်။ သို့သော် မိမိကိုးကွာသည့် ခရစ်ယာန်ဘာသာသို့ မိမိလင်ယောကျ်ားသူကြီးကို ပြောင်းလဲ ကိုးကွယ်စေချင်သည်။ သူကြီးမင်းကလည်း ကြင်ယာသက်ထား ဇနီးမယားအား ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်စေချင်သည်။ ကိုယ့်ဘာသာဘက်ကို ကူးပြောင်းစေချင်သည့် ဆန္ဒချင်း တူညီနေသဖြင့် မိမိကိုးကွယ်သည့် ဘာသာကောင်းကြောင်း မှန်ကြောင်း နှစ်ဦးလုံးပင် ပြောကြသည်။ သို့ရာတွင် မယားပြောသည်ကိုလည်း လင်ကသဘောမကျနိုင် လင်ပြောသည်ကိုလည်း မယားက နားမလည်နိုင်နှင့် လုံးလည်လိုက်၍ နေလေသည်။

## သူကြီးနဲ့ ဓမ္မဆရာ

ဤတွင် သူကြီးကတော်က မိစ္ဆာဒိဋ္ဌိကြီးအား ကယ်တင်ပေးပါဟု ဓမ္မဆရာဦးရွှေအောင်အား အကူအညီတောင်းတော့သည်။ ထို့ကြောင့် ဦးရွှေအောင်သည် ညဘက်တွင် သူကြီးအိမ်သို့ လာ၍ ခရစ်ယာန်တရားကို ဟောသည်။ သူကြီးဦးလှောင်သည် ပရိယတ္တိစာပေ မတတ်ကျွမ်းသော်လည်း ဆရာတော်များထံမှ ရရှိထားသော ပညာဗဟုသုတဖြင့် ဦးရွှေအောင်ဟောပြောသမျှကို ပြန်လှန်၍ငြင်းချက်ထုတ်သည်။ ဗုဒ္ဓဘာသာမှန်ကန်ကြောင်းကို မိမိတတ်သမျှ ပြောပြသည် ဦးရွှေအောင်ကလည်း ဦးလှောင်ပြောသမျှကို ချေဖျက်၍ ငြင်းချက်ထုတ်သည်။

ဤသို့ဖြင့် ဓမ္မဆရာဦးရွှေအောင်နှင့် သူကြီးမင်းဦးလှောင်တို့၏ အငြင်းအခုံသည် ထင်ရှားလာ၍ ညဘက်တွင် ရွာသားများပင် လာရောက်နားထောင်ကြသည်။ သို့သော် အဖြေကားထွက်မလာချေ။ ဦးရွှေအောင်ကလည်း သူကြီးမင်းသဘောကျအောင် မဟောပြောနိုင်၊သူကြီးမင်းကလည်း ဦးရွှေအောင်ကို နိုင်အောင် မပြောနိုင် ၊ သူတို့နှစ်ဦးလည်း လုံးလည်လိုက်၍ နေကြပြန်သည် ရက်မှသည်လသို့ ၊ လမှသည် နှစ်သို့သာ ကူပြောင်းခဲ့သည်။

ဤအကြောင်းကားမထူးသေးပေ၊ နှစ်ဘက်သော ထောက်ပံ့ကြေးကြောင့် စီးပွားရေး မဟန်သည့်အပြင် ကြွေးပင်အနည်းငယ်တင်လာသည်။ သည်အတိုင်းမဖြစ်သေး၊ ဤကိစ္စကို ပြတ်အောင်လုပ်မှ ဖြစ်မည်။ သူကြီးမင်းတွေးရလေသည်၊ တစ်နေ့တွင် အကြံကောင်းတစ်ခုကို တွေးမိသည် ဦးရွှေအောင်သည် ညအိမ်သို့လာလျှင် တင်ပြမည်။

ထိုနေ့တွင် ဦးရွှေအောင် ရောက်လာသောအခါ၌ သူကြီးမင်းဦးလှောင်က မိမိ၏ အကြံအစည်ကို ထုတ်ဖေါ်ပြောကြားလေသည်။

``ဒီမယ် ဆရာအောင် ခင်ဗျားနှင့်ကျုပ်တို့ ကိုယ့်ဘာသာတရားကောင်းကြောင်း ငြင်းခုံနေကြတာလည်း ကြာလှပြီ ။ ဘာမှလည်း အဖြေမထွက်ဘူး၊ လဘက်ရည်ကြမ်းနှင့် လဘက်သုတ်သာ ကုန်ပြီး လူမောတာပဲ အဖတ်တင်သည်။ ဘာမှလည် အကျိုးထူးမလာဘူး။ အဲဒီတော့ တစ်ခုခုတော့ အပြောင်းအလဲလုပ်မှ ဖြစ်မယ်ထင်တယ်။ ဟော...သူကြီးမင်းက ဘယ်လိုဖြစ်ရပြန်တာလဲဗျ ၊ တစ်နေ့နေ့တော့ အဖြေထွက်လာမှာပေ့ါဗျ ၊ သူကြီးမင်းက ဘယ်လိုများ ပြောင်းလဲချင်တာလည်းဗျ ´´

``ဒီလိုရှိတယ် ခင်ဗျ ၊ ဦးရွှေအောင်ပြောတာလည်း ကျွန်တော်ကမယုံနိုင် ကျွန်တော်ပြောတာလည်း ဦးရွှေအောင်က လက်မခံနိုင်ဆိုတော့ ဒီအတိုင်းသွားနေလို့တော့ မဟန်ဘူးဗျ။ အဲဒါ သူကြီးမင်းက ဘယ်လိုလုပ်ချင်လာဗျ ပြောပြပါဦးလေ ´´

``ဒီလိုဗျာ..ဆရာအောင်ကလည်း ခရစ်ယန်တရားနှင့် ပတ်သက်ပြီး ကိုယ့်ထက်သာတဲ့ ဆရာတစ်ယောက်ကို ရှာဗျာ ၊ ကျွန်တော်ကလည်း ဗုဒ္ဓဘာသာတရားနဲ့ ပတ်သက်ပြီး ဆရာတစ်ဦးကို ရှာမယ်´´ ။ ``အင်းလေ...ပြောပါဦး´´။ ``အဲဒီဆရာနှစ်ယောက် အပြိုင်အဆိုင်ပြောကြားစေဗျာ ၊ ငြင်းကြခုံကြစေဗျာ ၊ သူတို့က ဆရာအောင်နှင့် ကျွန်တော်ထက် တော်တဲ့ တတ်တဲ့ လူတွေဆိုတော့ သူတို့နှစ်ယောက်ပြောကြရင်း တစ်ခုခုတော့ အဖြေထွက်မှာပဲဗျ။ အဲဒီလိုဆိုရင် မကောင်းဘူးလား ဆရာအောင်ရဲ့´´

``ကောင်းသားပဲ သူကြီးရဲ့ ၊ဒါပေမယ့် အဲဒီဆရာတွေ ဒီကိုလာဘို့ ကျွေးဘို့ စရိတ်စကတွေတော့ ခံမှဖြစ်မယ်ဗျ ´´

``အဲဒါဟုတ်တာပေ့ါ ကျွန်တော်တို့က ခေါ်တာဆိုတော့ ကျွန်တော်တို့ကပဲ စရိတ်ခံရမှာပေ့ါ ဆရာအောင်ရယ်´´

``ဒီလိုဆိုရင် စရိတ်အတွက် ဒီလိုလုပ်ရင် ကောင်းမယ်ထင်တယ်၊ သူကြီးတို့ဆရာအတွက်

သူကြီးတို့ဘက်က တာဝန်ယူဗျ ၊ ကျွန်တော်တို့ဆရာအတွက်လည်း ကျွန်တော်တို့ဆရာအတွက်လည်း ကျွန်တော်တို့ ခရစ်ယာန်တွေက စုပေါင်းကျခံမယ်ဗျ ´´။

ဦးရွှေအောင်၏ ပြောပြချက်မှာ မျှတသဖြင့် သူကြီးက သဘောကျသည်၊ ဦးရွှေအောင်နှင့်သူကြီးအိမ်တွင် ရောက်နေကြသည့် ချင်းအမျိုးသားခရစ်ယာန် ပရိသတ်ကလည်း သဘောကျကြသည်။ သို့သော် သူကြီးမှာ တစ်ဦးတည်း ဖြစ်နေသဖြင့် ရွာထဲရှိ ဗုဒ္ဓဘာသာအိမ်သုံးအိမ်မှ လူကြီးများကို ခေါ်ခိုင်းလိုက်သည်။ ထိုသူများရောက်လာသောအခါ ကျောက်ကွင်းရွာ၏ မြောက်ဘက်နှင့်တောင်ဘက်တွင်ရှိသော ဇမာရွာများမှ ဗုဒ္ဓဘာသာလူကြီးများကို အခေါ်ခိုင်းလိုက်သည် ၊ တစ်နာရီခန့် ကြာသောအခါ ထိုရွာများမှ ဗုဒ္ဓဘာသာလူကြီး ရှစ်ဦး လိုက်ပါလာကြသည်။ သူကြီးဦးလှောင်ကား အင်္ဂလိပ်အစိုးရက ခန့်အပ်ထားသော ဒိုင်နယ်သူကြီး ဖြစ်သဖြင့် စည်းစနစ်ရှိသူ တစ်ဦးဖြစ်သည်။ ပြောဆိုလုပ်ကိုင်ရာတွင် တိကျစေ့စပ်သည် ၊ ထို့ကြောင့် နှစ်ဘက်သောလူကြီးများနှင့် အကြေအလည် ဆွေးနွေးကြပြီးနောက် သူကြီးကတော်ထံတွင် စာရွက်တောင်းပြီး ဦးရွှေအောင်အား ရေးသားစေလျှက် အောက်ပါအချက်များ ပါဝင်သည့် သဘောတူညီချက်ကို စာချုပ်အဖြစ် ချုပ်ဆိုလိုက်လေသည်။

## ``သဘောတူညီချက် စာချုပ်တွင် ပါရှိသော အချက်များ´´

၁။ ကျောက်ကွင်းရွာသူကြီး ဦးလှောင်အပါအဝင် ဗုဒ္ဓဘာသာဝင်များနှင့် ၄င်းရွာနေ ဓမ္မဆရာ ဦးရွှေအောင်ပါ ခရစ်ယာန်များက အောက်ပါအတိုင်း သဘောတူ စာချုပ်ပြုလုပ်၍ လက်မှတ်ရေးထိုးကြသည်။

၂။ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာနှစ်မျိုး၌ မည်သည့်တရားက ကောင်းသည် မှန်သည်ဟု ယှဉ်ပြိုင်ဟောပြောပွဲကို ကျင်းပကြရန်။

၃။ ဤသို့ ယှဉ်ပြိုင်ပွဲကြီး ပြုလုပ်ရန်အတွက် ကျောက်ကွင်းရွာ၏ အနောက်ဘက်လယ်ကွင်းကြီးထဲ၌ မဏ္ဍပ်ကြီးတစ်ခုထိုးရန်။

၄။ ထိုမဏ္ဍပ်ကြီးထိုးရန်အတွက် ခရစ်ယာန်များနှင့် ဗုဒ္ဓဘာသာဝင်များက အညီအမျှ ထက်ဝက်စီ ကုန်ကျခံ၍ ပြုလုပ်ကြရန်။

၅။ မဏ္ဍပ်ကို (၁၅)ပင်၊ (၁၄)ခန်းထိုးကြရန်။ ဤမဏ္ဍပ်ကို ခရစ်ယာန်တို့က (၇)ခန်း ဗုဒ္ဓဘာသာတို့က (၇)ခန်း အညီအမျှထိုးကြရန်။

၆။ ခေါင်းဆောင်ဖိတ်ကြားသော ဘာသာဆိုင်ရာ ဆရာများကို ဗုဒ္ဓဘာသာအတွက် ဗုဒ္ဓဘာသာဝင်တို့က စရိတ်ခံ၍ ၊ ခရစ်ယာန်ဘာသာအတွက် ခရစ်ယာန်ဘာသာဝင်တို့က စုပေါင်းကျခံကြရန်။

၇။ မိမိတို့အဖွဲ့ သဘောကျရာဆရာများကို မိမိတို့သဘောအတိုင်း ကြိုက်နှစ်သက်သလို ရှာဖွေ ခေါ်ဆောင်ကြရန်။

၈။ ဟောပြောသောအခါ ဟောပြောချိန်နာရီကို အညီအမျှထား၍ ဟောပြောကြစေရန်။

၉။ ထိုသို့ ဟောပြောပြီးသောအခါ တစ်ဘက်မှ တစ်ဘက်ဘာသာသို့ တစ်အိမ်ထောင်တိတိ ကူးပြောင်းကြေညာနိုင်လျှင် ထိုသို့ကြေညာနိုင်သော ဘာသာဘက်က နိုင်သည်ဟု ဆုံးဖြတ်ရန်။

၁၀။ ရှုံးသောဘာသာဘက်မှ လူကြီးများက နိုင်သောဘာသာဘက်က လူကြီးများသို့ ငွေကျပ်ငါးဆယ်တိတိ ပေးရန်။

၁၁။ ငါးဆယ်အနိုင်ရရှိသောဘက်က ထိုငွေဖြင့် အောင်ပွဲအဖြစ် ရွာပြင်၌ ဇာတ်ပွဲတစ်ချီကစေ၍ ရွာရှိလူကုန် ပွဲကြည့်ကြစေရန်။

၁၂။ ယှဉ်ပြိုင်ဟောပြောပွဲကြီး ကျင်းပမည့်ရက်ကို ခရစ်သက္ကရာဇ် ၁၉၃၆ ခု၊ မေလ(၁)ရက်နေ့၊ ဗမာသက္ကသရာဇ် (၁၂၉၈)ခု၊ ကဆုန်လဆန်း(၁၂)ရက်၊သောကြာနေ့ကို သဘောတူ သတ်မှတ်ရန်။

၁၃။ ယခုသတ်မှတ်သော ပွဲကြီးနေ့၌ ခေါင်းဆောင်တရားဟောဆရာ မလာနိုင်သောဘက်က အရှုံးဖြစ်စေရမည်။

ဗုဒ္ဓဘာသာဝင်တို့ ကိုယ်စား သူကြီးဦးလှောင်က လက်မှတ်ရေးထိုး၍ ခရစ်ယာန်တို့ကိုယ်စား ဓမ္မဆရာဦးရွှေအောင်က လက်မှတ်ရေးထိုးကြလေသည်။

ထိုစာချုပ်ချုပ်ဆိုသောနေ့ကား - မြန်သက္ကရာဇ်(၁၂၉၇)ခု၊ နှောင်းတန်ခူးလဆန်း(၁၄)ရက်။ ခရစ်သက္ကရာဇ် (၁၉၃၆)ခု၊ ဧပြီလ (၄)၊ စနေနေ့ဖြစ်ပါသတည်း။

## အလိုတော်ရဂိုဏ်း

အလိုတော်ရရွာသည်ကျောက်ကွင်းရွာ၏အနောက်မြောက်စွန်းစွန်းနစ်မိုင်ခွဲခန့်အကွာတွင်သည်။ ထိုရွာတွင် ဝါတော် (၆၅)ဝါ ၊သက်တော်(၈၅)နှစ် ရှိတော်မူသော ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူသည်။ဆရာတော်ဘုရားကြီး သီတင်းသုံးတော်ရာရွာကို အစွဲပြု၍ ဆရာတော်ဘုရားကြီး ဦးစီးတော်မူသော ဂိုဏ်းကို အလိုတော်ရဂိုဏ်းဟု ခေါ်ကြသည်။

အလိုတော်ရဂိုဏ်းဝင် ဘုန်းတော်ကြီးကျောင်းပေါင်း (၈၀)ကျော် ရှိလေသည်။ သူကြီးဦးလှောင်နှင့် ကျောက်ကွင်းရွာ၏ ပတ်ဝန်းကျင်မှ ဗုဒ္ဓဘာသာဝင် လူကြီးများသည် ဝါဒပြိုင်ပွဲစာချုပ်ချုပ်ဆိုပြီးနောက် မဏ္ဍပ်ထိုးရေး ဧည့်ခံကျွေးမွေးရေးတို့ကိုသည် အဓိကထား၍ လုံးပန်းနေကြသည်။ ဝါဒပြိုင်ပွဲတွင် ဗုဒ္ဓဘာသာဝင်များဘက်မှ ယှဉ်ပြိုင်ဟောမည့် ပုဂ္ဂိုလ်ရှာဖွေရေးအတွက်မူ ပတ်ဝန်းကျင်တွင် ပိဋကတ် စာပေ တတ်ကျွမ်းသော ဆရာတော်ရဟန်းတော်များ ရှိနေသဖြင့် ပူပန်ကြောင့်ကြမှု မထားကြချေ။ ဘယ်ဆရာတော်ဖြစ်ဖြစ် ယှဉ်ပြိုင်ဟောပြော နိုင်မည့်ဟု ယူဆထားကာ ခပ်အေးအေးပင် နေကြသည်။

ခရစ်ယာန်များဘက်ကမူ ယှဉ်ပြိုင်ဟောပြောမည့် ပုဂ္ဂိုလ်ကို အဓိကထား၍ စည်းဝေးကြသည်။ အကောင်းဆုံး အတော်ဆုံးဆရာကို ရအောင်ရှာဖွေပြီး ပင့်ဖိတ်ရန် ဆွေးနွေးကြသည်။ ငွေဘယ်လောက်ကုန်ပါစေ၊ ဖြစ်သည့်နည်းဖြင့် ရှာဖွေထည့်ဝင်ကြသည်။ ဤအရေးသည် ကျောက်ကွင်းရွာ တစ်ရွာတည်း၏ အရေးမဟုတ် ၊ ခရစ်ယာန်ဘာသာတစ်ခုလုံး၏ အရေးဖြစ်သည်။နိုင်မှ ဖြစ်မည် ။ ထို့ကြောင့်ဓမ္မဆရာ ဦးရွှေအောင်အား ရန်ကုန် မန္တလေးစသော မြို့ကြီးများသို့ သွားရောက်ရန် တာဝန်လွှဲလိုက်ကြသည်။

ဗုဒ္ဓဘာသာဝင်များဘက်က နီးစပ်ရာ ရွာဦးကျောင်းဆရာတော်များကို လျှောက်ထားကြည့်တော့မှ မလွယ်ကူကြောင်း တွေ့ရှိရသည်။ အများစုမှာ ပိဋကတ်တော် တတ်ကျွမ်းကြပါ၏ ။ ခရစ်ယာန်အကြောင်း တစ်လုံးတစ်ပါဒမျှ မသိရှိကြချေ။ စိတ်ဝင်စားမှုမရှိသဖြင့် မလေ့လာကြ ။ ခေတ်ပညာမတတ်ကြ ၊ ထို့ကြောင့် ခေတ်အမြင်လည်း မရှိကြပဲ ပိဋကတ် တစ်ဖက်မြင်များသာ ဖြစ်ကြလေသည်။

## ဂိုဏ်းချုပ်ကြီးထံသို့

ဦးလှောင်နှင့် ဗုဒ္ဓဘာသာဝင်တစ်စုသည် ဤကိစ္စအတွက် ဂိုဏ်းချုပ်ဆရာတော်ကြီးကို လျှောက်ထားတိုင်ပင်မှ ဖြစ်တော့မည်ဟု ဆုံးဖြတ်ပြီး ၊ စာချုပ်ကိုပါ တိုင်ပင်ပြီး အလိုတော်ရဂိုဏ်းချုပ် ဆရာတော်ကြီးထံသို့ သွားရောက်လျှောက်ထားကြလေသည်။ စာချုပ်ကိုလည်း ပြသကြ၏ ၊ ဆရာတော်ကြီးမှာ သက်တော်ကြီး၍ နားလေးနေသဖြင့် ဦးပဇင်းကြီးတစ်ပါးမှ တစ်ဆင့် အသံကျယ်ကျယ်ဖြင့် လျှောက်ထားရသည်။ ဂိုဏ်းချုပ်ဆရာတော်ကြီးသည် လျှောက်ထားချက်ကို နားလည်သွားပြီးနောက် စာချုပ်ကို ဖတ်ရှုတော်မူသည်။ ထို့နောက် ဂိုဏ်းအတွင်း သံဃာ အစည်းအဝေးခေါ်ယူပြီး သင့်တော်သလို စီမံပေးမည် ဖြစ်ကြောင်း ဦးလှောင်တို့အား မိန့်ကြားတော်မူလိုက်လေသည်။ ဦးလှောင်တို့ လူသိုက်သည် ပူပန်မှု လျော့ပါးသွားသော်လည်း စိတ်မောလူမောဖြစ်ကာ ပြန်လာကြရသည်။ ရွာတွင် အသင့်စောင့်နေကြသော ဗုဒ္ဓဘာသာဝင်များအား ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီးက စီမံပေးတော်မူမည့် အကြောင်းသာ ပြန်ကြားရပါတော့သည်။

## တိုက်ပွဲဗိုလ်ချုပ်ရှာပြီ

ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီးသည် ဂိုဏ်းဝင်ကျောင်းပေါင်း(၈၀)ကျော်မှ ခေါင်းဆောင်ဆရာတော်များကို ပင့်ဖိတ်စေ၍ အလိုတော်ရကျောင်းတွင် စည်းဝေးစေသည်။ ဂိုဏ်းဝင်ဆရာတော်အသီးသီးက အကြံအမျိုးမျိုး လျှောက်ထားကြသော်လည်း ယှဉ်ပြိုင်ဟောပြောမည့် ပုဂ္ဂိုလ် ဂိုဏ်းဝင်ဆရာတော်ဘုရားထဲမှ ပေါ်ထွက်မလာဘဲ ဖြစ်နေသည်။

ဤအရေးအခင်းမှာ အလိုတော်ရဂိုဏ်း၏ အရေးအခင်းသာမကဘဲ ဗုဒ္ဓဘာသာသာသနာတော်အတွက် အရေးကြီးသော အရေးအခင်းဖြစ်သည်ဟု ဂိုဏ်းဝင်ဆရာတော်အားလုံးကပင် တစ်ညီတစ်ညွတ်တည်း သဘောထားကြသည်။ မိမိဂိုဏ်းထဲမှ ယှဉ်ပြိုင်ဟောပြောမည့် ပုဂ္ဂိုလ်များမထွက်သော်လည်း ရဟန်းသာမဏေ ရှစ်သောင်းကျော်မျှရှိသော မြန်မာနိုင်ငံတွင် ခရစ်ယာန်နှင့် ယှဉ်ပြိုင်ဟောပြောရဲမည့် အာဇာနည် ပုဂ္ဂိုလ်ရှိရမည်။ ထိုပုဂ္ဂိုလ်မျိုးတွေ့အောင်ရှာ၍ရအောင် ပင့်ဆောင်နိုင်ဘို့သာ အရေးကြီးသည်။ ထို့ကြောင့် ဂိုဏ်းဝင်ကျောင်းဆရာတော်တို့သည် မြို့၊ ရွာကြီးလျှင် ငွေတစ်ဆယ် ၊ ငယ်လျှင် ငါးကျပ်ကျ ထောက်ပံ့ကူညီကြရမည်ဟု ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူသည်။ အားလုံးဝိုင်းဝန်းထောက်ပံ့ကြရာ ငွေကြေးအတွက် ပူပန်စရာ မရှိတော့ဘဲ အားလုံးပင် ပြည့်စုံသွားကြလေသည်။

ထိုနောက် ဂိုဏ်းဝင်ဆရာတော်တို့သည် အသီးသီး တာဝန်ယူကြပြီး အလိုတော်ရဂိုဏ်းချုပ် ဆရာတော်ကြီး၏ ကျောင်းတွင် ဌာနချုပ်ပြုလုပ်၍ ရန်ကုန် မန္တလေး ပခုက္ကူ ပုသိမ် မော်လမြိုင်စသော မြို့ကြီးများရှိ ဂိုဏ်းအုပ်ဆရာတော်များ နာမည်ကျော် ဆရာတော်များထံသို့ ဂိုဏ်းဂဏမရွေးချယ်ဘဲ စာရေးလျှောက်ထားကြသည်။ ကြေးနန်းရိုက်၍ အကြောင်းကြားကြသည်။ မိမိတို့ကိုယ်တိုင် မကြွနိုင်လျှင်လည်း ကြွရောက်ယှဉ်ပြိုင်ဟောပြောနိုင်မည့် ပုဂ္ဂိုလ်ကို ညွှန်ကြားကြပါရန် ၊ အကြောင်းစုံလင်စွာဖြင့် လျှောက်ထားကြသည်။

## သာယာဝတီ ဦးဥေယျ

သို့ရာတွင် မန္တလေး ၊ ပခုက္ကူစသော မြို့ကြီးများမှ မည်သည့်ပြန်ကြားချက်ကိုမျှ မရရှိခဲ့ပေ။ ရန်ကုန်မှ ဆရာတော်အချို့ကမူ ဓမ္မကထိက ဦးဥေယျကို ပင့်ဖိတ်ရန် အကြံပေးစာ ပြန်ကြားပြန်သည်။

ဦးဥေယျသည် ထိုအချိန်က နိုင်ငံကျော် ဓမ္မကထိက ဆရာတော်ဖြစ်၏ ။ အသံကောင်းသည် အဟောအပြောကောင်းသည် ၊အာဝဇ္ဇန်းရွှင်သည် ၊ ထို့ပြင် လောကမျက်မှန်စာစောင်၌ ခရစ်ယာန်ဘာသာကို ရှုပ်ချသည့်စာများကို ရေးသားနေသဖြင့် လူသိများ၍ ကျော်ကြားသည်။ ထို့ကြောင့် ယခုခရစ်ယာန်ဘာသာနှင့် ယှဉ်ပြိုင်၍ ဟောပြောရမည့် ဘာသာဝါဒပြိုင်ပွဲတွင် ဦးဥေယျ သည် အသင့်တော်ဆုံးဖြစ်သည်ဟု ယူဆပြီး ရန်ကုန်ဆရာတော်အချို့က ညွှန်ကြားကြခြင်းဖြစ်လေသည်။

အလိုတော်ရဂိုဏ်းဝင်ဆရာတော်တို့ကား နိုင်ငံကျော်ဓမ္မကထိက သာယာဝတီ ဦးဥေယျ၏အမည်ကို ကြားဖူးကြသည်။ အဟောအပြော ကောင်းကြောင်းလည်းကြားဖူးကြသည်။ ခရစ်ယာန်ဘာသာကို ရှုပ်ချရေးသားနိုင်သူဖြစ်ကြောင်း ကြားသိရသောအခါ ပိုမိုအားတက်ကျသည်။ ထို့ကြောင့် ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီးအား အကျိုးအကြောင်း လျှောက်ထားတင်ပြသော အခါ အမြန်ဆုံး ပင့်ဖိတ်အကြောင်းကြားရန် အမိန့်ရှိတော်မူလေသည်။

ဂိုဏ်းဝင်ဆရာတော်တို့သည် ဦးဥေယျထံသို့ အကြောင်းစုံ စာရေး၍ လျှောက်ထားပန်ကြားကြသည်။ ဆရာတော် ဦးဥေယျကို ပင့်ပြီဟူသော သတင်းသည် ဗုဒ္ဓဘာသာဝင်များဘက်က ဓမ္မကထိက အကျော် သာယာဝတီ ဦးဥေယျဆရာတော်ခေါင်းဆောင်၍ ယှဉ်ပြိုင်ဟောပြောမည်ဟူသော သတင်းအဖြစ်သို့ ပြောင်းလဲပြီး ပြန့်နှံ့သွားတော့သည်။ ဗုဒ္ဓဘာသာ ဝင်အများစုမှာ ဦးဥေယျကို ကြားဖူးနေကြသဖြင့် အားတက်နေကြသည်။ လောကမျက်မှန်ကို ဖတ်ဖူးသူများကလည်း ဗုဒ္ဓဘာသာဘက်က နိုင်ပြီဟု တစ်ထစ်ချ တွက်ဆနေကြ၏။ ဤသတင်းကား ခရစ်ယာန်တို့ဘက်သို့အထိ ပြန့်နှံ့သွားလေသည်။

သို့သော် အမှန်တကယ် ဖြစ်ရပ်မှန်ကား ဆရာတော်ဦးဥေယျထံမှ မည်သည့်ပြန်ကြားချက်ကိုမှ မရရှိခြင်းပင်ဖြစ်၏ ။ အလိုတော်ရဆရာတော်များက နောက်ထပ်၍ တောင်းပန်စာရေးကြပြန်သည်။ စိတ်ချရအောင်ဆိုပြီး ကြေးနန်းရိုက်၍ သတင်းပို့ကြသည်။ ဦးလှောင်တို့ကလည်း ဦးဥေယျကို ပင့်သည်ဟု ကြားရသဖြင့် ပျော်ရွှင်အားတက်နေကြသည်။ အကြိမ်ကြိမ်စာရေး၍ ကြေးနန်းပို့သော်လည်း ပြန်ကြားချက်ကို မရရှိကြသောအခါ အလိုတော်ရဂိုဏ်းမှ ဆရာတော်အချို့ ရန်ကုန်မြို့သို့ ကိုယ်တိုင်လိုက်သွားကြပြီး ဆရာတော်နှင့်ဦးဥေယျနှင့် တွေ့ဆုံကာ လျှောက်ထားတောင်းပန်ကြ၏။ အမျိုးမျိုးလျှောက်ထားကြ ၏ ။ ခိုင်လုံသော အကြောင်းပချက်မရှိဘဲနှင့် ဦးဥေယျက ငြင်းလွှတ်လိုက်သည်။ မန္တလေး၊ ပခုက္ကူစ သည်မှ ပုဂ္ဂိုလ်များကို ပင့်ကြပါဟု လီးလွှဲညွှန်ကြားလိုက်သည်။ ခရစ်ယာန်ဘက်မှ ဘုန်းကြီးလူထွက် ဓမ္မဆရာကြီးများ ပါလိမ့်မည်ဟူသော သတင်းကို ဦးဥေယျ ကြားသိပြီးဖြစ်ဟန်တူ ၏။

## အချင်းချင်းတော့ ဆော်ရဲသည်

ထိုသည့် ဦးဥေယျ ကိုယ်တော်ကြီးကား နယ်နယ်ရရ ပုဂ္ဂိုလ်မဟုတ် ခရစ်ယာန်နှင့်သာ ယှဉ်ပြိုင် ဟောပြောခြင်း မပြုရဲသော်လည်း ကိုယ့်ဗုဒ္ဓဘာသာအချင်းချင်း ဘဝတူရဟန်းချင်းကိုမူဆော်ရဲ နက်ရဲ၏ ။ ပိဋကတ်အရာ မယှဉ်သာအောင် မိမိထက် အများကြီးသာလွန်သော အရှင်အာဒိစ္စဝံသ ဆရာတော်ကို ဂျူဗလီဟော ပကာသနီယျ အစည်းအဝေးပွဲကြီး၌ ``ဘုန်းကြီး ဦးတုး ချီးလူးသည့် ပုံပြင်´´ဖြင့် ရက်ရက်စက်စက် ဆော်နက်၍ ပွဲကျအောင် ပြောဝံ့သူဖြစ်၏။ **`လူပြန်တော်ပညာရှိတစ်ဦးကို ရေးခိုင်းပြီး သူက အမည်ခံကာ နေစရာရှာမရ မလကကွင်းပြင် ပမာဒ**

**စာရင်းဝင်တယ် အဖျင်းတွင်ထိပ်ဆုံး အာဒိစ္စ ယောက်ဖကုလားနာရယ် ဘောက်ကျတာတွေ လျှော့လိုက်ပါဦး** ´ အစရှိသော တေးထပ်ကဗျာကို သတင်းစာတွင် ထည့်ရဲသူ အာဇာနည်ပုဂ္ဂိုလ်ကြီးပေတည်း။

အလိုတော်ရ ဂိုဏ်းဝင်ဆရာတော်များအား စိတ်ပမ်းလူနွမ်းဖြစ်ကြကာ ရန်ကုန်မှ ပြန်လာခဲ့ကြရ၏။ မန္တလေး၊ပခုက္ကူစသည် မြို့ကြီးများမှ ပြန်ကြားချက်ကို မျှော်လင့်ရန်သာ ရှိတော့သည်။ သို့သော်လည်း ထိုမြို့များမှ ပြန်ကြားချက်ကို မရခဲ့ပေ ။ ဦးဥေယျ၏ ငြင်းဆိုလိုက်ကြောင်းကို ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီးအား မလျှောက်ထားဘဲ ဖုန်းကွယ်၍ ထားကြ၏ ။ မောင်ဥေယျ မရောက်သေးဘူးလားဟု နေ့စဉ်မေးနေသောကြောင့် ကြာရှည်ဖုန်းကွယ်ထားရန် မဖြစ်နိုင်တော့ပေ၊ အချိန်မှာလည်း တစ်ဖြေးဖြေး ကုန်သည်ထက်ကုန်လာ၍ ကဆုန်လဆန်းသို့ပင် ဆိုက်ရောက်လာချေပြီ ။ ထို့ကြောင့် ဦးဥေယျ မလာနိုင်တော့ကြောင်းဖွင့်ဟ၍ လျှောက်ထားရတော့သည်။

ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီးမှာ အလွန်ပင် စိတ်မချမ်းမသာ ဖြစ်တော်မူရှာသည်။ တပည့်ဆရာတော်များက မန္တလေး၊ပခုက္ကူ တို့မှ အကြောင်းပြန်ကြားချက် မရရှိသေးကြောင်း မကြာမီရမည် ထင်ကြောင်းစသည်ဖြင့် စိတ်ချမ်းသာမှုရအောင် လျှောက်ထားကြရသည်။ အလိုတော်ရကျောင်းသို့ အမြဲသတင်းမေးနေသော ဦးလှောင်တို့မှာလည်း ဦးဥေယျ မကြွရောက်နိုင်ကြောင်း သိသွားကြသဖြင့် အလွန်စိတ်အားငယ်သွားကြသည်။ ဂိုဏ်းချုပ်ဆရာတော်ကြီးက ဖြစ်အောင်စီစဉ်ပေးမှာပဲ ဟူ၍သာ တွေးတောပြီး စိတ်ကို ဖြေနေကြရသည်။

## ခရစ်ယာန်တို့အားတက်ပြီ

ခရစ်ယာန်တို့ကလည်း ရန်ကုန်၊ မန္တလေး ၊မော်လမြိုင်၊မေမြို့၊ တောင်ငူစသော မြို့များရှိ ဂိုဏ်းအုပ်ဂိုဏ်းချုပ်များထံသို့ စာရေး၍၄င်း လူကိုယ်တိုင်သွားရောက်၍၄င်း၊ အကျိုးအကြောင်းရှင်းပြ၍ ဆွေးနွေးကြသည်။ ခရစ်ယာန်ဂိုဏ်းများကလည်း အချင်းချင်း ဆွေးနွေး၍ ယှဉ်ပြိုင်မည့် ပုဂ္ဂိုလ်ကို ရွေးချယ်ပေးကြသည်။ အဓိကယှဉ်ပြိုင်ရမည့် ပုဂ္ဂိုလ်များအပြင် အထောက်အကူပြု ပုဂ္ဂိုလ်များ အရံလိုက်ပါမည့် ပုဂ္ဂိုလ်များကိုပါ ရွေးချယ်ပေးသည့်အပြင် ငွေကြေးများပါ ဝိုင်းဝန်းကူညီ၍ ထောက်ပံ့ကြသည်။ ထို့ကြောင့် ဓမ္မဆရာဦးရွှေအောင်နှင့် ခရစ်ယာန်အုပ်စုမှာကျိန်းသေနိုင်ပြီဟုတွက်ဆကာ ပျော်တပြုံးပြုံး မော်မဆုံးနိုင်အောင်ဖြစ်နေကြသည်။

မိမိတို့တာဝန်ယူထားရသည့် မဏ္ဍပ်အစိပ်အပိုင်းကို အစွမ်းကုန် မွမ်းမံချယ်လှယ်နေကြသည် ခရစ်ယာန်တို့ဘက်မှ ယှဉ်ပြိုင်ဟောပြောမည့် ပုဂ္ဂိုလ်များစာရင်းတွင် ဦးရွှေမှန် ၊ ဦးသာဒင်(ရန်ကုန်) ဦးသာဒင်(မန္တလေး)တို့၏ အမည်များမှာ ထိပ်ဆုံးမှ ပေါ်ထွက်လာ၏ ။ ဦးရွှေမှန်သည် အင်းစိန်ကျမ်းစာသင်ကျောင်း ၊ ကျောင်းအုပ်ဆရာကြီးဖြစ်၏ ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ခရစ်ယာန်ဂိုဏ်းပေါင်းစုံ အဖွဲ့ချုပ်ကြီး၏ နာယကကြီးလည်းဖြစ်၏ ။ ပါဠိပိဋကတ်အရာတွင် ပထမကျော်အောင်ခဲ့သည့် ဘုန်းကြီးလူထွက်ဖြစ်၏ ။ ဗုဒ္ဓဘာသာမှ ခရစ်ယာန်ဘာသာသို့ ကူးပြောင်းလာခဲ့သူဖြစ်၏ ၊ ဦးသာဒင် နှစ်ဦးလုံးမှာလည်း ထိုခေတ်က ပထမကြီးတန်းအောင်မြင်ခဲ့သော စာချဘုန်းကြီးလူထွက်များ ဖြစ်ကြ၏ ။ ပိဋကတ်ကို ထုံးလိုချေ ရေလိုနောက်၍ မွှေနိုင်သူများဟု နာမည်ကျော်နေသူများ ဖြစ်ကြ၏ ။ ဦးရွှေမှန်နည်းတူ ဗုဒ္ဓဘာသာမှ ခရစ်ယာန်ဘာသာသို့ ကူးပြောင်းခဲ့သူများ ဖြစ်၍ အဟောအပြော အလွန်ပင်ကောင်းသည့် ခရစ်ယာန်ဓမ္မဆရာကြီးများဖြစ်ကြသည်။

ဤပုဂ္ဂိုလ်ကြီး သုံးဦးသည် ဗုဒ္ဓဘာသာကို ယှဉ်ပြိုင်ချေဖျက်ရာ၌ စံပြစရာအကောင်းဆုံး ပုဂ္ဂိုလ်

ကြီးများပင်ဖြစ်သည်။ အင်္ဂလိပ်စာပေ နှင့် သမ္မာကျမ်းစာများကိုပါ ကျွမ်းကျင်ကြသဖြင့် ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာတို့ကို ကျွန်းကျင်သည့် ပုဂ္ဂိုလ်များဖြစ်သောကြောင့် မိမိတို့ ကျိန်းသေ အောင်ပွဲဆင်ရမည်ဟု ဓမ္မဆရာဦးရွှေအောင်တို့ဘက်မှ ဟိန်းဟောက်ထားသည်မှာ ဟိန်း ဟောက်လောက်ပါပေ၏ ။

## ဂိုဏ်းချုပ်ဆရာတော်ကြီး၏ သောက

ဂိုဏ်းချုပ်ဆရာတော်ကြီးကား ဆွမ်းဘုဉ်းမပေးနိုင်သည်အထိ ဗုဒ္ဓသာသနာတော်အတွက် စိတ်ထိခိုက်နေလေသည်။ ဗုဒ္ဓသာသနာတော်သည် စစ်မှန်သောဝါဒဖြစ်ပါလျက် ယှဉ်ပြိုင်ဟောပြော မည့်သူ မရှိသောကြောင့်သာ အရေးနိမ့်ရလျှင် သာသနာတော်၌ အသက်ရှင်လျက် နေဖို့ပင်မကောင်းတော့ ၊ သေသော်မတည့် အော်... ကောင်း၏ ။ဟူသော အဆင့်မျိုးသို့ ဆိုက်ရောက်နေချေပြီဟု တွေးတောကာ စိတ်မောနေရလေသဖြင့် အဟာရကိုပင် ကောင်းစွာ မဘုဉ်းပေးနိုင်တော့ချေ။

ပြိုင်ပွဲသတင်းကား မြန်မာပြည်အလယ်ပိုင်းတစ်ဝိုက်နှင့် မြစ်ဝကျွန်းပေါ် ဟင်္သာတ ၊မြန်အောင်၊ ကြံခင်း ၊ ကနောင်ဘက်အထိ ပြန့်နှံ့၍ နေသည်။ ပြိုင်ပွဲရက်ကလည်း တစ်နေ့ထက်တစ်နေ့ နီးကပ်၍ နေချေပြီ ။

## ဓမ္မသောက အေးရပြီ

၁၂၉၈ ခု၊ ကဆုန်လဆန်း(၄)ရက်၊ ၁၉၃၆ ခု၊ ဧပြီ (၂၃)ရက် ၊ ကြာသပတေးနေ့ ၊ ထိုနေ့ကား ရက်ပေါင်းများစွာ သောကရောက်နေရရှာသော အလိုတော်ရ ဂိုဏ်းချုပ်ဆရာတော်ကြီး အဖို့ သောကထွက်ပြေး ဘဝင်အေးရမည့် နေ့ ဖြစ်ပေသည် ။

အာလံ(ယခုအောင်လံ)မြို့၊ ဗုဒ္ဓသာသနာပြုကျောင်း ကျောင်းအုပ်ဆရာတော်ကလေး အရှင် မဟာနန္ဒသည် ဝက်ထီးကန်သို့ ကိစ္စတစ်ခုအတွက် ဆိုက်ရောက်လာသည် ၊ ဝါဒယှဉ်ပြိုင်ပွဲကို ကြား သိပြီး ဖြစ်သဖြင့် အခြေအနေကို စနည်းနာကြည့်ရာ မရေရာသော အဖြေကိုသာ ရရှိသဖြင့် သတင်း အတိအကျ သိရှိလိုသဖြင့် အလိုတော်ရကျောင်းသို့ လာခဲ့သည်။ ဂိုဏ်းချုပ်ဆရာတော်ကြီးမှာ မူလကပင် ဆရာတပည့်ပမာ ရင်းနှီးကျွမ်းဝင်ပြီး ဖြစ်သဖြင့် အခြေအနေကို မေးမြန်းလျှောက်ထား ကြည့်ရာ ယှဉ်ပြိုင်ဟောပြောမည့် ပုဂ္ဂိုလ်မရရှိသေးသည့်အကြောင်း သိရှိရလေတော့သည်။

``တပည့်တော်က ဦးဥေယျ ကိုယ်တော်ကြီး ခေါင်းဆောင် ဟောပြောမယ်၊ မန္တလေးနှင့်ပခုက္ကူက ကိုယ်တော်တွေလည်း ပါမယ်ဆိုတာနဲ့ အေးနေတာဘုရား ။ အခုဒီရောက်မှပဲ ဘယ်သူမှ မလာတော့ ဆရာတော်ရဲ့ တာဝန်ဖြစ်နေပြီဆိုတာ သိရတာပါဘုရား ´´

``......အဲဒီ မောင်ဥေယျတို့ မန္တလေး ၊ ပခုက္ကူတို့အကြောင်း မပြောချင်တော့ဘူး ၊ မောင်နန္ဒရယ် ၊ ရက်ကလည်း နီးလှပြီ၊ အဲဒါ မောင်နန္ဒ ကူညီနိုင်တယ် မဟုတ်လားကွယ်´´

``မှန်ပါ ကူညီနိုင်ပါတယ် ၊ ဒါပေမဲ့ တပည့်တော် ကိုယ်တိုင်တော့ ဝင်ရောက်ဟောပြော မှာ မဟုတ်ပါဘုရား´´

``ဘယ်လိုလည်းဟဲ့ မောင်နန္ဒရဲ့ မောင်ပဇင်းဟာက ကူညီနိုင်တယ်လည်း ဆိုသေးရဲ့ ရှင်းအောင် လျှောက်စမ်းပါဦးကွယ်´´

`` တပည့်တော်ထက် တော်တဲ့ တပည့်တော်ရဲ့ ဆရာတော်တစ်ပါး ရှိပါတယ်ဘုရား´´

``ဘယ်သူတုန်းကွဲ့၊ ဘယ်မြို့ကလဲ´´

``မှန်ပါ......တောင်တွင်းကြီးမြို့ ဗုဒ္ဓသာသနာပြုကျောင်း ကျောင်းအုပ်ဆရာတော် အရှင်ဥက္ကဋ္ဌပါဘုရား´´

`` အော် .....တောင်တွင်းကြီးကိုး.......အနို့ သိက္ခာဝါ ဘယ်လောက်ရှိပြီလဲကွယ့်... မောင်နန္ဒရဲ့ ... ``သိက္ခာဝါ (၂၀) မပြည့်သေးပါဘုရား .....ဒီနှစ်လောက်မှ ပြည့်မယ်ထင်ပါတယ်၊ အသက် (၃၉)နှစ်လောက်ရှိပါပြီဘုရား ´´

``စာပေ ပရိယတ္တိဘက်ကကောကွယ့်´´၊ ``အသက်မကြီးပေမယ့် ပညာဂုဏ်တော့ မငယ်ပါဘုရား၊ ဝိသုဒ္ဓါရုံတိုက်ထွက်ပါ ကိုယ်ရင်ဘဝကပဲ ပိဋကတ်သင်ရိုး ကုန်ပြီးတော့ ရဟန်းတစ်ဝါ အရမှာ စာချပုဂ္ဂိုလ်ဖြစ်ခဲ့ပါတယ်ဘုရား´´

`` ပါဠိတော်တွေနှင့် အဋ္ဌကထာကြီးတွေကော နိုင်နင်းရဲ့လား..... အဲဒါက အရေးကြီးတယ်ကွယ့်´´ ၊ `` မှန်ပ.... ပါဠိတော်၊အဋ္ဌကထာ ၊ဋီကာ ၊ အနုမဓုယောဇနာဂဏ္ဌိ အား အဓိပ္ပါယ်အကောက်အယူ ၊ စုတ်စောဒနာ ၊ သောဓနာ နည်းလေးဆယ် ၊ သံဝဏ္ဏနာ ဥတ်ကောက် ဥပစာဆယ်ပါး ၊ နေတ္တိနည်းအားလုံးကိုပဲ နိုင်နင်းကျွမ်းကျင်လှပါတယ်ဘုရား´´

``အင်...ဒီလိုဆိုရင်.. ပိဋကတ်အရာတော့ ကျမ်းဂန်စွယ်စုံ မှုံသောက်မာတင် ပညာရှင်ကလေးပဲကွယ့်.... ဟို...ကုလားဖြူစာ ဘာသန္တရကောတတ်ရဲ့လားကွဲ့´´

``မှန်ပါ......... ကုလားဖြူစာ အင်္ဂလိပ်စာသာမက သက္ကဋ္ဌဘာသာ ဟန္ဒီဘာသာ ဘင်္ဂါလီ နာဂရီဘာသာ အူရဒူဘာသာစတဲ့ ဘာသာစာပေ စကားများလည်း ဆရာတစ်ဆူ ပါဌဂူရောက်တတ် မြောက်ကျွမ်းကျင်ပါတယ်ဘုရား ။ အနောက်ဘက် မဇ္ဈိမ အိန္ဒိယ နိုင်ငံမှာ (၇)ခုနှစ်ကျော်နေပြီး၊ ဆရာမျိုးစုံထံမှ သင်ယူခဲ့တာပါဘုရား´´..... သာဓု .....သာဓု ဝမ်းမြောက်ပါဘိတော့ မောင်နန္ဒရယ်၊ အနို့....သူတို့ရဲ့ စာဖြူဘာသာကျမ်းတွေကော နိုင်နင်းရဲ့လားကွယ့်´´

`` မှန်ပါ...စာဖြူဘာသာကျမ်းစာဖြစ်တဲ့ သမ္မာကျမ်းတွေတင်မကဘဲ ပသီဘာသာ၊ ကိုရ်ရန် ကျမ်းနှင့် ဟိန္ဒူဘာသာ မဟာဘာရတ စတဲ့ ကျမ်းကြီးတွေကိုပါ တတ်မြောက်နိုင်နင်းပါ တယ်ဘုရား ၊ အိန္ဒိယနိုင်ငံမှာ ဘာသာပေါင်းစုံဟောပြော ဆွေးနွေးပွဲတွေမှာလည်း ဝင်ရောက်ဟော ပြောဆွေးနွေးခဲ့သူပါဘုရား၊ ဆရာတော်ဘုရားကြီး သတိမထားမိလို့ပါဘုရား၊ လွန်ခဲ့တဲ့ ရှစ်နှစ်ကျော် ကိုးနှစ်လောက်က (လယ်တီတရားသတင်းစာကြီးထဲမှာ) ဗုဒ္ဓဘာသာ ခရစ်ယာန်ဘာသာ ဟိန္ဒူဘာ သာ၊ ပသီဘာသာတွေရဲ့အကြောင်း ဆောင်းပါးရေးခဲ့ပါတယ်ဘုရား....အခုလည်း တိုးတက်ရေး မဂ္ဂဇင်း ထဲမှာ စာဖြူတို့ ပသီတို့နှင့် အပြိုင်အဆိုင်ဆောင်းပါးတွေ ရေးနေပါတယ်ဘုရား သူ့ကိုဘယ်သူ မှ နိုင်အောင် မရေးနိုင်ပါဘုရား´´

``ဟာ....ဒီအတိုင်းဆိုရင်တော့ ဒို့ ဗုဒ္ဓဘာသာဘက်က အောင်ပွဲခံပြီပေ့ါ ၊ ဝမ်းသာလိုက် တာ မောင်နန္ဒရယ်.... အဲဒီကိုယ်တော်ဘွဲ့ ဘယ်သူကွယ့် ´´

`` ဆရာတော်အရှင်ဥက္ကဋ္ဌ ပါဘုရား ´´

``အေး....အေး ...အဲဒီမောင်ဥက္ကဋ္ဌကို အမြန်ဆုံးသာရအောင် ပင့်ပေတော့ကွယ်၊ ဂိုဏ်း သံဃာများလည်း မောင် မဟာနန္ဒ ကို လိုအပ်သမျှ အားလုံး အကူအညီပေးကြကွယ့် ကြားလား..... ကဲ ဟော့ ငါ့ကိုဆွမ်းကပ်ကြစမ်း ၊ ဒီနေ့ သိပ်ပြီး စိတ်ချမ်းသာတယ်ကွယ် ... ဆွမ်းဘုဉ်းပေးတော့မယ် အခုမှပဲ ရင်ထဲက အလုံးကြီးကျသွားတော့သကွယ်...။

အရှင်မဟာနန္ဒ ရောက်ရှိလာသော သတင်းသည် ဦးပဇင်း ကိုရင် ကျောင်းသားများ မှ တစ်ဆင့် ပြန့်နှံ့သွားရာ အလိုတော်ရရွာသာမက အနီးအနားရှိ ရွာများကပါ လူ/ရှင်/ရဟန်းးတို့ရောက်ရှိလာကြသဖြင့် အလိုတော်ရကျောင်းတွင် စည်ကားနေသည်။

အရှင်မဟာနန္ဒမှာလည်း ဆရာတော်အရှင်ဥက္ကဋ္ဌအကြောင်းပြောရ မေးသမျှဖြေရနှင့် တစ်နေ့လုံးမနားရတော့ပေ ။ ညဘက်တွင်လည်း ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီး မေးမြန်းသမျှ ဖြေကြားရ၏ ။ ဆရာတော်ဘုရားကြီးကား အရှင်ဥက္ကဋ္ဌက ကဲ့သို့သော စွယ်စုံတိုက်စစ်မှူး တစ်ဦးကို ရရှိတော့မည်ဖြစ်၍ ဝမ်းသာရွှင်ပြနေလေသည်။ အရှင်မဟာနန္ဒသည် ဝါဒပြိုင်ပွဲ စာချုပ်မူရင်းကို ကူးယူလိုက်ပြီး အိပ်ရာသို့ ဝင်ခဲ့သည်။

## အရှင်မဟာနန္ဒ၏ ကြိုးပမ်းချက် --

နောက်တစ်နှစ်နံနက် စောစောတွင် အရှင်မဟာနန္ဒသည် ဂိုဏ်းချုပ် ဆရာတော်ဘုရားကြီးအား ကန်တော့ခဲ့ပြီး ဝက်မြေတောရွာသို့ ထွက်ခဲ့သည်။ ဝက်မြေတောကျောင်းတွင် ဆွမ်းစားပြီးနောက် လှည်းဖြင့် တည်တွတ်လမ်းခွဲသို့ သွားသည်။ ပြည်မြို့မှ ထွက်လာသော တောင်တွင်းကြီးသွား ခရီးသည်တင် ဘတ်စ်ကားကို စီးပြီး တောင်တွင်းကြီးမြို့သို့ တိုက်ရိုက်ပင် ထွက်ခဲ့သည်။ အာလံ(ယခုအောင်လံ)မြို့ရှိ မိမိ၏ကျောင်းသို့ပင် မဝင်တော့ပေ ၊ ဆရာတော် အရှင်ဥက္ကဋ္ဌနှင့် တွေ့ဆုံရန်မှာ အဓိက ဖြစ်နေသည်။ အရှင်ဥက္ကဋ္ဌသည် ဗုဒ္ဓသာသနာတော်အတွက် ဟောပြောပွဲဆိုလျှင် မည်သည့်အခါမှ မငြင်း နေရာမရွေး လိုက်လေ့ရှိကြောင်း အရှင်မဟာနန္ဒ သိပြီးဖြစ်ပါ၏ ။ သို့သော် နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်း၌ ရှိ/မရှိ မိမိမသိ ၊ ဆရာတော်သည် ကျောင်းပိတ်ရက်တွင် အခြားမြို့ရွာများက ပင့်ဖိတ်လျှင် ကြွသွားလေ့ရှိသည်။

ယနေ့ပင် ကဆုန်လဆန်း (၅)ရက်နေ့ဖြစ်နေပြီ ၊ပြိုင်ပွဲရက်မှာ ကဆုန်လဆန်း(၁၂) ရက်ဖြစ်နေသဖြင့် (၇)ရက်တာမျှသာ အချိန်ရှိတော့သည်။ အကယ်၍ တောင်တွင်းကြီးမြို့တွင် ဆရာတော် မရှိလျှင် ဆရာတော်ကြွရာ မြို့သို့ ဖြစ်သည့်နည်းဖြင့် လိုက်၍ ပင့်ရဦးမည်။ (၇)ရင်အတွင်းဆိုလျှင် အချိန်မှီနိုင်ပါသေး၏ ။ သည်ထက် ရက်နည်းလျှင်တော့ မှီဖို့မလွယ် ၊ မမှီလျှင် စာချုပ်အရ ဗုဒ္ဓဘာသာဘက်က အလိုလို ရှုံးပေတော့မည် ။ သည်နေ့ တောင်တွင်းကြီးကို ရောက်မှဖြစ်မည် ။ ဤအတွေးဖြင့် တိုက်ရိုက်လာခဲ့ရာ ညနေ(၃)နာရီတွင် တောင်တွင်းကြီးမြို့၊ နေရှင်နယ်ကျောင်းသို့ ရောက်ရှိပြီး ဆရာတော်နှင့်အဆင်သင့်ပင် တွေ့ဆုံရာ ဝမ်းမြောက်မှုမှာ အတိုင်းအဆမရှိပင် ဖြစ်ရပါသည်။

## တိုက်ပွဲအတွက် လက်နက်စုပြီ

ဆရာတော်အရှင်ဥက္ကဋ္ဌသည် ဒကာတစ်ဦးနှင့် ဗုဒ္ဓဝါဒရေးရာကို ဆွေးနွေးနေရာ အရှင်မဟာနန္ဒသည် ဆရာတော်အား ရှိခိုးဦးချပြီးနောက် ဝင်ရောက်နားထောင်နေ၏ ။ ဆရာတော်နှင့် အရှင်မဟာနန္ဒတို့၏ ဆက်ဆံရေးမှာ ဆရာတပည့် သီတင်းသုံးဖော် အပေါင်းအသင်း ဆက်ဆံရေးဖြစ်၏ ။ တစ်ဦးနှင့်တစ်ဦး အကြားတွင် ဘာအဟန့်အတား အဆင့်အတန်း အားနာစရာဟူ၍ မရှိ ၊ အရှင်မဟာနန္ဒကလည်း ဆရာတော် အကြောင်းကို သိပြီးဖြစ်သည်။ ဗုဒ္ဓဝါဒနှင့် အမျိုးသားရေးမှတစ်ပါး အခြားအရာကို ဆရာတော်အရှင်ဥက္ကဋ္ဌ မငဲ့ညာမှန်းလဲ သိပြီးဖြစ်၍ ဆွေးနွေးခန်းပြီးအောင် ထိုင်၍ နားထောင်နေသည်။

ဆွေးနွေးခန်းပြီးသောအခါတွင်မှာ ကျောက်ကွင်းအရေးတော်ပုံ၏ အကြောင်းကို အသေးစိတ်လျှောက်ထား၍ မိမိကူးယူလာသော စာချုပ်ကို ဆက်ကပ်လေသည်။ ဆရာတော်သည် စာချုပ်ကို သေချာစွာဖတ်ရှုပြီးနောက် နာယကဆရာတော် အရှင်ဇဝနကို အခေါ်ခိုင်း၍ အကျိုးအကြောင်း ပြောပြသည်။ ဆရာတော်အရှင်ဇဝနကမှတစ်ဖန် ဆရာဦးကိုကိုကြီးနှင့်

ဆရာတော် ဦးကွန့်တို့ကို ခေါ်ခိုင်းလိုက်ရာ ၊မကြာမီရောက်လာကြသည်။ စာပြဆရာ ဦးပဇင်းများလည်း ရောက်လာကြသည်။ ထိုအထဲတွင် ခရစ်ယာန်မှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာခဲ့သီ အင်္ဂလိပ်ကပြာ အရှင်အရိယဓမ္မလည်း ပါဝေလေသည်။

ဆရာတော်သည် မိမိ၏အခန်းတွင်း၌ အသစ်ရှိနေသော သမ္မာကျမ်းစာမူဟောင်းမူသစ်များ သမ္မာကျမ်းစာအဖွင့်ကျမ်းများ ဘာသာရေးဝေဖန်ထားသည့် မဂ္ဂဇင်းများနှင့် ယုဒသန်ဘာသာပြန် သမ္မာကျမ်းစာများကို ထုတ်ပေး၍ မည်သည့်ကျမ်း မည်သည့်အခန်းက မည်သည့်စာပိုဒ်ကို ကူးဟု ညွှန်ကြားပေးသည်။ ကျမ်းအမည် စာပိုဒ်ရေ စာမျက်နှာ စာကြောင်းရေတိုပကိုလည်း အောက်ဘက်တွင် အတိအကျ ရေးကူးခိုင်းသည်။ ဆရာတော်ကိုယ်တိုင် တေးမှတ်ထားပြီးသော စာအုပ်များဖြစ်၍ ရှာဖွေသူများ ၊သိပ်ပြီးမပင်ပမ်းလှပါ။

## ဒီလူမျိုးနှင့်တွေ့ချင်တာ

အင်္ဂလိပ်ဘာသာစာကို ဆရာဦးကိုကိုကြီးနှင့် အရှင်အရိယဓမ္မတို့က ရေးကူး၍ မြန်မာဘာသာစာကို ဆရာကြီးဦးကွန့်က ရေးကူးသည် ။ အရှင်မဟာနန္ဒသည် ဆရာတော်အရှင်ဉက္ကဌ ညွှန်ကြားနေသမျှကို ဘာတစ်ခုမျှ ဝင်ရောက်ပြောဆို ဝေဖန်ခြင်းမပြုဘဲ၊ ဝမ်းသာသော မျက်နှာထားဖြင့် ကြည့်နေသည်။ ဆရာတော်၏ အရည်အချင်းကို သိပြီးဖြစ်သည်။ အကြွင်းမဲ့ ယုံကြည့်ထားပြီးဖြစ်သည်။ ခရစ်ယာန်ဘာသာစာပေတို့ကိုသာ ရေးကူးခိုင်းခြင်းသည်၊ အကြောင်းရှိ၍သာ ဖြစ်မည် ၊ ဖွတ်မြီး ဖွတ်ချည်သည့် သဘောပေလား။ မိမိဉာဏ်မမှီနိုင် ပိဋကတ်ကျမ်းများကား ဆရာတော်ဦးနောက်တွင် ရေးကူးပြီးဖြစ်လိမ့်မည် ၊ သို့သော် အရှင်မဟာနန္ဒက စကားတစ်ခွန်းတော့ ဆရာတော်အား လျှောက်ထးလိုက်သည်။

``ရစ်ယာန်ဘက်က ပထမကြီးတန်း ပထမကျော်တန်းအောင်ထားတဲ့ ဘုန်းကြီးလူထွက် သင်းအုပ်ဆရာကြီးတွေ ဓမ္မဆရာကြီးတွေပါတယ်တဲ့ ဆရာတော်... အဲဒါတော့ ဆရာတော်ကြိုတင်သိထားအောင် လျှောက်ထားတာပါ။ ´´

``အဲဒါ သာပြီးကောင်းတာပေ့ါ ကိုယ်တော်´´ ´´မှန်ပါ....အမိန့်ရှိပါဆရာတော် ´´

`` ပါဠိမတတ်တဲ့ ခရစ်ယာန်ကျမ်းသက်သက်ကိုသာ တတ်တဲ့လူမျိုးနဲ့ ယှဉ်ပြိုင်ပြောလို့ တပည့်တော်တို့ ကနိုင်ဦးတော့ ၊ ပါဠိမတတ်လို့ ခံလိုရတယ်ဆိုတာမျိုး ဖြစ်နေဦးမယ်။ တပည့်တော်ကလည်း အဲဒီဘုန်းကြီးလူထွက် ခရစ်ယာန်မျိုးနှင့် တွေ့ချင်ဆုံချင်နေတာ အတော်ပဲကိုယ်တော် ´´။ ``ဘာဖြစ်လို့လည်းဆရာတော်´´

အဲဒီလိုလူမျိုးတွေက ဥဩလည်းမဟုတ် ၊ ကြီးကန်းလည်းမဟုတ်တဲ့ (အောက်ကလိအာ)ဆိုတဲ့ လူမျိုးတွေ ပိဋကတ်ကို ကုန်စင်အောင် နိက်နိက်ချွတ်ချွတ် တတ်မြောက်ထားတာလည်း မဟုတဘူး။ ။ လေ့လာထားတာလည်း မဟုတ်ဘူး ၊ ပါဠိတတ်တာနဲ့ ပိဋကပ်ကျမ်းစာ အနည်းအကျဉ်း သင်ဖူးတာကို သူတို့ကို သူတို့ ပိဋကတ်ပါရဂူလို့ ထင်နေကြတာ။ ပထမကြီး ပထမကျော်အောင်တာကို အဟုတ်ကြီးမှတ်နေကြတာ ၊ အကြီးမားဆုံးချွက်က ဝေဖန်ဆန်းစစ်မှု မရှိကြဘူး။ အဲဒီလို ဉာဏ်မျိုးလည်း မရှိကြဘူး ။ဇိနတ္ထ ပကာသနီလောက် တထာဂတ ဥဒါန ဒီပနီလောက်ကို အပြစ်ပြောနိုင်တာကို ဟုတ်လှပြီထင်နေကြတာ။ ဗုဒ္ဓဝါဒ အစစ်အမှန်ကို သူတို့နား မလည်ကြပါဘူး ဒီအထဲ အဆိုးဆုံးတစ်ခု ရှိသေးတယ် ´´၊ ``မှန်ပါ ဘယ်ဟာပါလည်းဘုရား´´

``ကိုယ့်ယုံကြည်ချက်ကို ငွေကြေးနဲ့ အခွင့်အရေးနဲ့ လဲလည်ရောင်းစားပစ်လိုက်တဲ့ အချက်ပေါ့ကိုယ်တော် ၊ တပည့်တော်တို့ ပါဠိစာပေမှာ (ဥဒရဟေတု)ဝမ်းရေးဟူသော အကြောင်းကြောင့် ခရစ်ယာန်ဘက် ပြောင်းသွားတဲ့လူတွေ ကိုယ်တော်....ခရစ်ယာန်ကလည်း အပေးအကမ်း

အချိုးမြောက် အလွန်ရက်ရောတယ်မဟုတ်လား… ဒီကြားထဲ ထိုခရစ်ယာန်အင်္ဂလိပ်အစိုးရကလည်း နောက်ခံရှိနေလေတော့ အခွင့်အာဏာပါ ရှိနေကြတာပေါ့ ။ ရာထူးနှင့် မြှားပြီးဆွယ်လို့ ခရစ်ယာန်ဖြစ်သွားကြတာ တစ်ပုံကြီးပဲ တပည့်တော်တို့ရဲ့ တောင်ခွင်သာသနာပိုင် ဆရာတော်ကြီးရဲ့ တူတစ်ယောက်ဆိုရင် ရာထူးကြီးရတာနဲ့ ခရစ်ယာန်ဘက်ဝင်သွားတယ်။ ဟော.. သူ့သားတွေ အင်္ဂလန်ပြန်ဘွဲ့တွေ ဘာတွေနဲ့ …..အခုရန်ကုန်တက္ကသိုလ်မှာ ပါမောက္ခတောင် ဖြစ်နေတယ်။ ဒါကြောင့် တပည့်တော်က အဲဒီလို ဗုဒ္ဓဘာသာကို စွန့်ပြီး ခရစ်ယာန်ဘက်ဝင်သွားလူ များများပါစေချင်နေတာ ။ ပြောရတာလည်း အားနာစရာမလိုဘူး။ မခက်ပါဘူးကိုယ်တော်…. သူတို့ကအိန္ဒိယမှာ တပည့်တော်တွေဆုံကြုံကြိုက်ခဲ့ရတဲ့ ခရစ်ယာန်ပါရဂူ ကြီးတွေလောက်မတောပါဘူး။ အဲဒီလူတွေကိုယ်တောင် အနိုင်ကြဲနိုင်ခဲ့သေးတာပဲဟာ ။

တပည့်တော်ကတော့ ဆရာတော်ကို ယုံကြည့်ပြီးသားပါဘုရား ..´´။

ထိုနေ့ညက ဒုတိယကျောင်းအုပ် နာယကဆရာတော် အရှင်ဇဝနဆရာတော်၏ စီစဉ်ပေးချက်အရ နေရှငနယ်ကျောင်းအပေါ်ထပ်တွင် အုပ်ချုပ်ရေးအဖွဲ့ဝင် ရဟန်းတော်များ ဆရာများ ကိုရင်ကြီးများ ကျောင်းသားကြီးများဖြင့် စည်ကားနေသည်။ အရှင်မဟာနန္ဒက ရောက်လာကြသူများအား ကျောက်ကွင်းဝါဒပြိုင်ပွဲအကြောင်းကို အသေးစိတ်ပြန်လည် ပြောပြနေရ သည်။ အားလုံးမှာ ဆရာတော်ကိုယ်တိုင် ဦးဆောင်ပြောမည်ကို သိရသောအခါ အလွန်အားတက်၍ ကျေနပ်နှစ်သက်နေကြသည်။

ဆရာကြီး ဦးကွန့် ၊ ဆရာဦးကိုကိုကြီးနှင့် အရှင်အရိယဓမ္မတို့သည် ဆရာတော်ညွှန်ကြားသည့် စာများကို ခေါင်းစဉ်တွဲ၍ ရေးကူးနေကြသည်။

ဆရာတော်ကမူ အရှင်ဇဝနအမှူးပြုသော နာယက ဆရာတော်များနှင့် သွားလာရေး ကိစ္စရပ်များကို ဆွေးနွေးတိုင်ပင်နေလေသည်။ ဝါဒပြိုင်ပွဲသို့ လိုက်ချင်သူက များနေသည်၊ သွားလာ ရေး စရိတ်စကနှင့် တည်းခိုနေထိုင်ရေး အဆင်ပြေနိုင်ရန်အတွက် အကျဉ်းရုံးရန် ဆုံးဖြတ်ပြီး ငါးဦးသာ လိုက်ပါရန် အတည်ပြုလိုက်ကြသည်။ အဖွဲ့ခေါင်းဆောင်မှာ ဆရာတော်အရှင်ဥက္ကဌ အတွင်းရေးမှူးမှာ ဆရာဦးကိုကိုကြီးဖြစ်၍ ဆရာကြီး ဦးကွန့်က ဆရာတော်အားကူညီရန် ၊ အဖွဲ့ဝင် အဖြစ် အရှင်အရိယဓမ္မ (အင်္ဂလိပ်ကပြား) ၊ နှင့်အရှင်သုတတို့ လိုက်ပါကြရန် စုစုပေါင်းငါးဦးသာ သွားကြရန် အတည်ပြုလိုက်ကြသည်။

### ခရီးအစီအစဉ်

ထို့နောက် အရှင်မဟာနန္ဒနှင့် ညှိနှိုင်းတိုင်ပင်ပြီး ကြွရောက်မည့် အစီအစဉ်ကို အောက်ပါ အတိုင်းရေးဆွဲ သတ်မှတ်ကြသည်။

- ဧပြီလ (၂၈)ရက်နေ့ နံနက်တွင် တောင်တွင်းကြီးမှ ထွက်၍ အောင်လံသို့ နေ့ဆွမ်းစားချိန်မှီရောက် အရှင်မဟာနန္ဒ၏ ဗုဒ္ဓသာသနာပြု ကျောင်းတွင် ထိုနေ့၌ ရပ်နားရန်။
- ဧပြီလ (၂၉)ရက်နေ့ နေ့ဆွမ်းစားပြီး အောင်လံမှထွက် ၊ ဝက်ထီးကန်သို့ ညနေရောက် ဝက်မြေတောကျောင်းတွင် ထိုည ရပ်နားရန်။
- ဧပြီလ(၃၀)ရက်နေ့ (ကဆုန်လဆန်း ၁၁ ရက်)ကြာသပတေးနေ့ ၊ နံနက်စောစော ဝက်ထီးကန် ဝက်မြေတောကျောင်းမှ ထွက် အလိုတော်ရဂိုဏ်း
- ချုပ်ဆရာတော်ကြီး၏ ကျောင်းသို့ ခေတ္တဝင်ရောက်၍ ဂါရဝပြု ဝတ်ဖြည့်ပြီး(၈)

- နာရီခွဲခန့်တွင် ပြန်ထွက်၍ ကျောက်ကွင်းရွာဝါဒပြိုင်ပွဲ မဏ္ဍပ်ကြီးသို့ နေ့ဆွမ်းစားချိန်မှီအရောက် ထိုနေ့တွင် မဏ္ဍပ်ကြီး၌ ရပ်နား ။
- မေလ(၁)ရက်နေ့ ဝါဒယှဉ်ပြိုင်ပွဲရက် ထိုမဏ္ဍပ်ကြီးမှာပင် ကျင်းပမည့် ယှဉ်ပြိုင်ဟောပြောပွဲကြီးသို့ တက်ရောက်ရန် အစီအစဉ်တို့ကို စနစ်တကျ ရေးဆွဲ၍ အတည်ပြုလိုက်ကြလေသည်။

အရှင်မဟာနန္ဒကလည်း မိမိ၏ ခရီးစဉ်ကို ဤသို့ ရေးဆွဲသည်။

-နောက်တစ်နေ့ ကဆုန်လဆန်း(၆)ရက်နေ့ ၊ နံနက်ဆွမ်းစားပြီးတောင်တွင်းကြီးမှ ထွက် အာလံမြို့ မိမိကျောင်းသို့ ခေတ္တဝင်၊ပြန်ထွက်၍ ညနေဝက်ထီးကန် အရောက်သွားရန် ။

-ကဆုန်လဆန်း(၇)ရက်၊ ဧပြီလ (၂၆)ရက်၊ နေ့ဆွမ်းအမှီ အလိုတော်ရကျောင်းအရောက်သွား ပြီး ဂိုဏ်းချုပ်ကြီးအား လျှောက်ထားရန်၊ ပြီးလျှင် ကျောက်ကွင်းသို့ ဆက်ကြွသွား၍ သူကြီးနှင့်ဗုဒ္ဓဘာသာဝင်လူကြီးများအား အကြောင်းစုံပြောပြပြီး ဆရာတော်တို့ ကြွရောက်လာမည့် ရက်၌ ပြုလုပ်ရမည့် အစီအစဉ်များကို မှာကြားပြောဆိုပြီး ၊ အလိုတော်ရကျောင်းသို့ ပြန်လာရန်၊ ထိုနေ့ည အလိုတော်ရဂိုဏ်း သံဃာများနှင့်ဆွေးနွေးရန်။

- ဧပြီလ (၂၇)ရက်နေ့ ၊နံနက် ဝက်ထီးကန်သို့ ပြန်ကူးရန်။ ဝက်ထီးကန်၌ နေ့ဆွမ်းစားပြီး ညနေဘက် အာလံ အရောက်ပြန်ရန်။

- ဧပြီလ(၂၈)ရက်နေ့တွင် ဆရာတော်တို့အဖွဲ့ အာလံမှ စောင့်ကြိုရန် ။ ။

## ဗုဒ္ဓသာသနာတော်အတွက် အသက်စွန့်ရဲသူ

အရှင်မဟာနန္ဒ၏ ခရီးစဉ်ကား လွန်းပြန်ခရီးစဉ်ဖြစ်၍ အလွန်ပင်ပမ်း ခရီးကြမ်းလှပါသည်၊ သို့သော် အရှင်မဟာနန္ဒကား ဗုဒ္ဓသာသနာတော်ကို အလွန်ချစ်မြတ်နိုးသည့် ဗုဒ္ဓသာသနာပြုကျောင်း (အာလံ) ကျောင်းအုပ်ဆရာတော်ဖြစ်၍ ပင်ပမ်းသည်ဟုပင် မထင်ပေ။ ဆရာတော်အရှင်ဥက္ကဋ္ဌကို ကိုယ်တိုင်တွေ့ရပြီး ဆရာတော်ကိုယ်တိုင် ဦးဆောင်ဟောပြောမည်ဟူသော ကတိကို ရရှိသဖြင့် အလွန်ကျေနပ် ဝမ်းသာနေသည်။ ခရီးကြမ်းပါစေ ၊ ပင်ပမ်းပါစေ၊ ဗုဒ္ဓသာသနာတော်အတွက် အသက်သေချင်သေပါစေ ။ ဟုပင် ဆုံးဖြတ်ထားပြီးဖြစ်၏ ။

နောက်တစ်နေ့ နံနက်တွင် အရှင်မဟာနန္ဒသည် မိမိရေးဆွဲထားသော ခရီးစဉ်အတိုင်း တောင်တွင်းကြီးမြို့မှာ ထွက်ခဲ့၍ အလိုတော်ရကျောင်းသို့ အရောက်သွားပြီး ဆရာတော်ဘုရားကြီးအား အကြောင်းစုံ လျှောက်ထားသည် ။ ဆရာတော်ဘုရားကြီး၏ ဝမ်းမြောက်မှုကား ဆိုဘွယ်ရာ မရှိပြီ ၊ ထိုနောက် ကျောက်ကွင်းရွာသို့ ထွက်ခဲ့ပြီး ဦးလှောင်နှင့် ဗုဒ္ဓဘာသာဝင်လူကြီးများအား အကြောင်းစုံကို ပြောကြားသည်။ ဗုဒ္ဓဘာသာဝင်လူကြီးများ၏ ဝမ်းသာမှုမှာလည်း အတိုင်းအတာမရှိပြီ ၊ ထိုနောက် အလိုတော်ရကျောင်းတွင် ကျိန်းစက်ပြီး အာလံသို့ ပြန်၍ ဆရာတော်တို့အဖွဲ့ကို စောင့်မျှော်နေခဲ့သည် ။

အရှင်မဟာနန္ဒ ပြန်ကြွသည့်နေ့တွင် နေရှင်နယ်ကျောင်းသို့ နတ်မီးတောရဆရာတော် ဦးကလျာဏ၊ ညီမ ။ ကောင်းမှုကျောင်းဆရာတော်ဦးကေလာသနှင့် ဆရာတော်အချို့ သတင်းကြား၍ လာရောက်မေးမြန်းကြသည်။ ဆရာတော်အရှင်ဥက္ကဋ္ဌက အကြောင်းစုံကို ပြောပြရာ မိမိတို့လည်းလိုက်မည်ဟု ပြောကြသည်။ ဆရာတော်က မိမိအား အရှင်မဟာနန္ဒက အလိုတော်ရဂိုဏ်းသံဃာများက ထောက်ပံ့လိုက်သည့် ငွေကျပ် ငါးဆယ်ကို ခရီးစရိတ်အဖြစ် ပေးပါကြောင်း မိမိတို့ငါးဦးတည်းသာ သွားမည်ဟု ဆုံးဖြတ်ထားသဖြင့် စရိတ် ငါးကျပ်ကိုသာ မိမိလက်ခံ ယူလိုက်ကြောင်း တည်းခိုရေးစသည်အတွက် ဝန်မတက်စေလိုသဖြင့် ငါးဦးတည်း

သာ သွားမည်ဟု ဆုံးဖြတ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။ နတ်မှီဆရာတော် ဦးကလျာဏ က မိမိစရိတ်ဖြင့် လိုက်မည် လက်ခံပါဟု အတင်းအကြပ် တောင်းဆိုသဖြင့် လက်ခံလိုက်ရလေ သည်။

ထိုနေ့ တစ်နေ့လုံး ဆရာတော်နှင့် အရှင်အရိယဓမ္မ ဆရာကြီး ဦးကွန့် ဆရာဦးကိုကို ကြီးတို့မှာ ခရစ်ယာန်ဘာသာနှင့်ပတ်သက်သည့် မှတ်စုမှတ်တမ်းများကို ရေးကူးရင်း အလုပ် ရှုပ်နေကြသည် ။ ထိုအချိန်တွင် ဆရာတော်အရှင်ဥက္ကဋ္ဌအား ရှုတ်ချခဲ့ကြ ၊ ကြဉ်ပယ်ခဲ့ကြသော နေရှင်နယ်ကျောင်းတွင် မိမိတို့၏ သားသမီးများကို ကျောင်းထားလျှင် ထားသည့်ဒကာ ဒကာမ တို့အား သပိတ်မှောက်မည်ဟု ခြိမ်းခြောက်ရဲသည့် သတ္တိထူး ရှိတော်မူကြသော တောင်တွင်း ကြီး မြို့မှ သာသနာ့အာဇာနည် ဆရာတော်တို့ကား တုတ်တုတ်မျှ မလုပ်ကြ ၊ သတင်းကြားသိ သော်လည်း မသိဟန်ဆောင်နေကြသည်။ ချီးကျူးကြည်ညိုဖွယ် သာသနာ့အာဇာနည်သူရဲ ကောင်းကြီးတို့ပေတည်း။

## ဗုဒ္ဓသာသနာအဖွဲ့ ခရီးထွက်ပြီ

ဧပြီလ(၂၈)ရက်နေ့တွင် ဆရာတော်အရှင်ဥက္ကဋ္ဌ ခေါင်းဆောင်သော အဖွဲ့ဝင်(၆)ဦးပါ ဝင်သည့် ဗုဒ္ဓဘာသာအဖွဲ့သည် မည်သည့်အခမ်းအနား အဆောင်အယောင်မျှ မပါဘဲ စာအုပ် တစ်ထုတ်နှင့် လွယ်အိတ်ကိုယ်စီ လွယ်လျက် ခရီးသည်တင် ဘတ်စ်ကားဖြင့်ပင် တောင်တွင်း ကြီးမြို့မှ အာလံမြို့သို့ စတင် ခရီးထွက်ခဲ့ကြသည်။ နံနက်(၉)နာရီတွင် အာလံသို့ ရောက်ရှိရာ၊ ကားဂိတ်တွင် အရှင်မဟာနန္ဒနှင့် ရဟန်း သုံးလေးပါး၊ ကျောင်းသား သုံးလေးဦးတို့ ကြိုဆိုနေ ကြသည်ကို တွေ့ကြလေသည် ။ ထိုနေ့တွင် အာလံမြို့။ ဗုဒ္ဓသာသနာပြုကျောင်း အရှင်မဟာ နန္ဒထံတွင် ရပ်နားကြသည်။ ထိုအချိန်က ဆရာတော် အရှင်ဥက္ကဋ္ဌသည် ဘားမားဂျာနယ်။ တိုး တက်ရေး မဂ္ဂဇင်းတို့တွင် အမျိုးသားရေးနှင့်၊ ဘာသာရေးဆောင်းပါးများကို ရေးနေရာ။ အာလံ မြို့မှာ စာပေလိုက်စားသူတို့က ကြားဖူးနေကြသည်။ ။ ဆရာတော်ရောက်လာကြောင်း ကြား သိရသောအခါ လာရောက်ဖူးမျှော်ပြီး မေးမြန်းလျှောက်ထားကြရာ ။ ဆရာတော်ကလည်း ပြန် လည်ဖြေကြားလေသည်။

## မြဝတီလူထွက်ကြီး ဆရာအုန်း

တစ်ချိန်က တရားပွဲများဖြင့် အုတ်အုတ်ကျက်ကျက် စည်ကားကျော်ကြားခဲ့သော စစ်ကိုင်းတောင်ရိုးတွင် သီတင်းသုံးသည့် နိုင်ငံကျော် ဓမ္မကထိက။ ဝိပဿနာနည်းပြ ,မြဝတီ ဆရာတော်ဟူသော ဆရာတော်တစ်ပါး ပေါ်ပေါက်ခဲ့ဖူးသည်။ ။ ထိုဆရာတော်သည် လူထွက် ပြီးသည့် နောက်ပိုင်း အာလံမြို့တွင်၍ လာရောက်၍ အခြေချနေထိုင်သည်။ ။ အမည်ကား ဆရာကြီး ဦးအုန်း။ ။ ထိုဆရာကြီးသည် ဆရာတော်အရှင်မဟာနန္ဒနှင့် ရင်းနှီးကျွမ်းဝင်၍ ကျောက်ကွင်းဝါဒ ပြိုင်ပွဲအကြောင်းကို အလုံးစုံ သိရှိပြီးဖြစ်သည်။ ။ သူသည်လည်း ဗုဒ္ဓသာသ နာကို ချစ်မြတ်နိုးသူတစ်ဦး ဖြစ်၍ ၊ ဗုဒ္ဓဘာသာဘက်က နိုင်စေချင်သည်။ ပိဋကတ်စာပေ တတ်ကျွမ်းသူဖြစ်၍ ပိဋကတ်စာပေတစ်ချို့တွင် ချို့ယွင်းချက်များ ရှိနေသည်ကိုလည်း မကျေ နပ်သူ ဖြစ်သည်။ ဤချို့ယွင်းချက်များကို ထောက်ပြ၍ ၊ ခရစ်ယာန်တို့က အနိုင်ယူသွားမည် ကိုလည်း စိုးရိမ်သည်။

ထို့ကြောင့် ဆရာတော်အရှင်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးပြီး ပြိုင်ပွဲအတွက် ကြိုတင် လေ့ကျင့်ရန် ဆုံးဖြတ်ပြီး ဆရာတော်ထံသို့ ရောက်လာခဲ့သည်။

## တိုက်ပွဲလေ့ကျင့်ခန်း

ဆရာတော်နှင့် အလ္လာပ သလ္လာပ အနည်းငယ်ပြောကြားပြီးနောက်၊ ဆရာကြီးဦးအုန်းက ပိဋကတ်တော်များအကြောင်းကို စတင်ဆွေးနွေးသည်။ ဆရာတော်ကလည်း ပြန်လည်ဆွေးနွေးသည် ``ဆရာတော် အခုသွားပြီး ယှဉ်ပြိုင်ဟောပြောရမယ့် ကိစ္စက အတော်မလွယ်ဘူး ထင်တယ်ဘုရား။ တစ်ဖက်ကလည်း ပိဋကတ်စာပေတတ်ကျွမ်းတဲ့ ဘုန်းကြီးလူထွက်ကြီးတွေ ပါတယ်ဆိုတာကိုး ။ တပည့်တော် စောစောက လျှောက်ထားခဲ့သလို ပိဋကတ်တော်ထဲမှာ ရှေ့ - နောက်မညီညွတ်တာတွေ ။ အစပ်အဟပ်မတဲ့တာတွေက ကွက်ကြားကွက်ကြားပါနေတာဘုရား။ အဲဒါတွေဟာ ဘုရားဟောတွေပဲဆိုပြီး သူတို့က ထောက်ပြဝေဖန်ရင် ဆရာတော်ကဘယ်လို ခေပမလဲဘုရား´´ ။ ``အဲဒီလိုဆိုတော့လည်း.. ဖွတ်မြီးနှင့် ဖွတ်ချည် ဆိုတာမျိုးလို သူဝေဖန်တဲ့ မေးတဲ့အထဲကပဲ အဖြေပြန်ရှာပြီး ချေပရမှာပေါ့ ဒကာကြီးရယ်´´။ ``သိပ်ပြီးမလွယ်ဘူးထင်တယ် ဆရာတော် ´´၊ ``ဒါကကိုယ်လက်ခံယုံကြည်ဖို့မှ မဟုတ်တာဘဲဟာ။ ပြေလည်အောင် ရှင်းပြရမယ့်သဘော သက်သက်ဆိုတော့ အဲဒီ ပိဋကတ်စာပေတွေကိုပဲ ပြန်ပြီးခံတပ် လုပ်ရမှာပေါ့ ဒကာကြီးရယ်´´။ ``ဒါဖြင့်ရင်....ဒီလို့လုပ်ဘုရား၊ တပည့်တော်က ခရစ်ယာန်ဘက်ကနေပြီး ပိဋကတ်တော်နဲ့ တရားတော်တွေကို ဝေဖန်မယ်၊ အဲဒါဆရာတော်က သူ့ဟာနဲ့သူပြေအောင် ပြန်ပြီး ချေပကြည့်စမ်းပါ ဆရာတော် ။ တိုက်ပွဲအတွက် လေ့ကျင့်ခန်းမျိုးပေါ့ဘုရား။ ဘယ့်နယ်လည်း ဆရာတော်´´။

``သိပ်ကောင်းတာပေါ့ ဒကာအုန်းရာ၊ ဒါမှ ဦးပဇင်းလည်း ဟိုမှာ တကယ်ဝေဖန်ချေပတဲ့အခါ တက်နည်း ၊ဆုတ်နည်း၊ ကွေ့နည်း ၊ဝိုက်နည်း ၊ တိုက်နည်းတွေ အကျင့်ရတာပေါ့ ´´၊ ``ပွဲမဝင်ခင် ပြင်ကကျင်းပဆိုသလို ၊ ဇာတ်တိုက်ကြည့်တဲ့ သဘောပေါ့ ဆရာတော်´´၊ ``လုပ်လေ၊ ကဲ.......ကြာတယ် စလေဗျာ ဒကာအုန်း ´´။

ဤတွင်ဆရာအုန်းသည် ပိဋကတ်တွင် တွေ့ရှိရသော ပျော့ကွက်ဟာကွက်များကို စတင်ထိုးနက်၍ တိုက်ခိုက်ဝေဖန်လေတော့သည်။ ဆရာတော်ကလည်း အညံ့မခံဘဲ ပြန်လှန်၍ ခုခံချေပသည်။ ဆရာကြီးဦးအုန်းသည် ပိဋကတ်စာပေကို နိက်နိက်ချွတ်ချွတ် လေ့လာထားသူဖြစ်သည်။ စာမှတ်မဟုတ်ဘဲ ၊ တကယ့်စာတတ်ဖြစ်သည်။ မြဝတီဆရာတော်ဘဝ မြန်မာနိုင်ငံ တစ်နံတစ်လျား တရားပွဲကြီးများကိုပင် အောင်မြင်စွာ ဟောပြောခဲ့သူဖြစ်၍ စကားလည်းတတ်လှသည်။ အပြောလည်း ကောင်းးလှသည်။ အနယနယ်အရပ်ရပ်တွင် ရဟန်း/ရှင်လူမျိုးစုံနဲ့ တွေ့ထိခဲ့ရ၍ မေးခွန်းပေါင်းစုံနှင့်လည်း ရင်ဆိုင်ခဲ့ရဖူးသူဖြစ်သည်။

ဆရာတော်နှင့် ဆရာကြီး ဦးအုန်းတို့၏ ပိဋကတ်တိုက်ပွဲကား သူရဲကောင်းနှစ်ဦး စီးချင်းထိုးသည့်ပွဲနှင့်ပင် တူတော့သည်။ တစ်ဦးက တင်လိုက်၊ တစ်ဦးကချေပလိုက်။ အထောက်အထားအကိုးအကားများ ပြလိုက်နှင့် ပါဠိတော် ၊ အဋ္ဌကထာ ၊ ဋီကာ ၊အနုမဓု ယောဇနာ ၊ ဂဏ္ဌိစုံတကာစိ ပြည့်ဝလှဘိသည်။ ဘေးမှနားထောင်နေသည့် ပရိသတ်တွင် အသက်မရှူနိုင်အောင်ဖြစ်ရသည်။ ယခုခေတ်ကဲ့သို့ ရီကော်ဒါ ကက်ဆက်တို့ ပေါ်ပေါက်သည့် အခါသာ ဖြစ်ခဲ့လျှင် အသံဖမ်းထားလိုက်ပါက ဗုဒ္ဓသာသနာအတွက် အလွန်အကျိုးရှိမည့် ပိဋကတ်စစ်တမ်းကြီးကို ရရှိပေလိမ့်မည်။ ဆရာအုန်းမှာလည်း ပြောရင်းပြောရင်း စိတ်ပါလာကာ၊ မရပ်မနား ၊ ဒလစပ်တိုက်ခိုက်ဝေဖန်နေရာ နေ့လည်မှသည် ညနေ ထမင်းစားချိန်တိုင်အောင် ကြာမြင့်လာခဲ့ရာ အိမ်သို့ပင် မပြန်တော့ချေ ။ အရှင်မဟာနန္ဒ ဝယ်ကျွေးသည့် ခေါက်ဆွဲကျော် စားချိန်လောက်သာ အနားယူလေသည်။

ညနေစာ စားပြီးနောက် ဆက်လက်၍ ဆွေးနွေးဝေဖန်ပြန်သည်။ ည (၁၂)နာရီအချိန်ရောက်သော်မှ နံနက်ဆက်ရမည့် ခရီးအတွက် နတ်မှီဆရာတော် ဦးကလျာဏက သတိပေးတော့မှ ပင် ဆရာအုန်းမှာ မချင့်မရဲနှင့် အဆုံးသတ်ရပ်လိုက်ရသည်။

``တပည့်တော် ခုလို ဝေဖန်တာကို ဆရာတော်က မဆိုင်းမတွ သွက်သွက်လက်လက်နှင့် အထောက်အထား ခိုင်ခိုင်လုံလုံနဲ့ ချေပနိုင်တာကို ကြားရတော့ ...အဲ....ဟိုပွဲမှာ ဆရာတော်နိုင်ပြီလို့ တပည့်တော်ကျိန်းသေ ပြောရဲတယ်ဘုရား။ ဆရာတော်နိုင်မှာ သေချာပါတယ်။ ဟိုဘုန်းကြီးလူထွက် ခရစ်ယာန်တွေဟာ တပည့်တော်အခုလို ဝေဖန်သလောက် မဝေဖန်နိုင်ပါဘူး ။ တပည့်တော်တော့ အရှင်ဘုရားနဲ့ ဗုဒ္ဓဘာသာအတွက် စိတ်ချပြီဘုရား၊ အခုမှပဲ ရင်အေးရတော့တယ်။ ဝမ်းသာလှပါတယ်ဘုရား´´။ ဟုပြောရင်း ဆရာတော်အား ဦးကုန်းချ၍ ကန်တော့လေသည်။

## အလိုတော်ရရွာသို့

ဧပြီလ (၂၉)ရက်နေ့တွင် ဆရာတော်အရှင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် မြဝတီဆရာကြီး ဦးအုန်းပို့လှူသည့် ဆွမ်းကို အရှင်မဟာနန္ဒ၏ ဗုဒ္ဓသာသနာပြုကျောင်းတွင်ပင် ဘုဉ်းပေးပြီး နေ့လည် (၁၂)နာရီတွင် အာလံမှ ထွက်ခဲ့သည်။ အရှင်မဟာနန္ဒလည်း လိုက်ပါလာခဲ့သည်။ ဝက်ထီးကန်သို့ ညနေအချိန်ရောက်သည် ၊ ဝက်မြေတောကျောင်းတွင် စတည်းချကြသည်။ ဝက်မြေတောကျောင်းတွင် အလိုတော်ရဂိုဏ်းဝင် သံဃာအပါး(၃၀)ခန့် ရောက်ရှိနေကြသည်။ ဝက်ထီးကန်မြို့တွင်းမှာ ဒကာ/ဒကာမများလည်း ရောက်ရှိလာကြသည်။ ဆရာတော်သည် ရဟန်းရှင်/လူ/ပရိသတ်တို့အား ခရစ်ယာန်ဘာသာပေါ်ပေါက်လာပုံ သမ္မာကျမ်းစာများအကြောင်းနှင့် ဂိုဏ်းကွဲပုံတို့ကို အကျဉ်းချုပ်၍ ဟောပြောသည်။

နောက်တစ်နေ့ ဧပြီလ(၃၀)ရက် ၊နံနက်(၅)နာရီအချိန်လောက်တွင် အလိုတော်ရဂိုဏ်းဝင် ဆရာတော်များ တစ်ကျောင်းလျှင် လှည်းတစ်စီးကျစီနှင့် လာရောက်ကြိုဆိုကြရာ လှည်းအစီးပေါင်းတစ်ရာကျော်ရှိသည ၊ နေမထွက်မီပင် ဆရာတော်အရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ စီးနင်းလိုက်ပါသော လှည်းကို ရှေ့ဆုံးမှထား၍ သံဃာတော်များ စီးသည့် လှည်းအစီးတစ်ရာကျော်လှည်းတန်းကြီးသည် ဝက်ထီးမြို့တွင်းမှ ဖြတ်၍ အလိုတော်ရရွာဘက်သို့ ဦးတည်မောင်းနှင်လာရာ တစ်မြို့လုံး အုံးအုံးကျွက်ကျွက် ထွက်၍ ကြည့်ကြသည်။ ကားဂိတ်တွင် ကော်ဇောခင်းထားသော လှည်းအစီးသုံးဆယ်ခန့်ကို တွေ့ကြရသည်။ ပြည်မြို့မှ ခရီးဆက်လာမည့် ခရစ်ယာန်ဓမ္မဆရာအဖွဲ့ကို ကြိုဆိုရန် စောင့်ဆိုင်းနေသည့် ဦးရွှေအောင် ခေါင်းဆောင်သည့် ခရစ်ယာန်တို့၏ လှည်းအုပ်စုဖြစ်လေသည်။

နံနက်(၆)နာရီခန့်တွင် အလိုတော်ရ ဂိုဏ်းချုပ်ကြီး၏ ကျောင်းသို့ ဆရာတော်အရှင်ဥက္ကဋ္ဌတို့အဖွဲ့ ရောက်ရှိကြ၍ ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီးအား ရှိခိုးဝတ်ပြုကြလေသည်။ ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီး၏ ဝမ်းမြောက်မှုကား အတိုင်းအတာမရှိပင် ဖြစ်တော့သည်။ ဆရာတော်အရှင်ဥက္ကဋ္ဌ၏ ပုခုံးပေါ်လက်တင်၍ နင့်လိုဖွယ် သာရဏီယ ကထာများကို မြွက်ကြားနေလေသည်။

## ဝါဒပြိုင်ပွဲ မဏ္ဍပ်သို့

ထို့နောက်ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီး ဦးဆောင်သော လှည်းတန်းကြီးသည် ကျောက်ကွင်းရွာ ဝါဒပြိုင်ပွဲ မဏ္ဍပ်ဆီသို့ ဦးတည်ထွက်ခွာလာကြသည်။ နံက် (၉)ကျော်တွင်

ရောက်ရှိပြီး မဏ္ဍပ်ကြီးအတွင်းရှိ ဗုဒ္ဓဘာသာဘက်သံဃာစဉ်ပေါ်တွင် ဒကာများက ပင့်ဆောင်နေရာချထားပေးကြသည်။ ဗုဒ္ဓဘာသာဝင်များ အထူးပင် ရွှင်လန်းဝမ်းမြောက်နေကြသည်။ ရွာသူကြီး ဦးလှောင်နှင့် ဗုဒ္ဓဘာသာဝင်စိတ်အေးရပေသည်။ ဦးလှောင်၏ နမများဖြစ်ကြသည့် ဒေါ်အေး၊ ဒေါ်ခတို့ ခေါင်းဆောင်၍ သံဃာတော်များအတွက် ဆွမ်းကွမ်းဝေယျာဝစ္စကို ချွေးတစ်လုံးလုံးနှင့် စီမံချက်ပြုတ်နေကြသည်။ သူတို့ကား ဗုဒ္ဓသာသနာတော်အတွက်မို့ ပင်ပမ်းသည်ဟုမထင်။ ရွှင်ပျဝမ်းသာစွာ အားတက်သရော လုပ်ကိုင်နေကြသည်။ သံဃာတော်များကိုမြင်ရသည့်အပြင် သာသနာ့အာဇာနည်ဘွဲ့ထူး ချီလောက်သည့် တောင်တွင်း ဆရာတော်အရှင်ဥက္ကဋ္ဌကိုယ်တိုင် ဝါဒပြိုင်ပွဲ ဆင်နွှဲမည်ဟု ကြားသိရသောကြောင့် အားတက်နေကြသည်။ ဗုဒ္ဓသာသနာအတွက် အသက်ပင် သေစေတော့ဟူသော စိတ်ဓါတ်ဖြင့် အပင်ပမ်းခံ၍ လုပ်ကိုင်ဆောင်ရွက်နေကြခြင်းဖြစ်သည်။

ဆရာတော်များ ဆွမ်းဘုဉ်းပေးပြီးအချိန်တွင် ဗုဒ္ဓဘာသာဝင် ဒကာအချို့ရောက်လာကြ၍ ခရစ်ယာန်ခေါင်းဆောင်ဆရာများက ဟောပြောပွဲအတွက် ညှိနှိုင်းဆွေးနွေးလိုကြောင်း လျှောက်ထားသည်။ ထို့နောက် ကျောက်ကွင်းရွာ မှာ ဓမ္မဆရာဦးရွှေအောင်ရေးသားသော ဗုဒ္ဓဘာသာစစ်တမ်းဟူသော စာအုပ်ကလေးကို ဆက်ကပ်ကြသည်။

ထိုနေ့ညနေဘက်တွင် ခရစ်ယာန်ဓမ္မဆရာခေါင်းဆောင်များ လာရောက်၍ ဆရာတော်ကို နှုတ်ဆက်သည် ။ သူတို့သည် သာယာဝတီ ဦးဥေယျကို တွေ့ရမည်ဟု ထင်မှတ်ထားကြရာ ယခုမူ တောင်တွင်းဆရာတော် အရှင်ဥက္ကဋ္ဌကို တွေ့ကြရသောအခါ အလွန်ပင် အံ့အားသင့်နေကြလေသည်။ သို့သော် သူတို့သည် တိုးတက်ရေး မဂ္ဂဇင်းတွင် ဆရာတော်၏ ဆောင်းပါးများကို ဖတ်ဖူးကြသည်။ လူချင်းတစ်ကြိမ်မျှပင် မတွေ့ဖူးကြပေ။

စကားအနည်းငယ်ပြောဆိုကြပြီးနောက် ဟောပြောပွဲအတွက် သဘောတူညီချက်များ ရေးဆွဲရန် လျှောက်ထားရာ ဆရာတော်အရှင်ဥက္ကဋ္ဌက ခရစ်ယာန်ခေါင်းဆောင်များ ကြိုက်နှစ်သက်သလို ရေးဆွဲရန် လွှဲအပ်လိုက်သည်၊ ခရစ်ယာန်ခေါင်းဆောင်တို့က အောက်ပါစည်းမျဉ်းများကို ရေးဆွဲတင်ပြကြသည်။

ဟောပြောပွဲ လိုက်နာရာစည်းမျဉ်း

(၁) နံနက်(၇)နာရီတွင် ယှဉ်ပြိုင်ဟောပြောပွဲကို စတင်ဖွင့်လှစ်ရန်။

(၂) သဘာပတိအဖြစ် ခရစ်ယာန်တို့ဘက်မှတစ်ဦး ဗုဒ္ဓဘာသာဘက်မှတစ်ဦး ၊ နှစ်ဦးတင်ရန်။

(၃) (၇)နာရီမှ (၇း၁၅)နာရီအထိ ခရစ်ယာန်သဘာပတိက မိန့်ခွန်းပြောရန် (၁၅)မိနစ်။

(၄) (၇း၁၅) မှ (၇း၃၀)အထိ ဗုဒ္ဓဘာသာဝင် သဘာပတိက မိန့်ခွန်းပြောရန်(၁၅)မိနစ်။

(၅) (၇း၃၀)မှ (၈း၁၅)မိနစ်အထိ ခရစ်ယာန်တို့ဘက်မှ ဗုဒ္ဓဘာသာကို ဝေဖန်ဟောပြောရန်။ (၄၅)မိနစ်။

(၆) (၈း၁၅)မှ (၉)အထိ ဗုဒ္ဓဘာသာဘက်မှ ခရစ်ယာန်ဘာသာကို ဝေဖန်ဟောပြောရန်။

(၇) (၉)နာရီမှ(၁၂)နာရီအထိ ဟောပြောပွဲကြီးကို ရပ်နားထားရန်။

(၈) နေ့လည်(၁၂)နာရီတွင်ဟောပြောပွဲကို ပြန်လည်ဖွင့်လှစ်ရန်။

(၉) (၁၂)နာရီမှ နေ့ (၂)နာရီအထိ ဗုဒ္ဓဘာသာဘက်မှ ဝေဖန်ဟောပြောရန်အချိန်(၂)နာရီ။

(၁၀) နေ့(၂)နာရီမှ ညနေ(၄)နာရီအထိ ခရစ်ယာန်ဘက်မှ ဝေဖန်ဟောပြောရန် ။ ။

(၁၁) ညနေ(၄)နာရီတွင် နှစ်ဘက်သော သဘာပတိများ လက်မှတ်ရေးထိုးထားသော ဟောပြောပွဲ ရုပ်သိမ်းစာကို ဖတ်၍ ဟောပြောပွဲကြီးပြီးဆုံးကြောင်းကြေညာရန်။

ဆရာတော်အရှင်ဥက္ကဋ္ဌက သဘောတူလက်ခံ၍ လက်မှတ်ရေးထိုးပေးလိုက်သည်။ ညနေဘက်တွင် ပြည် ၊ ပေါင်းတည် ၊ ရွှေတောင်စသည့် အရပ်ဒေသများမှ သံဃာတော်အချို့ လှည်းများနှင့် ရောက်လာကြသည်။ ထိုအထဲတွင် တောင်ငူမြို့၊လောကုတ္တရာသိမ်ကုန်းဆရာတော် အရှင်ကုဏ္ဍလလည်း ပါလာလေသည်။

အလိုတော်ရဂိုဏ်းသံဃာတော်များနှင့် ဂိုဏ်းချုပ်ဆရာတော်ကြီးကပါ သဘောတူနှစ်သက်ကြသဖြင့် ဟောပြောပွဲကြီးတွင် ဗုဒ္ဓဘာသာဝင်တို့ဘက်မှ သဘာပတိ လုပ်ရန် တောင်ငူ ဆရာတော်အားရွေးချယ်လိုက်ကြသည်။ ဆရာတော်အရှင်ဥက္ကဋ္ဌသည် နက်ဖြန်ပွဲ သဘာပတိမိန့်ခွန်း (၁၅)မိနစ် စာကို လောကုတ္တရာဆရာတော်နှင့် တိုင်ပင်ဆွေးနွေး၍ အစီအစဉ်ပြုလုပ်နေကြသည်။

မဏ္ဍပ်ကြီး၏ ပတ်ဝန်းကျင် ခပ်လှမ်းလှမ်းတွင်ကား နက်ဖြန်ပွဲကြီးအတွက် ရောင်းချရန် စားသောက်ဆိုင်များ၊ လဘက်ရည်ဆိုင်များ ၊ဈေးဆိုင်များဖြင့် စည်ကားနေလေသည်။ ခရစ်ယာန်ဆရာကြီးများကလည်း ဓမ္မဆရာဦးရွှေအောင်၏ နေအိမ်တွင် ဗုဒ္ဓဘာသာကို ဆော်နက်ရန် ဗုဒ္ဓဝင်နှင့် ဗုဒ္ဓကျမ်းစာ အချို့မှ အချက်အလက်များကို စုပေါင်းတိုင်ပင်၍ ရှာဖွေထုတ်နှုတ် မှတ်သားချက်များကို ရေးကူးနေကြသည်။ အထူးသဖြင့် ``လောကမျက်မှန်´´ စာစောင်တွင် ပါရှိသော ဆရာတော်ဦးဥေယျ၏ ရေးသားချက်များကို အဓိကထား၍ ထိုးနက်ကြရန် မှတ်သားနေကြသည်။ အရှင်ဥက္ကဋ္ဌသည် ဦးဥေယျကဲ့သို့ ပြောဆိုလိမ့်မည်ဟု ယူဆနေကြပြန်ရှိသည်။ ဤအတိုင်းဆိုလျှင် သူတို့ဘက်က နိုင်ဘို့သေချာပြီ။ ဤသို့ တွက်ဆ၍ ပြောနေရာ ခရစ်ယာန်ပရိသတ်နေမှာ အလွန်တက်ကြွနေကြလေသည်။

အရှင်ဥက္ကဋ္ဌ၏ အကြောင်းနှင့် အရည်အချင်းတို့ကို တိတိကျကျ မသိရှိကြဘဲ အထင်အမြင်သေးနေခြင်းသည် သူတို့အဖို့ နောက်တစ်နေ့တွင် မဟာအမှားကြီးဖြစ်ကြောင်း တွေ့မြင်ကြရပေတော့မည်။

## ဝါဒပြိုင်ပွဲကြီး

ဤနေ့ကား မြန်မာနိုင်ငံ ဗုဒ္ဓသာသနာသမိုင်းတွင် မွန်ကွန်းတင်ရမည့်နေ့ဖြစ်သည်။ ခရစ်ယာန်တို့၏ ဖန်ရှင်းဆင် ကာ္လသရ နိမ္မာနဝါဒနှင့် ဗုဒ္ဓမြတ်စွာ၏ အနတ္တဝါဒတို့ ယှဉ်ပြိုင်ကြမည့်နေ့ကြီး ဖြစ်သည်။ ထောင်သောင်းမကသော ပရိသတ်ကြီး၏ ရှေ့မှောက်တွင် တရားဝင် ယှဉ်ပြိုင်ဟောပြောကြခြင်းဖြစ်၏ ။ တစ်ဘက်နှင့်တစ်ဘက် ပဋိပက္ခ မဖြစ်ကြဘဲ ပျော်ပျော်ပါးပါးကြီး ယှဉ်ပြိုင်ဟောပြောကြရာ ဤပြိုင်ပွဲမျိုးကား မြန်မာနိုင်ငံသမိုင်းတွင် တစ်ကြိမ်တည်းသာ ပေါ်ပေါက်ခဲ့ဖူးသည့် ပထမနှင့်နောက်ဆုံး ယှဉ်ပြိုင်ဟောပြောပွဲကြီးဖြစ်သည်။

### ပရိသတ် တစ်သောင်းကျော်

ထိုနေ့ အရုဏ်တက်ချိန်မှစ၍ ကျောက်ကွင်းရွာ ပတ်ဝန်းကျင်ရှိ ရွာများမှ ကျောက်ကွင်း မဏ္ဍပ်ကြီးဆီသို့ ဦးတည်၍ လာနေကြသော လှည်းသံ ။ လူသံ တို့မှာ ဆူညံ၍ နေကြသည်။ဝက်ထီးကန်မြို့မှ ခြေလျင် လာကြသော လူတန်းကြီးမှာလည်း အဆက်မပြတ် ဖြစ်နေကြသည်။ နံနက်(၅)နာရီခွဲ အချိန်တွင် မဏ္ဍပ်ကြီးတစ်လုံး ပြည့်သွားလေသည်။ နောက်ထပ်ရောက်လာကြသောလှည်းများနှင့် လူများမှာ မဏ္ဍပ်အပြင်ဘက် ပတ်ဝန်းကျင်တွင် နေရာယူကြရသည်။ အချို့မှာ ထိုင်ဖို့ပင် နေရာမရ၍ မတ်တပ်ရပ်နေကြရလေသည်။ ရွှေတောင်၊ ပြည်၊ပေါင်းတည်၊ ပေါင်းတလည်၊ ပေါက်ခေါင်း ၊ မြန်အောင်၊ ဟင်္သာတ စသောရပ်ဝေးဒေသမှ လူများပါ လာရောက်ကြသဖြင့် ပရိသတ်တစ်သောင်းကျော်ရှိမည်ဟု ခန့်မှန်းရလေသည်။

သံဃာစဉ်ပေါ်တွင်လည်း အာဂန္တုက ရဟန်းများနှင့် အလိုတော်ရဂိုဏ်းဝင် သံဃာတော်များပါ နောက်ထပ် ရောက်ရှိလာကြသဖြင့် စုစုပေါင်း သံဃာတော် နှစ်ရာကျော်ဖြစ်သွားသည်။ ရန်ကုန်မှ ညွှန်ကြားချက်အရ ပြည်မြို့မှ ရာဇဝတ်ဝန်ကြီး ဦးကြင် တရားသူကြီးနှင့် ပုလိပ်များသည် လာရောက်၍ စောင့်ရှောင့်ပေးနေကြသည်။ မဏ္ဍပ်အနီးတွင်ယာယီစခန်းဖွင့်၍ အရာရှိများကပါ စောင့်ရှောက်ပေးနေကြသည်။

## ပြိုင်ပွဲကြီးစပြီ

(၇)နာရီထိုးရန် ငါးမိနစ်အလိုတွင် ခရစ်ယာန်ခေါင်းဆောင်များက သံဃာစဉ်၏အရှေ့မဏ္ဍပ်အတွင်း မြေပြင်ပေါ်၌ စီတန်းခင်းထားသော ကုလားထိုင်များပေါ်သို့ သွားရောက်ပြီး စီ၍ ထိုင်နေကြသည်။ ဗုဒ္ဓဘာသာအဖွဲ့ဝင်များကလည်း မြောက်ဘက်ခြမ်းရှိ သံဃာစဉ်ရှေ့ မြေပေါ်တွင် တန်းစီခင်းထားသည့် ကုလားထိုင်များပေါ်သို့ သွားရောက်ထိုင်ကြသည် ၊ သဘာပတိများအတွက် နေရာကို နှစ်ဘက်ခေါင်းဆောင်များ၏ အတန်းအလယ်တွင် စားပွဲတစ်လုံးချ၍ စားပွဲ၏ တစ်ဘက်တစ်ချက်တွင် ကုလားထိုင်တစ်လုံးစီ ချထားလေသည်။

သဘာပတိများ၏ စားပွဲရှေ့တွင် ခုံမြင့်တစ်ခု ချထား၍ ခုံမြင့်၏ရှေ့တွင် စာပွဲတစ်လုံးရှိသည် စားပွဲပေါ်တွင် ရေချိုက် ၊ ဖလ်ခွက်နှင့် စားပွဲတင်နာရီတစ်လုံးကို တင်ထားသည် သဘာပတိ၏ စားပွဲပေါ်တွင်လည်း ရေချိုက်နှင့်နာရီတစ်လုံးစီ ရှိသည်။

(၇)နာရီတိတိအချိန်တွင် ခရစ်ယာန်သဘာပတိ ဦးရွှေမှန်နှင့် ဗုဒ္ဓဘာသာသဘာပတိ ဆရာတော်ဦးကုဏ္ဍလတို့သည် သဘာပတိများနေရာသို့ ကြွရောက်လာကြပြီး နေရာယူထိုင်ကြသည်။ ဦးရွှေမှန်က ဝါဒယှဉ်ပြိုင်ဟောပြောပွဲဖွင့်လှစ်ကြောင်းကြေညာ၍ သဘာပတိမိန့်ခွန်းကို စတင်ပြောကြားသည်။

## ဦးရွှေမှန်သဘာပတိမိန့်ခွန်း

ကြွရောက်လာကြတဲ့ ဆရာတော်သံဃာတော်များနှင့် ပရိသတ်အပေါင်းတို့ခင်ဗျား။ အားလုံးဟာ ဒီနေ့ဒီနေရာမှာ ဘုရားသခင်အလိုတော်အရ လာရောက်စုဝေးနေကြရပါသည်။ အများသိကြတဲ့အတိုင်း ဒီပွဲဟာ ဗုဒ္ဓဘာသာနှင့်ခရစ်ယာန်ဘာသာ ဘယ်ဟာက ကောင်းတယ် ၊ မှန်တယ်၊ ဆိုတာကို ယှဉ်ပြိုင်ဟောပြောကြမှာဖြစ်ပါတယ် ၊ အဲဒီလို ဟောပြောတဲ့အခါမှာ တစ်ဘက်ဘာသာက တစ်ဘက်ဘာသာရဲ့ ချို့ယွင်းချက်ကို ထုတ်ဖေါ်ပြီး ပြောရပါလိမ့်မည် ၊ ဝေဖန်ရပါလိမ့်မည်။ တစ်ဘက်နှင့်တစ်ဘက် အနိုင်ပြောကြရမှာဆိုတော့ တစ်ခါတစ်ရံပြင်းထန်တာ ပါခြင် ပါသွားပါလိမ့်မယ်။ အဲဒါကို ကြိုတင်ပြီး သိထားပါမှ နားထောင်တဲ့ ပရိသတ်က ခွင့်လွှတ်နိုင်ကြမှာပါ။ နှစ်ဘက်ဟောပြောမယ့် ပုဂ္ဂိုလ်များကလည်း ယဉ်ယဉ်ကျေးကျေး ပြောကြပါလိမ့်မယ်။ တစ်ဦးနှင့်တစ်ဦးမုန်းတီးနေကြတဲ့သူတွေ မဟုတ်တဲ့အတွက် ပုဂ္ဂိုလ်ရေး ပုတ်ခတ်ကြမှာမဟုတ်ပါဘူး။ ဝါဒရေး၊ ဘာသာရေးများကိုသာ ပြောကြမှာပါ။ အထူးသဖြင့် ခရစ်ယာန် ပရိသတ်များကို ပြောလိုပါတယ်။ ခရစ်တော်ဟာ အလွန်ယဉ်ကျေးသိမ့်ပြီးတော့ သူရဲ့တရားတော်ဟာ သူ့ကို ကားစင်တင်ပြီး သတ်တဲ့သူတွေကို တောင်မှ ခွင့်လွှတ်တော်မူခဲ့ပါတယ်။ အဲဒီရှေရှုခရစ်တော်ရဲ့ ဖြစ်ရပ်ကို စံနမူနာထားပြီး ယဉ်ကျေးကြပါ။ သီးခံကြပါ၊ မခံချင်စိတ်၊ ဒေါသစိတ်မထားကြပါနဲ့။ ဒါမှလည်း ခရစ်ယာန်ကောင်း ပီသပါတယ်။ တစ်ဘက်ပုဂ္ဂိုလ်က ဟောတာကို ဗုဒ္ဓဘာသာဝင်ရော၊ ခရစ်ယာန်ဘာသာဝင်တွေကပါ

အေးအေးဆေးဆေး လေးလေးစားစား နားထောင်ကြဖို့ မေတ္တာရပ်ခံပါတယ် ၊ ထာဝရဘုရားနှင့် ရေရှုခရစ်တော်၏ မေတ္တာသည် အားလုံးအပေါ် လွှမ်းခြုံကြရောက်ပါစေ။ စသည်ဖြင့် ဦးရွှေမှန်က သဘာပတိမိန့်ခွန်း ပြောကြားသည်။

## ဦးကုဏ္ဍလ၏ သဘာပတိမိန့်ခွန်း

အလိုတော်ရဂိုဏ်းချုပ်ဆရာတော်ဘုရားကြီးနှင့် သံဃာတော်အရှင်မြတ်များ ဗုဒ္ဓဘာသာဝင် ဒကာ/ဒကာမများနှင့် ခရစ်ယာန်ဘာသာဝင် ဒကာ/ဒကာမအပေါင်းတို့ ........

ဦးပဇင်းတို့ရဲ့ ဗုဒ္ဓမြတ်စွာဘုရားဟာ မိမိအားကိုးကွယ်သည်ဖြစ်စေ ၊ မကိုးကွယ်သည်ဖြစ်စေ၊ မိမိညွှန်ပြဟောပြောသော တရားဒေသနာကို လိုက်နာကျင့်သုံးသည်ဖြစ်စေ၊ မကျင့်သုံးသည်ဖြစ်စေ လူမျိုးမရွေး ဆူကြဲနိမ့်မြင့်မရွေး အားလုံးသော သတ္တဝါများအပေါ် မဟာကရုဏာတော်ကို ထားတော်မူပါတယ်။ အားလုံးကို သားတော်အရင်း ၊ ရာဟုလာနဲ့မခြား တတန်းတစားတည်း ထားပြီး တပြေးညီ သဘောထားပြီး ဒုက္ခမှ လွတ်မြောက်ရာ၊ လွတ်မြောက်ကြောင်း တရားဒေသနာများကို ဟောဖော်ညွှန်၍ သြဝါဒပေးတော်မူခဲ့ပါတယ်။ ကိုယ်တော်တိုင်လည်း မြင့်မြတ်စင်ကြယ်တဲ့အကျင့် စာရိတ္တရှိပြီးတော့ သတ္တဝါများကိုလည်း မြင့်မြတ်ကြီးမားသော မေတ္တာတရားထားတော်မူခဲ့ပါတယ်။ ကိုယ်တော်တိုင် သီးခံတော်မူတယ်၊ ခန္တီ ပရမံ တပေါ တိတိက္ခာ အစရှိသည်အားဖြင့် သည်းခံခြင်းဟာ အလွန်မွန်မြတ်တဲ့ အကျင့်ဖြစ်ကြောင်းဟောတော်မူခဲ့ပါတယ်။ ဖြဟ္မစိုရ်တရားလေးပါးမှာ မေတ္တာကို အဦးထားပြီး ဟောတော်မူခဲ့ပါတယ်။ ဗုဒ္ဓရဲ့တပည့်သားဖြစ်ကြတဲ့ ပုဂ္ဂိုလ်ဟာ သီးခံတတ်ရမယ်၊ မေတ္တာထားတတ်ရမယ်၊ စိတ်သဘောထား နူးညံ့သိမ်မွေ့ရတယ်။ ဖြဟ္မစိုရ်တရားလေးပါးနှင့် ခွင့်လွှတ်တတ်ရတယ်။ ခုနင်က ဆရာတော်ကြီး ဦးရွှေမှန်ပြောသလိုပေါ့လေ ။ ယှဉ်ပြိုင်ဟောပြောပွဲဆိုတော့ မိမိရဲ့ဘာသာအယူဝါဒ ကောင်းမွန်မှန်ကြောင်း အမွှန်းတင်ပြီးတော့ သူတစ်ပါးဘာသာရဲ့ ချို့ယွင်းချက်တွေကို ဝေဖန်ကြမှာမို့ ့ နှစ်ဘက်စလုံးက ဟောပြောတာကို သေသေချာချာနားထောင်ပြီးတော့ ယူသင့်ယူထိုက်တာ၊ ပယ်သင့်ပယ်ထိုက်တာတွေကို မိမိရဲ့ ကိုယ်ပိုင်အသိဉာဏ်နဲ့ စဉ်းစားဆုံးဖြတ်ပြီးမှ မိမိနှစ်သက်ရာကို ယူကြပါရန် အလေးအနက် မေတ္တာရပ်ခံလိုပါတယ် ဒကာ/ဒကာမအပေါင်းတို့ ........စသည်ဖြင့် မြွက်ကြားလေသည်။

ခရ စ်ယာန်ဓမ္မဆရာကြီး ဦးသာဒင်(မွန္တလေး) က စတင်ဟောပြောသည်။ ဦးသာဒင်သည် ဗုဒ္ဓဘာသာဘုန်းကြီးလူထွက်ဖြစ်၍ ပထမကြီးတန်း အောင်မြင်ခဲ့ပြီး ပါဠိစာပေကျွမ်းကျင်သည်ဟု နာမည်ကြီးသည်။ ဗုဒ္ဓဘာသာမှ ခရစ်ယာန်ဘာသာသို့ ကူးပြောင်းခဲ့ပြီး တရားဟောအလွန်ကောင်းသည်ဟု နာမည်ကျော်ကြားသူဖြစ်သည်။

သူက ဓမ္မကထိက ဆရာတော် ဦးဥေယျ ရေးသားခဲ့တဲ့ (လောကမျက်မှန်) အမည်ရှိစာအုပ်ကို စတင် တိုက်ခိုက်ပြောဟောသည်။ ခရစ်ယာန်ဘာသာကို နှိမ်နင်းရေးသားထားသော ထိုစာအုပ်ပါ အချက်အလက်များကို ချေပ၍ ရှင်းလင်းသည်။ မူလက ဦးဥေယျကိုယ်တိုင် ကြွရောက်၍ ဗုဒ္ဓဘာသာဘက်မှ ယှဉ်ပြိုင်မည်ဟု သတင်းကြီးနေရာ ခရစ်ယာန်ဓမ္မဆရာအုပ်စုသည် ဦးဥေယျ ရေးသည့် လောကမျက်မှန်ကို တိုက်ခိုက်ချေပရန် အကြောင်းအချက်များ ရှာဖွေစုဆောင်း စီစဉ်လာခဲ့ကြသည် ကို့တင်ပြင်ဆင်ခဲ့ကြသောကြောင့် ပိုင်ပိုင်နိုင်နိုင်လည်း ဟောပြောနိုင်ရာ ခရစ်ယာန် ချင်းပရိသတ်မှာ တပြုံးပြုံးနှင့်အားတက်ရွှင်ပျနေကြလေသည်။

## ဦးသာဒင်၏ တင်ပြချက်

``ဆရာတော်.... ဦးသာဒင် ဟောပုံဟာ လေးတယ်၊ ခရစ်ယာန်တရားဟောသံတွေ လုပ်နေတာနဲ့ အချိန်ဖြုန်းသလို ဖြစ်နေတယ်၊ အချက်အလက်စုစည်းပြီး ပြန်ချေပတာ ကွာဟာပြီး ဝေးနေတယ်ဘုရား´´ ဟူ၍ ဆရာတော်၏အနီးတွင် ရှိနေသော ဦးကိုကိုကြီးက ဆရာတော်အား တိုးတိုးလျှောက်ထားရာ ဆရာတော်က ဦးသာဒင်ဟောသမျှကို ရေးမှတ်နေရာမှ ပြုံးပြီးခေါင်းညိတ်လိုက်လေသည်။။

လောကမျက်မှန်စာအုပ်တွင် ပါသောအချက်အလက်များကို ချေပပြီးနောက် ဦးသာဒင်သည် `ဗုဒ္ဓဝင်´ ကို ဝေဖန်တိုက်ခိုက်လေသည်။ ဗုဒ္ဓဝင်ဟာ ဂေါတမရဲ့ဖြစ်စဉ်ကို ဖေါ်ပြတဲ့ကျမ်းပဲ၊ အဲဒီအခန်းမှာ ပါတာတွေဟာ ဘယ်လောက်ယုတ်တိကင်းမဲ့သလဲဆိုတာ စဉ်းစားကြည့်ကြပါ၊ ကျွန်တော်တင်ပြပါ့မယ်။ စထွက်ကတည်းက တုသိတာနတ်ပြည်မှာနေတဲ့ ဘုရားအလောင်းသေတကေတု နတ်သားကို တစ်ခြားနတ်ဗြဟ္မာတွေက လူ့ပြည်ဆင်းပြီး ဘုရားဖြစ်ဖို့ ပဋိသန္ဓေယူဖို့ တောင်းပန်မှ မယ်တော်မာယာရဲ့ ဗိုက်ထဲဝင်သတဲ့ဗျာ.. ဘုရားဖြစ်ရမယ့်သူက ဘာမှမသိရဘဲ၊ ဘုရားမဖြစ်မယ့်သူတွေက ပြောမှသိရသတဲ့လား၊ ပြီးတော့ ပဋိသန္ဓေယူတဲ့နေ့က ဝါဆိုလပြည့်နေ့ကြီးမှာတောင် မေထုနသံဝါသကိစ္စဆိုတဲ့ အဲ ဟိုကိစ္စကို ရှောင်ကြဉ်ကြဟန်မတူပါဘူး၊ စောင့်ထိန်းကြဟန်မရှိပါဘူး။ အဲဒါကိုကြည့်ရင် သုဒ္ဓေါဒနကပဲ လွန်သလား၊မယ်တော်မာယာကပဲလွန်သလား၊ ဒါမှမဟုတ် နှစ်ဦးလုံးအတူတူပဲလားတော့ မဆိုနိုင်ပါဘူး။ ဝါဆိုလပြည့်နေမှာ ပဋိသန္ဓေယူတယ်ဆိုတာကတော့ ထင်ရှားနေပါတယ်။ အဲဒါကို ကြည့်မယ်ဆိုရင် သူ့မိဘနှစ်ပါးရဲ့ အကျင့်အရ ဂေါတမဟာလည်း ပဋိသန္ဓေကစပြီး လူလွန်ဖြစ်ပါတယ်´´

``ခရစ်ယာန် ပရိသတ်များအားတက်သလောက် ဗုဒ္ဓဘာသာပရိသတ်များ မျက်နှာမကောင်းလှ ၊ ရဟန်းများမှာ မျက်နှာပျက်နေကြသည်။ ဆရာတော်အရှင်ဥက္ကဋ္ဌကား ပြုံး၍ ဦးသာဒင်ကိုကြည့်နေလေသည်။ ဦးသာဒင်က ဆက်ဟောပြန်သည်။

``ဘုရားအလောင်းရဲ့ ဖွားတော်ဖက် ခုနစ်ဦးတဲ့ဗျာ..အာ၊ ဖော၊ ကာ၊ ယ ၊ကံ ၊ ရွှေဆန် တဲ့။ ဖွားဘက်တော်တွေထဲမှာ ကဏ္ဍက ဆိုတဲ့မြင်း အဲ....တိရစ္ဆာန်လည်းပါတယ်၊ ဗောဓိပင် ဆိုတဲ့ သစ်ပင်လည်း ပါတယ်၊ သက်မဲ့ဖြစ်တဲ့ ရွှေအိုးကြီးလေးလုံးဆိုတာလည်း ပါလိုက်သေးတယ် ၊ ဘယ်လောက် ယုတ္တိကင်းမဲ့သလဲဗျာ... အာနန္ဒာဟာ ဖွားဖက်တော်တဲ့ ဖွားဖက်တော်ဆိုတာ တစ်နေ့တည်း တစ်ချိန်တည်း မွေးဖွားတာကို ခေါ်တာဗျ ၊ နောက်ပိုင်းကြတော့ ညီတော်အာနန္ဒာ တဲ့ဗျ... ဖွားဖက်တော်လည်း ဆိုသေး ညီတော်အာနန္ဒာလည်းဆိုသေး ဘယ်လောက်များကမောက်ကမ နိုင်သလဲဆိုတာ စဉ်းစားကြည့်ကြပါ ´´။

``ရွှေအိုးကြီးလေးလုံးဟာ ကပိလဝတ်ပြည့်က နန်းတော်ဝင်းအတွင်းမှပဲ ဖြစ်ပေါ်လာတယ်လို့ စာကဆိုထားတယ်။ အဲဒါလည်း စဉ်းစားကြည့်ကြပါဦး ... သင်္ခ မည်တဲ့ ရွှေအိုးကြီးက တစ်ဂါဝုတ်ပမာဏ ရှိသတဲ့ဗျ ၊ ဧဠ မည်တဲ့ ရွှေအိုးကြီးက ယူဇနာဝက်လောက်ရှိတယ်လို့ ဆိုတယ်။ ဥပ္ပလမည်တဲ့ ရွှေအိုးကြီးက သုံးဂါဝုတ်ပမာဏ ရှိသတဲ့ ၊ ပုဏ္ဍရိက အမည်ရှိတယ့် ရွှေအိုးကြီးက တစ်ယူဇနာရှိတယ်လို့ ဆိုတယ်။ စုစုပေါင်းနှစ်ယူဇနာခွဲ ရှိတယ်။ ခုခေတ်သုံး မိုင်နှင့်ဆိုလျှင်တစ်ယူဇနာဟာ ဆယ့်သုံးမိုင်ခွဲလောက်ရှိတယ်။ ဒီရွှေအိုးကြီးလေးလုံးအတိုင်းအတာပမာဏဟာ မိုင်သုံးဆယ်ကျော်ရှိနေပြီ ဤရွှေအိုးကြီးတွေ ပေါ်တယ်ဆိုတာ တကယ်ဟုတ်ရိုးမှန်ခဲ့ရင် ရှေးခေတ်က မသကာ လူဦးရေ ငါးသိန်းလောက်ရှိတဲ့ ကပိလဝတ်ပြည်ကလေးမှာ လူတွေတိုက်တာအိမ်တွေဟာ ဒီရွှေအိုးကြီးလေးလုံးပေါ်တာနှင့်ပဲ ပျက်စီးသွားစရာရှိပါတယ် ၊ အဲဒီလောက်အပြောကြီးကြီးနဲ့ ပလွှား ဝံ့ကြွားထားတဲ့ ဗုဒ္ဓဝင်ပါတဲ့ ဂေါတမဘုရားထင်ရာလျှောက်ပြီး ဟောထားတဲ့ တရားတွေကို စဉ်းစားဉာဏ်ရှိ

တဲ့ လူတွေက ယုံလို့ဖြစ်ပါ့မလား´´၊ ဦးသာဒင်က ပရိသတ်ကို မေးခွန်းထုတ်ရင်း အကဲခတ်ကြည့်လိုက်၏ ၊ ထို့နောက်ဆက်လက်၍ ပြောပြန်သည်။

``စိဥ္စမာန် ကိစ္စကိုလည်း ကြည့်ပါဦး ၊ သိကြားမင်းက စဥ္စမာန် ထမိန်အတွင်းဝင်ပြီး ကြွက်ယောင်ဆောင်ပြီး ကိုယ်တယ်လို့ဆိုထားတယ်၊ သိကြားတန်မဲ့ မိန်းမထမီအတွင်း ဝင်ရသတဲ့လားဗျာ... ထမီတွင်းဆိုတာဟာ သာမန်လူယောကျ်ားများ ဝင်ရင်တောင် ဘုံးကျက်သရေပျက်တယ်လို့ ၊ ဗုဒ္ဓဘာသာဝင်တွေက ယူဆထားတာနဲ့ တက်တက်စင် ကွာဟနေပါတယ်။ ဂေါတမရှေ့မှာ တရားနာနေတဲ့ ပရိသတ် ဗိုလ်ပုံ အလယ်မှာ မိန်းမတွေ အများကြီး ရှိနေနိုင်ပါလျှက်နဲ့ အဲဒီမိန်းမကြီးတွေက ဗိုက်ကိုတော့ ထမစမ်းပါပဲနဲ့ ဇရာမနတ်တို့ဘုရင် သိကြားမင်းက လာပြီးကိုယ်တိုင် ထမိန်ထဲ ဝင်ကိုက်ရတယ်ဆိုတာကလည်း ယုတ္တိမတန်ပါဘူးဗျာ..´´။

`` ပြီးတော့ နန္ဒော ပနန္ဒ နဂါးမင်း ချွတ်ခန်းဆိုတာ ကြည့်ပါဦး ၊ ဘုန်းတော်အနန္တ ဉာဏ်တော်အနန္တ ၊ တန်ခိုးတော်အနန္တဆိုတဲ့ ဂေါတမဟာ သူကိုယ်တိုင်တော့ နဂါးကို ရင်မဆိုင်ရဲဘဲနဲ့ တပည့်ဖြစ်တဲ့ အရှင်မောဂ္ဂလန်ကို နှိမ်နင်းခိုင်းရတာလဲ ၊ အရှင်မောဂ္ဂလန်က သူ့ထက်ပိုပြီး တန်ခိုးရှိရာကျမနေဘူးလား၊ အဝိဟိံသာ - သူတစ်ပါးကို မညှင်းဆဲရဘူးလို့ ၊ ဟောပြောနေတဲ့ ရှင်ဂေါတမဟာ ဘာကြောင့် နဂါးကို ညှင်းဆဲခိုင်းရသလဲ၊ သူတစ်ပါးကို ထိခိုက်နစ်နာအောင် မလုပ်ရတဲ့ ရဟန္တာ ရှင်မောဂ္ဂလန်ဟာ နဂါးကို ဘာကြောင့် မြင့်မိုရ်တောင်နှင့် ဖိညှပ်ပြီး နှိပ်စက်ရတာလဲ ၊ အဲဒီလို တန်ခိုးအင်မတန်ကြီးတဲ့ ရှင်မောဂ္ဂလန်ကို ဘာတန်ခိုးမှ မရှိတဲ့ ခိုးသားတွေက ရိုက်သတ်သတဲ့ဗျာ ...၊ တန်ခိုးတွေ ဘယ်ရောက်ကုန်သလဲ ၊ ဘယ်လောက်ယုတ္တိကင်းမဲ့သလဲ ၊ ရှေ့စကားနှင့် နောက်စကား မညီဘူးဆိုတာ တွေ့ကြပြီ မဟုတ်လား ´´။

ဦးသာဒင်သည် ပရိသတ်ကို မေးခွန်းထုတ်သလိုလုပ်၍ ဆက်လက်ပြီး ဝေဖန်တင်ပြပြန်လေသည်။ `` ဒီတန်ခိုးပြာဋိဟာ ကိစ္စပဲ ရှင်မောဂ္ဂလန်ပေါ့ဗျာ...ရှင်မောဂ္ဂလန်နဲ့ ရှင်ပိဏ္ဍောလတို့ စဏ္ဍကူး သပိတ်ရဖို့အတွက် တန်ခိုးပြကြတယ်တဲ့ ။ အဲဒါ ဂေါတမဘုရားက ကြားသိတော့ ရဟန်းတွေ တန်ခိုးမပြရ ၊ ပြလျှင် အာပတ်သက်စေ လို့ ပညတ်ပါသတဲ့ ၊ အဲဒီလို သူများတွေကို ပညတ်ပြီး သူကတော့ တိတ္ထိတွေနဲ့ ပြိုင်ပြီး ရေမီးအစုံ တန်ခိုးပြသတဲ့ဗျာ... အဲဒါဆို ဂေါတမဘုရားဟာ ငါပြောသလိုလုပ် ငါလုပ်သလိုမလုပ်နဲ့ ဆိုတဲ့ ဘုရားမျိုးဖြစ်မနေဘူးလား။ ခင်ဗျားတို့ပြောတော့ တထာဂတ (အပြောနှင့်အလုပ်ညီညွတ်တယ်) ဆို ၊ ခုနကအတိုင်းဆိုလျှင် မိတ်ဆွေတို့ရဲ့ ဘုရားကြီး ဂေါတမဟာ တထာဂတ ဘွဲ့နှင့် ထိုက်တန်ပါသလား´´

`` တာဝတိံသာ နတ်ပြည်ကို တက်တာ တန်ခိုးနဲ့တက်တယ်ကွာလို့ ဆိုရင် ဟုတ်ဟုတ်တုတ်တုတ် ရှိသေးရဲ့ ၊ အခုတော့ နစ်လမ်းသုံးဖဝါးနဲ့ တက်တယ်တဲ့ဗျ ၊ ပြန်ဆင်းမယ်ဆိုတော့ နတ်တွေက ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တစောင်းတန်းတွေ ဖန်ဆင်းပေးရသတဲ့ ၊ တန်ခိုးမရှိတော့ ပြန်ဆင်းဖို့ မရဲဘူးထင်ပါရဲ့ဗျာ...´´

`` အဲဒီအောင်ခြင်းရှစ်ပါးမှာပဲ သစ္စက ပုရပိုက်နှင့် ဝါဒပြိုင်ပွဲမှာ ဂေါတမဘုရားက မေးတာကို သစ္စကကြီးက မဖြေဘူးတဲ့ ...အဲဒါ သိကြားမင်းက ဘီလူးယောင်ဖန်ဆင်း၊ တင်းပုတ်ကြီးနဲ့ ချိန်ရွယ်ပြီး ခြိမ်းခြောက်တော့မှ သစ္စကကြီးက ဖြေသတဲ့ဗျာ.... အဲဒါ ယုတ္တိရှိပါသလား .. ဘုရားဖြစ်ပြီးတော့ သိကြားလောက်တောင် တန်ခိုးမရှိလို့ သိကြားကို အကူအညီတောင်းတာလား၊ သိကြားက လာပြီးကူညီရတာလား .......ခင်ဗျားတို့ ပြောပြောနေတဲ့ တန်ခိုးတော်အနန္တဆိုတာ ခင်ဗျားတို့ ဘုရားမှာ မရှိလို့သာ သိကြားက လာကူရတာပါလို့ ပြောရင် ကျွန်တော့ကို အလွန်လို့ဆိုမလား ´´...။

`` နောက်တစ်ခု ပရိနိဗ္ဗာန်ပြုခန်းမှာ ကြည့်ပါဦး ၊ ဝမ်းတော်လားလို့ အားကုန်နေတဲ့ အသက်ရှစ်ဆယ်အရွယ် ဂေါတမ ဘုရားဟာ ကုသိနာရုံ ရောက်အောင် ရှင်အာနန္ဒာက တွဲခေါ်ပြီး ခြေလျှင်သွားရတယ် ၊ ဘုရားရဲ့တန်ခိုးတွေ ဘယ်တွေရောက်ကုန်လို့ ခြေလျှင်သွားနေရတာလဲ....၊ တာဝတိံသာ နတ်ပြည်ကိုတောင် နှစ်လမ်းသုံးဖဝါးနှင့် အရောက် တန်ခိုးတော်နှင့် သွားနိုင်တယ်ဆို ဒီကုသိနာရုံ ကျကာမှ ကုန်းကြောင်း လျှောက်နေရသလား.....၊ ဘုရားကိုကြည်ညိုတယ်ဆိုတဲ့ နတ်တွေ တစ်ယောက်မှ မလာပါလား ၊ မကူညီပါလား၊ ဘယ်သွားနေကြသလဲ ၊ ကုသိနာရုံရောက်တော့မှ စကြာဝဠာ တစ်သောင်းက နတ်ဗြဟ္မာ အပေါင်းတို့ရောက်လာသတဲ့ ၊ သားမွေးတစ်ချောင်း လောက်နေရာမှာ နတ် (၁၆)ယောက်လောက် မြူမှုံလောက် ဖန်ဆင်းပြီး နေရသတဲ့ဗျာ... အဲဒါတွေ ဟာ ယုတ္တိ ရှိပါသလားဗျာ ....´´။

``စိတ္တိတံ ပတ္တသင်္ချေယံ နဝသင်္ချေယျ ဝါစကံ တဲ့ ဘုရားဖြစ်ခြင်လို့ စိတ်နဲ့ ကြံစည်တွေး တောနေရတာ ၊ ခုနစ်သင်္ချေကြာသတဲ့ ၊ နှုတ်က မြွက်ဆို ဆုတောင်းရတာကပဲ ကိုးသင်္ချေကြာသတဲ့ ဗျာ......၊ ပြီးတော့ ဘုရားတစ်ဆူက ဘုရားလောင်းတစ်ဦးကို ဗျာဒိတ်ပေးမှ ဘုရားဖြစ်သတဲ့ အဲဒါဆို ရင် ပထမဆုံးဘုရားကို ဘယ်သူက ဗျာဒိတ်ပေးသလဲဗျာ ....၊ ဖြေစမ်းပါဦး ၊ အဲဒါတွေ စဉ်းစားဖို့ မသင့်ပေဘူးလားဗျာ.......´´

`` နောက်တစ်ခါ ....ဝိပါက်တော် မကင်းသေးတဲ့ အတွက် ဒေဝဒတ်က ကျောက်မောင်း ဆင်ချတာ ခံရလို့ ခြေမတော် သွေးချေဉတယ်လို့ ဆိုထားတဲ့ အချက်လည်း ရှိပါသေးတယ်၊ ဝိပါက် တော်(၁၂)ပါးဆိုတာ ဘုရားဖြစ်ပြီးမှကို ခံရသေးသတဲ့။ အဲဒီအချက်ဟာ အလွန်စဉ်းစားဖို့ ကောင်းပါ တယ်ဗျာ ...... ´´

`` ဗုဒ္ဓဘာသာတရားရဲ့အနှစ်သာရဟာ ဗောဓိပက္ခိယတရား(၃၇)ပါးလို့ အဆိုရှိပါတယ် အဲဒီ (၃၇)ပါးထဲမှာ သမ္မပ္ပဓါန် လေးပါးဆိုတာ ပါပါတယ်။ လုံ့လအားထုတ်ကြိုးပမ်းရမယ့် ဝိရိယရဲ့ အင်္ဂါလေးပါးမှာ ဥပ္ပန္န အကုသိုလ် ၊ အနုပ္ပအကုသိုလ် ၊နှစ်ပါးနဲ့ ဥပ္ပန္နကုသိုလ် ၊အနုပ္ပန္နအကုသိုလ် နှစ်ပါးစီ ခွဲထားပါတယ်။ ဥပ္ပန္န အကုသိုလ်ဆိုတာ အတိတ်ကပြုလုပ်ခဲ့တဲ့ အကုသိုလ်ကို ပယ်စွန့်ရန် ကြိုးစားအားထုတ်ရခြင်း အလုပ်လို့ ၊ ဆိုထားပါလျှက်နှင့် ဘုရားဖြစ်ပါတယ်ဆိုတဲ့ ရှင်ဂေါတမဟာ ကိုယ်ဟောတဲ့တရားထဲက ဥပ္ပန္န အကုသိုလ်ကိစ္စကိုပင် ပြီးမြောက်အောင် မစွန့်ပယ်နိုင်သေးလို့သာ ဒေဝဒတ်ကျောက်ကမောင်းဆင်တဲ့ ဒါဏ်ခံရတာ ဖြစ်ကြောင်းထင်ရှားလှပါတယ်၊ ဘုရားဆိုပြီးတော့ ဒေဝဒတ် ကြိုတင်ကြံစည်တာကိုမှ မသိဘူးလားဗျာ.... ပြီးခဲ့တဲ့ အကုသိုလ်ဝဋ်ကို မှ ကုန်စင်အောင် ဥပ္ပန္န ကိစ္စ မလုပ်နိုင်သေးတဲ့ ဂေါတမဘုရားကို ဘုရားလို့ ဘယ်သူပြောနိုင်သလဲဗျာ .....´´။

ဤနေရာသို့ အရောက်တွင် ရဟန်းတော်များမှာ ခေါင်ငုတ်၍သာ နေရတော့သည်။ ခရစ် ယာန်ပရိသတ်များ အားတက်နေကြသည်။ ဗုဒ္ဓဘာသာပရိသတ်ကား တွေဝေနေသည့်ဟန် ၊ အမူအရာများ ပေါ်နေလေသည်။ ဦးသာဒင်ကိုယ်တိုင်လည်း အားတက်လာပြီး ပိဋကတ်ကျမ်းစာပါ အချက်အလက်တစ်ချို့ကို တိုက်ခိုက်ဝေဖန်သည် ၊ သို့သော် သူတင်ပြသော အချက်အလင့်အများ စုမှာ အာလံက မြဝတီဆရာကြီး ဦးအုန်းနှင့်ဇာတ်တိုက်ခဲ့သည့် အချက်အလက်များသာဖြစ်နေသည် ကို တွေ့ရသည်၊ နတ်မှီဆရာတော် ဦးကလျာဏ ကား ပြုံးရွှင်နေလေသည်။

``ဦးအုန်းပြောလိုက်တဲ့ အချက်အလက်တွေပါလား ကိုယ်တော်၊ ဦးအုန်းကို ကျေးဇူး တင်ရမယ်နော် ဟု ဆရာတော်အရှင်ဥက္ကဋ္ဌအား တီးတိုးကပ်၍ ပြောကြားလိုက်ရာ ဆရာတော်က ခေါင်းညိတ်ပြီး ပြုံးနေသည် ၊ ဦးသာဒင်ပြောသမျှကိုလည်း အကျဉ်းချုပ်လိုက်၍ မှတ်နေသည်။ ဦးသာဒင်၏ တင်ပြချက်များကို ကြည့်ခြင်းအားဖြင့် ပိဋကတ်စာပေကို တတ်ကျွမ်းသူဖြစ်ကြောင်း

ခန့်မှန်းနိုင်သည်။ ရင်ကျေး၍ ပြေပြစ်သည့် စကားများကို အများဆုံးသုံးနှုန်းသွားသည်ကို တွေ့ရသည်။

``ထိုနောက် ထာဝရဘုရား၏ ဂုဏ်ကျေးဇူးတော်၊ ဂရုဏာတော်နှင့် ယေရှုခရစ်၏ မေတ္တာတော်များကို ဆက်လက်ဟောပြောလေသည်။ အချိန်စေ့တော့မည်ဖြစ်ကြောင်း သဘာပတိက သတိပေးလိုက်သောအခါ ဦးသာဒင်က ဤသို့ နိဂုံးချုပ်လိုက်လေသည်။

`` ကျွန်တော်ဟာ မူလက ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်ခဲ့ပါတယ် ၊ဗုဒ္ဓဘာသာကိုလည်း တကယ်ယုံကြည်ခဲ့ပါတယ်၊ ဒါပေမယ့် အခုလို ယုတ္တိကင်းမဲ့တဲ့ ရှေ့နောက်မညီညွတ်တဲ့ တရားတွေ တွေ့လာရတာနဲ့ ဗုဒ္ဓဘာသာကို စိတ်ပျက်ပြီး ခရစ်ယာန်ဘာသာထဲကို ဝင်ခဲ့သူဖြစ်ပါတယ်။ ဒီမဟုတ် မဟတ် ဗုဒ္ဓဘာသာကို ဆက်ပြီး ယုံကြည်ကိုးကွယ်နေသမျှ အမှားနဲ့ရင်ဆိုင်နေရမှာသာ ဖြစ်ပါတယ်။ ဒါကြောင့် ရှေ့နောက်မညီညွတ်ဘဲ မှားယွင်းချွတ်ချော်နေတဲ့ ဗုဒ္ဓဘာသာတရားကို ယုံကြည်ကြမည်လား ....... ၊ မှန်ကန်သော ခရစ်တော်၏ တရားများနဲ့ ထာဝရဘုရားသခင်ကို ယုံကြည်ကြမလား .....ဆိုတာ ကျွန်တော်က ပရိသတ်ကို မေးမြန်းလိုပါတယ်ခင်ဗျာ...

`` အားလုံးကို ကျေးဇူးတင်ပါတယ်။ ထာဝရဘုရားသခင်သည် သင်တို့အား ကောင်းချီးမင်္ဂလာ ချီးမြှင့်ပါစေ အာမင်.....´´။

ဦးသာဒင်၏ စကားအဆုံးတွင် ကောင်းချီးသြဘာပေးလိုက်သော ခရစ်ယာန်ချင်းပရိသတ်၏ လက်ခုပ်သံကား မြည်ဟီး၍ ထွက်လာပါသည်။

ဦးသာဒင် ဆင်းသွားပြီးနောက် ဗုဒ္ဓဘာသာသဘာပတိ တောင်ငူမြို့ လောကုတ္တရာဆရာတော်က အရှင်ဥက္ကဋ္ဌအား ပင့်ဖိတ်လိုက်လေသည်။ ဆရာတော်အရှင်ဥက္ကဋ္ဌသည် မှတ်စုမှတ်တမ်းများကို ကိုင်ယူပြီး ဟောပြောမည့်နေရာသို့ သွားသည် ရောက်လျှင် ပရိသတ်ကို တည်ကြည်ခန့်ငြားစွာ ကြည့်လိုက်သည် ၊ ထောင်သောင်းချီသော ပရိသတ်မှာ အပ်ကျသံပင် ကြားရမတတ်။ ငြိမ်သက်တိတ်ဆိတ်နေလေသည်။ အထူးသဖြင့် ဗုဒ္ဓဘာသာ ပရိသတ်မှာ ဆရာတော်ကို အားကိုးတကြီးဖြင့် ကြည့်နေကြလေသည်။ ဦးသာဒင်တင်ပြသွားသော အချက်အလက်များမှာ လူပြိန်း တွေးတွေးလျှင် အလွန်အချက်ပိုင်နေသည်။ တော်ရုံတန်ရုံ ဗဟုသုတ ကြွယ်သူမျိုး စာပေပရိယတ္တိ မကျွမ်းကျင်သူတို့အဖို့ ပြန်လည်ချေပရန် မလွယ်ကူပေ။ ဆရာတော်အရှင်ဥက္ကဋ္ဌ ပြန်လည်ချေပနိုင်ပါမည်လား ဟူ၍ စိုးရိမ်နေကြပြီး သံသယ စိတ်လည်းဝင်နေကြသည်။

ချင်းခရစ်ယာန်ပရိသတ်ကား ဦးသာဒင်၏ တင်ပြချက်များကို ဆရာတော် အရှင်ဥက္ကဋ္ဌ မည်သည့်နည်းနှင့်မျှ ချေပနိုင်မည် မဟုတ်ဟု တထစ်ချ ယုံကြည်နေပုံရသည်၊ သို့သော် ဘယ်လိုချေပမလဲဆိုတာကို သိချင်နေကြသည်၊ ထို့ကြောင့် မဏ္ဍပ်ကြီးတစ်ခုလုံး အပြည့်ရှိသော ပရိသတ်ကြီးမှာ ငြိမ်နေကြလေသည်။

ဆရာတော်အရှင်ဥက္ကဋ္ဌသည် ရှေးဦးစွာ အသံတိုးတိုးဖြင့် စတင်ပြီး တဖြေးဖြေးနှင့် အသံကိုမြှင့်တင်ပြီးပြောသည်။ ကြည်လင်ပြတ်သားသော အသံဝါကြီးက ပရိသတ်ကို လွှမ်းခြုံထားလေသည်။

## အရှင်ဉက္ကဌ၏ ချေပချက်

`` သဘာပတိကြီးနှင့်တကွ လူကြီးလူကောင်းအပေါင်းတို့ ....... ဒီနေ့ဒီအချိန် ဒီဘာသာဝါဒပြိုင်ပွဲကြီးမှာ ခရစ်ယာန် ဓမ္မဆရာများနဲ့ အမိမြန်မာပြည်ရဲ့ ရင်သွေးအစစ်ဖြစ်ကြတဲ့ မြန်မာ၊ချင်း၊ ကချင်၊ ကရင် ၊ စတဲ့ မျိုးတူဘာသာကွဲများကို ယခုလို တွေ့ရလို့ ဦးပဇင်းအလွန်ပင် ဝမ်းမြောက်ပါတယ်´´

`` အနောက်ဖက်နိုင်ငံများမှာ ဦးပဇင်းတို့ သွားရောက်ပြီး ဗုဟုသုတ ရှာဖွေနေစဉ်အခါက အင်္ဂလိပ်၊ အမေရိကန် ၊ ကုလားစတဲ့ ခရစ်ယာန်ဘာသာဝင် အတော်ခပ်များများနဲ့ တွေ့ဆုံခဲ့ဖူးပါတယ်။ ဘာသာရေးနီးနှောပွဲကြီးများကို လည်း များစွာပဲ ကြုံကြိုက်ခဲ့ဖူးပါတယ်´´

`` ဒီမြန်မာပြည်ဆိုတဲ့ ကိုယ့်ပြည့်ကို ပြန်ရောက်တော့ သွေးရင်းသားရင်းဖြစ်တဲ့ ခရစ်ယာန်ဆရာများနဲ့ တွေ့ဆုံရမှုနည်းပါးသွားခဲ့ပါတယ်။ ဒါကြောင့် တစ်နေ့တွေ့ရပါစေဆိုတဲ့ ဆန္ဒအာသီသနှင့် မျှော်လင့်တောင့်တခဲ့ပါတယ် ။ ဒီနေ့ဟာဖြင့် ဦးပဇင်း ဆန္ဒပြည့်ဝတဲ့ နေ့တစ်နေ့ဖြစ်လို့ ဦးပဇင်းမျှော်မှန်းတောင့်တတဲ့အတိုင်း ကြုံရပါပြီ ။ ဒါကြောင့် ဘာသာအယူမတူညီတဲ့ သွေးတူ သားတူ မျိုးတူများနဲ့ ဆွေးနွေးရလို့ ဦးပဇင်းဝမ်းသာပါတယ် ၊ ဒီပွဲသဘင်ကြီးမျိုး ပေါ်ပေါက်လာအောင် ပြုလုပ်ပေးကြတဲ့ ဒီကျောက်ကွင်းရွာနဲ့ ပတ်ဝန်းကျင်က လူများကိုလည်း အထူးပဲ ကျေးဇူးတင်ပါတယ်၊ အရှုံးအနိုင်အဖြစ်နဲ့ ထားပြီး ယခုလို ပြောရတာတော့ ဘယ်လိုနေမယ် မသိပါဘူး။ ဦးပဇင်းအဖို့ ပြောရရင် တစ်သက်တစ်ခါ ဒီလိုပွဲမျိုးကြုံဖို့ အလွန်ဖြစ်တောင့်ဖြစ်ခဲ ၊ ကြုံတောင့်ကြုံခဲ ပွဲကြီးလို့ ထင်ပါတယ်....´´

`` အယူအဆတူတာ မတူတာ အပထားပြီး အမှန်တရားကို ယခုလိုတင်ပြဆွေးနွေးရခြင်းကိုပဲ ဦးပဇင်းအနေနဲ့ ဝမ်းမြောက်မဆုံး ဖြစ်ရပါတယ်´´။

`` ခုနက ခရစ်ယန်ဘာသာဘက်က ဟောပြောသွားတဲ့ ဓမ္မဆရာကြီး ဦးသာဒင်နဲ့ ဦးပဇင်းတို့ဟာ အရင်က တစ်ဦးနှင့်တစ်ဦး မသိကျွမ်းခဲ့ကြဘူးပါ။ ဒီရောက်မှ တွေ့မြင်ဖူးကြ တာပါ၊ ဒါကြောင့် တစ်ဦးနှင့်တစ်ဦး အာဃာတ မရှိကြဘူးဆိုတာ ထင်ရှားနေပါတယ်။ အခုပွဲသဘင်ကို တက်ရောက်လာကြတဲ့ ပရိသတ်ကို ပြောချင်တာက ပုဂ္ဂိုလ်သဘောထက် ဓမ္မသဘောသက်သက်ကိုသာ ဦးစားပေးပြီး စဉ်းစားကြဖို့ ဦးပဇင်းမေတ္တာရပ်ခံပါသည်။ လူတိုင်းမှာ ကိုယ်ပိုင်အသိ ကိုယ်ပိုင်ဉာဏ်ပညာ ၊ ကိုယ်ပိုင် ဝေဖန်ချက်၊ ခံယူချက်ဆိုတာ ရှိပါတယ်။ အဲဒီ ကိုယ့်မှာ ရှိတဲ့ ကိုယ်ပိုင်အသိဉာဏ်နဲ့စဉ်းစားဆင်ခြင် ဝေဖန်ပြီး ဘယ်တရားဟာဖြင့် သဘာဝကျမကျ ၊ ယုတ္တိရှိ မရှိ ၊ မှန်မမှန်ဆိုတာကို ကိုယ်တိုင် သဘောပေါက်ပြီး ကိုယ်ပိုင်ဉာဏ်နဲ့ ဆုံးဖြတ်ခံယူတာဟာ အသင့်တော်ဆုံး အမှန်ကန်ဆုံး ဖြစ်ပါလိမ့်မယ်``။

``ခရစ်ယာန်ဓမ္မဆရာကြီး ဦးသာဒင် စာပေပရိယတ္တိ တတ်ကျွမ်းသူလို့ နာမည်ကြီးနေတော့ ဗုဒ္ဓနဲ့ ဗုဒ္ဓတရားတော်အစစ်များကို ဝေဖန်ပြောဟောပြောမလားလို့ ဦးပဇင်းက မျှော်လင့်နေတာ ယခု ဦးသာဒင်ဟောပြောဝေဖန်သွားတာတွေဟာ ဗုဒ္ဓနှင့် ဗုဒ္ဓတရားတော်အစစ်များကို ဟောပြောဝေဖန်သွားတာ မဟုတ်ဘဲနှင့် သီဟိုဠ်စာရေးဆရာတွေ ရေးသားသွားတဲ့ စာတွေကိုချည်း ဟောပြောဝေဖန်သွားတာကို တွေ့ရတဲ့အတွက် အလွန်ပဲ အံ့အားသင့်မိပါတယ် ....´´

`` သဘာပတိကြီး ဦးရွှေမှန်နှင့်တကွ ယခုဒီကိုကြွရောက်လာကြတဲ့ ခရစ်ယာန်ဓမ္မဆရာ တော်တော်များများဟာ မူလက ဗုဒ္ဓဘာသာဝင် ၊ အခုဦးပဇင်းတို့လို ဘုန်းကြီးများ ဖြစ်ခဲ့ကြတဲ့အတွက် ပိဋကတ်စာပေများကို သင်ယူလေ့လာခဲ့သူများဟု ဦးပဇင်းယုံကြည့်ပါတယ်´´။

`` ဓမ္မဆရာကြီးများ သိကြတဲ့ အတိုင်း ဗုဒ္ဓဘာသာစာပေလောကမှာ မူလဘုရားဟော ဒေသနာရင်းကတစ်ရပ်၊ အဋ္ဌကထာ၊ ဋီကာ စတဲ့ သီဟိုဠ်စာရေးဆရာများနဲ့ စာပေပညာရှိ

များ ရေးသားထားသော ဒေသနာအမျိုးမျိုးကတစ်ရပ် ၊ အဲဒီလို ဒေသနာနှစ်ရပ် နှစ်မျိုး နှစ်စားရှိတယ်ဆိုတာကို ခွဲခြားမသိဘဲ အားလုံးကို တစ်မျိုးတစားတည်း ထားပြီးတော့ အဲဒါတွေအားလုံးဟာ ဗုဒ္ဓဘုရားရဲ့တရားတော်ကြီးဖြစ်တယ်လို့ ဓမ္မဆရာများက ယူဆဟန်တူကြပါတယ်။ စာပေသင်ကာမတ္တ ၊ ဖတ်ကာမျှမတ္တသာဖြစ်ပြီးတော့ ဝီမံသ၊ဝိစာရဏ၊ ဝိဘဇ္ဇ ဆိုတာတွေ မရှိခဲ့တဲ့အပြင် မိမိ၏ကိုယ်ပိုင်ဉာဏ်အတွေးအခေါ်ကိုလဲ အသုံးပြုခဲ့ပုံမရပါဘူး။ ဒါကြောင့်လည်း ဒီဆရာကြီးတွေ ဗုဒ္ဓဘာသာကို စွန့်ပြီး ခရစ်ယာန်ထဲကူးသွားကြတာကို ဦးပဇင်း မအံ့သြပါဘူး´´။

``ဒီလို ဖြစ်ရတာ ဘာကြောင့်လည်းဆိုရင် မူလ ကတည်းက ဒီဆရာကြီးတွေဟာ ဗုဒ္ဓနဲ့ ဗုဒ္ဓရဲ့တရားတော်အစစ်ကို မသိနားမလည်ဘဲနဲ့ သိနားလည်အောင်လည်း မကြိုးစားဘဲနဲ့။ ဗုဒ္ဓဘာသာဝင ဒကာ/ဒကာမတွေရဲ့ ဆွမ်းကို ညာစားနေတာ ထင်ရှားလှပါတယ်။ ဗုဒ္ဓအစစ်ရဲ့တရားတော်အစစ်ကို အသိနားမလယ်သလို အခုလည်းပဲ ခရစ်ယာန်ဘာသာရဲ့ တရားအစစ်ကို မသိနားမလယ်ဘူးဆိုတာ သူတို့ရဲ့ ဟောပြောချက်တွေက သက်သေခံနေပါတယ်။ အဲဒီလိုဆိုရင် ဒီဆရာကြီးတွေဟာ ခရစ်ယာန်ဘက်ကိုပါ ဆက်ပြီး ညာနေကြတဲ့ ဓမ္မဆရာကြီးတွေ ဖြစ်သွားမှာကို ဦးပဇင်းစိုးရိမ်မိပါတယ်´´

ဤနေရာအရောက်တွင် ဆရာတော်က ပြုံးပြုံးကလေးပြောပြလိုက်ရာ ပရိသတ်ကြီးမှာ အိပ်ငိုက်နေရာမှ လတ်နိုးသွားသည့်အလား ငြိမ်သက်နေရာမှ `ဝါး´ကနဲ ပွဲကျသွားလေသည်။ ဗုဒ္ဓဘာသာပရိသတ်ကား အားတက်လာလေသည်။

`` ဗုဒ္ဓဝင်ကို ဆရာဦးသာဒင်က ဝေဖန်သွားတဲ့နေရာမှာ ပဋိသန္ဓေအခန်းစပြီး ဗုဒ္ဓကို တွယ်သွားပါတယ်။ ကလေးတွေ စကားနိုင်လုပြောသလို ပြောစတမ်းသာဆိုရင် ဗုဒ္ဓဘုရားအလောင်းရဲ့ ခမည်းတော်နဲ့ မယ်တော်ဟာ ရှင်ဘုရင်နှင့် မိဖုရား။ ဆရာကြီးတို့ရဲ့ ဘုရား၊ ယေရှုရဲ့ အဖေနဲ့အမေက ဘယ်သူတွေလဲ ၊ ဘယ်တိုင်းပြည်က ဘုရင်နဲ့မိဖုရားလည်းလို့ ပြောချင်ပြောနိုင်တာပေါ့ ။ ဆရာဦးသာဒင်ကို ဦးပဇင်းမေးပါရစေ ။ အဲဒီဗုဒ္ဓဝင်မှာ ပါတဲ့ အတိုင်း ဗုဒ္ဓကိုယ်တော် တိုင် ဘယ်နေရာမှာ ဘယ်တုန်းက ဟောခဲ့တယ်ဆိုတာကို အထောက်အထားအခိုင်အလုံနဲ့ပြောနိုင်ပါသလား ၊ အခိုင်အလုံပြနိုင်ပါသလား။ အခိုင်အလုံပြနိုင်ရင် ဦးပဇင်းမားကြောင်း ဦးသာဒင်ကို ဝန်ချတောင်းပန်ပါ့မယ်။ အမှန်က ဗုဒ္ဓဝင်ဆိုတာ ဗုဒ္ဓဝံသ အဋ္ဌကထာကို မြန်မာလိုပြန်ပြီး ရေးထားတဲ့ ကျမ်းပါ ရေးသားသူကတော့ သီဟိုဠ်ရဟန်းတော် အရှင် ဗုဒ္ဓဒတ္တပါ ၊ ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီး နှစ်ပေါင်း တစ်ထောင်ကျော်မှာ ပေါ်ပေါက်လာတဲ့ ပါဠိပညာရှင် သီဟိုဠ် ရဟန်းတော်သာ ဖြစ်ပါတယ်´´။

``နာလာဋ္ဋ ဓာတုဝင် ၊ မဟာဝင် ၊ ဒီပဝင် ၊ ဗောဓိဝင် ၊ ဒဠာဓာတုဝင် ၊ ဆိုတာတွေကိုလည်း သီဟိုဠ်ရဟန်းတော် အရှင်မဟာနာမ ဆိုသူက ရေးသားခဲ့တာပါ။ အဲဒီစာတွေနဲ့ တစ်ချို့ အဋ္ဌကထာ ၊ ဋီကာတွေကို တိုက်ဆိုင်ကြည့်ရှုပြီးတော့ မြန်မာရဟန်းတော်ဖြစ်တဲ့ ကျည်းသဲလေးထပ်ဆရာတော်က (ဇိနတ္ထပကာသနီကျမ်း) ကို ရေးသားပြုစုခဲ့တယ် ၊ နောက် (မာလာလင်္ကာရ)တို့ (တထာဂတဥဒါနဒီပနီ) တို့ ဆိုတာတွေလည်း ရှိပါသေးတယ်။ အဲဒီကျမ်းက စကားတွေကို ဦးသာဒင်က ဗုဒ္ဓဘုရားဟောပါ ဆိုပြီး ဝေဖန်သွားတာကို တွေ့ရပါတယ်။ ဗုဒ္ဓဘုရားရှင်ရဲ့ တရားတော်နှင့် စာရေးဆရာတွေရဲ့ အဋ္ဌကထာ ဋီကာ စတာတွေကို အတူတူကြီးပဲ ထင်ပြီး ပြောနေကြရင်တော့ ဖြစ်မှာ မဟုတ်ပါဘူး၊ အလွန်မှားပါလိမ့်မယ်။ ပိဋကတ်တော်ကို စေ့စေ့စပ်စပ်သေသေချာချာ မလေ့လာခဲ့ဘူးဆိုတာ ပြရာရောက်ပါလိမ့်မယ်။ ဦးသာဒင်တို့ အင်မတန် အထင်ကြီးတဲ့ အနောက်တိုင်းက ခရစ်ယာန်ဘာသာဝင် ပညာရှင်တွေထဲက ဗုဒ္ဓဘာသာ ပိဋကတ်တော်တွေကို စေ့စေ့စပ်စပ်ကြီး လေ့လာမိတဲ့ ပုဂ္ဂိုလ်တွေဟာ ဘယ်ဟာဗုဒ္ဓဘုရားဟောအစစ် ၊ ဘယ်ဟာက

နောက် စာရေးဆရာရဲ့ လက်ရာပဲဆိုတာကို ခွဲခြားနိုင်ပြီးတော့ ဗုဒ္ဓဘာသာသို့ ကူးပြောင်းခဲ့ကြတာ တွေ အများကြီး ရှိပါတယ်၊ အဲဒါကို ဦးသာဒင်တို့ အထူးသတိပြုဖို့ ကောင်းပါတယ်´´ ။

`` စိန္တိတံ သတ္တသင်္ချေယံ အစရှိတဲ့ ဂါထာဟာ ဇာတတ္တကီ သောတတ္တကီ ကျမ်းတွေ ထဲမှာပါတာ ၊ ပိဋကတ်တွေထဲမှာ ပါတာ မဟုတ်ပါဘူး။ အောင်ခြင်းရှစ်ပါးတို့ ဝိပါက်တော်(၁၂)ပါးတို့ ဆိုတာ တာဝတီံသာနတ်ပြည် ကိစ္စဆိုတာ စာရေးဆရာရဲ့လက်ချက်တွေပါ ၊ ဘုရားဟောမဟုတ်ပါ ဘူး။ သစ္စက ပုရပိုက်နှင့် ဗုဒ္ဓဟာ အနတ္တဝါဒ ကိစ္စ မေးတာ သစ္စက အားလုံးကို ဝန်ခံရတယ်။ အနတ္တသာ မှန်ပါတယ်လို့ နောက်ပိုင်း သိကြားမင်းပါလာတာက ပြဟ္မဇာဝါဒီတွေ ထိုးထည့်ပေးတာ၊ ဗုဒ္ဓနဲ့ မဆိုင်ပါဘူး ´´ ။

`` ပထမဆုံး ဘုရားဘယ်သူ ဗျာဒိတ်ပေးသလဲဆိုတဲ့ မေးခွန်းကို ဆရာကြီးတို့ရဲ့ ထာဝရဘုရားကို ဘယ်သူဖန်ဆင်းသလဲဆိုတဲ့ မေးခွန်းနဲ့ပဲ ဖြေလိုက်ပါတယ်။ ဦးသာဒင်တို့ ဓမ္မာဆ ရာတွေဟာ ပိဋကတ်ကို စေ့စေ့စပ်စပ်သေသေချာချာ လေ့လာခဲ့ပုံမရပါဘူး။ သုတေသနလုပ်ဖို့ဆို တာတော့ အတော်ကလေးဝေးပုံရပါတယ်။ ဒါကြောင့်မို့လည်း ဗုဒ္ဓရဲ့ တရားတော်အစစ်နဲ့ စာရေးဆ ရာတွေရဲ့စာကို အားလုံးအတူတူပဲလို့ ပြောတာပေါ့ ။ အဲဒီလိုပြောကြစတမ်းဆိုရင် ခင်ဗျားတို့ရဲ့ သမ္မာကျမ်းစာတွေကိုလည်း ပြောစရာတွေ အများကြီး ရှိပါတယ် ´´။

``ဥပမာ....... ခရစ်သက္ကရာဇ် ၁၃၅၀ ခုနှစ်လောက် ပထမဆုံး အင်္ဂလိပ်ဘာသာအဖြစ် ပြန်ဆိုရေးသားတဲ့ (ဝင်ကလစ်ဖ်)ရဲ့ `ဘိုင်ဘယ်´ ခေါ်တဲ့ သမ္မာကျမ်းစာကို `တင်ဒေလ်း´ ရဲ့ နောက်မှ ပေါ်တဲ့ သမ္မာကျမ်းစာနဲ့တိုက်ကြည့်ရင် ကွဲလွဲနေတာတွေ အများကြီးရှိနေတာကို တွေ့ရပါ့မယ်။ အဲဒီလို `ဗားဒေးလ်´ရဲ့ သမ္မာကျမ်းစာကလည်း တစ်မျိုးဖြစ်နေပြန်တယ်။ အဲဒီလိုကွဲ လွဲချက်တွေကို မစဉ်းစားမဆင်ခြင်ပဲနဲ့ အကုန်လုံးကို သိမ်းကျုံးပြီး ခရစ်တော်က ဒီအတိုင်းဟောခဲ့ တယ်ဆိုရင် ဦးသာဒင်တို့ ကြိုက်ကြပါ့မလား ´´ ။

`` တင်ဒေးလ်´ရဲ့သမ္မာကျမ်းစာကိုလည်း ခရစ်သက္ကရာဇ် ၁၅၆၀ လောက်မှာ `မိုင်းအလ်စ် ကိုဘားဒေးလ် ´ က ပြီးတော့ ပြုပြင်ရေးထားတာကို တွေ့ရပြန်တယ်။ အဲဒီနှစ် လောက်မှာပဲ ဒီဆရာတွေရဲ့ ရေးသားချက်တွေဟာ ခရစ်တော်ရဲ့ တရားများကို ယုတ္တိကင်းမဲ့စေ တယ် ။ လွဲမှားစေတယ် ဆိုပြီးတော့ ဂျာမနီက `မာတင်လူသာ´ တို့က ကိုယ်ကြိုက်သလို ပြင်ပြီး ရေးတာကိုလည်း တွေ့ရပြန်ပါတယ်။ ` တင်ဒေးလ်´က ၊ `ဟီးဘရူး´ကျမ်းကို အခြေခံပြီး ရေးတဲ့ `ဘိုင်ဘယ်´ထဲမှာ `ဂျေရုဆလင်´မြို့ကြီးကို သမုဒ္ဒရာနှင့် ရေလွှမ်းသတ်တယ်လို့ ရေးတဲ့အခန်းကို `မာတင်လူသာ´တို့က မကြိုက်ကြဘူး ။ ဒါနဲ့ဒီအခန်းကို ပြုပြင်ပြီး ရေးလိုက်ကြတယ် ´´။

`` အဲဒါတွေကို ကြည့်ရင် ခရစ်ယာန်ရေးကျမ်းများမှာပဲ တစ်ကျမ်းနှင့်တစ်ကျမ်း ကွဲလွဲ ချက်တွေ ၊ မတူတာတွေ ရှိနေပါတယ်။ ဒါတွေ လျှောက်ပြောနေကြရရင် ခရစ်ယာန်ထာဝရဘုရား ဟာ မေတ္တာနှင့်ဂရုဏာကို အရင်းခံတယ်လို့ တစ်ဖက်က ပြောပြီးတော့ တစ်ဖက်မှာ လူတွေကို မညာမတာ ရက်ရက်စက်စက် လုပ်ခဲ့တယ်ဆိုတဲ့ အကြောင်းအရာတွေဟာ အများကြီး ရှိနေလေ တော့ အခုန ဆရာကြီး ဦးသာဒင် ပြောခဲ့တဲ့ ဗုဒ္ဓဝင်အရ ရှေ့နှင့်နောက်မညီတဲ့ အချက်များဟာ စာရေးဆရာတွေကြောင့်သာ ရှိနေတယ်ဆိုတာ လယ်ပြင်ဆင်သွားသလို ထင်ရှားလှပါတယ်။ အဲဒီ လို မညီတာထားပြီးတော့ ဦးပဇင်းတို့ရဲ့ ဗုဒ္ဓဂေါတမဟာ ဘယ်နေရာမှာ ဘယ်သူ့ရဲ့အသက်တစ် ချောင်းကို သတ်ခဲ့ဖူးပါသလဲ ၊ ဖျက်ဆီးခဲ့ဖူးပါသလဲ ၊ ဗုဒ္ဓဂေါတမကို ထားလိုက်ပါဦး ၊ ဗုဒ္ဓ ဂေါတမရဲ့ တပည့်သာဝက ရဟန္တာထဲ က ဘယ်သူဟာ သူတစ်ပါးအသက်ကို သတ်ခဲ့ဖူးပါသလဲ ၊ တစ်ခု လောက်များရှိရင် တွေ့ရင် ပြောပြစမ်းပါလို့ ဆရာကြီး ဦးသာဒင်ကို ဦးပဇင်း မေတ္တာရပ်ခံလိုက်ပါ တယ် ´´။

`` အဲဒါတင် မဟုတ်ပါဘူး ။ ဗုဒ္ဓသာသနာတော်ရဲ့ နှစ်ပေါင်း နှစ်ထောင်ကျော် သက်တမ်းအတွင်းမှာ ဗုဒ္ဓသာသနာတော်အတွက် ဆင်နွဲရတဲ့ စစ်ပွဲမျိုးရှိခဲ့ဖူးပါသလား။ ဗုဒ္ဓဘာသာဝင်တွေဟာ သာသနာပြုလုပ်ငန်းအတွက် စစ်တိုက်ခိုက်ရတယ်။ သတ်ဖြတ်ရတယ်၊ ငွေကြေးနဲ့ ရာထူးနဲ့ ဖြားယောင်းသွေးဆောင်ပြီး သိမ်းသွင်းခဲ့ရတယ်ဆိုတာမျိုးမှာ ဗုဒ္ဓသာသနာ့သမိုင်းမှာ ရှိခဲ့ဖူးပါသလား ။ ထောက်ပြစမ်းပါ ´´ ။

`` ဆရာကြီး ဦးသာဒင်တို့က အနန္တ တန်ခိုးတော်ရှင်ကြီး အနန္တမေတ္တာရှင်ကြီး ၊အနန္တဂရုဏာရှင်ကြီး လို့ ယုံကြည့်ပြီး တဖွဖွချီးကျူးနေကြတဲ့ ထာဝရခေါ် ဌာဝယ ဘုရားနှင့် ပတ်သက်ပြီးတော့ ဒကာကြီးတို့ အလွန်အထင်ကြီးနေတဲ့ အနောက်တိုင်းသား ခရစ်ယာန်ဆရာကြီးများက ဌာဝယကို ဘယ်လို ချီးကျူးထားတယ်ဆိုတာ နည်းနည်းတင်ပြပါ့မယ် ´´ ။

`` `အိပ်ချ်ဂျီဝဲလ် ´ဆိုတဲ့ ရာဇဝင်ဆရာကြီးက အနန္တတန်ခိုးတော်ရှင် ဌာဝယသည် တကယ်ထင်ရှားရှိ၍ ဤကမ္ဘာလောကအတွင်း၌ တိုက်ခိုက်နေကြသော စစ်ပွဲများ ၊ သေကြေ ပျက်စီးခြင်းများ စစ်နှင့်ပတ်သက်သော ကြောက်ဖွယ်လန့်ဖွယ်များကို တားဆီးခြင်းငှာ တတ်နိုင်သော သတ္တိ ရှိပါလျှက်နဲ့ တမင်ဖိမ်ခံပြီး ကြည့်နေခဲ့သည်ဆိုလျှင် ကျွန်ုပ်သည် ထို ဌာဝယ၏ အဖုံးအကာမရှိသော မျက်နှာကို တတွေးဖြင့် ထွေးမည် အမှန်ဖြစ်သည် ။ ´´လို့ ရေးသားထားပါတယ်။

`` အမေရိကတိုက်က ယူနစ်တာရီယံ ခရစ်ယာန် ဓမ္မဆရာ `သီအိုဒိုပါကား´ရဲ့ စကားကို နားထောင်ကြည့်ပါဦး ´´။

``ထာဝရသည် ခဏခဏ စိတ်ပြောင်းလဲတတ်၏ ။ လက်စားချေတတ်၏ ။ အလွန်အကျူး ဒေါသကြီး၏ ။ ထာဝရသည် အမျက်ဒေါသထွက်လွယ်၏ ။ အဆမတန် ရက်စက်ကြမ်းကြုတ်၏ ။ မိမိအချစ်တော် ရဟူဒီ လူမျိုးတို့ကိုပင် တစ်ခါတစ်ရံ စိတ်ဆိုး၏ ။ တစ်နေ့သော် ထာဝရသည် `လူအပေါင်းတို့၏ ဦးခေါင်းကို ဖြတ်၍ ငါထာဝရအား ပူဇော်လော့´ ဟု မောရှေအားပြောသတတ်။

`` နောက်တစ်ခါ ခရစ်ယာန်ပါဒရီဒိန်း အင်းဂျိတ် ဆိုသူရေးသားသည့် အချစ်ကိုလည်း ပြောပါရစေ ၊´´။

`` သူက ကမ္ဘာမြေပြင်၌ လူသတ္တဝါနှင့် ထာဝရ၏ ဆက်ဆံပုံသည် ယခုကျွန်ုပ်တို့တွေ့မြင်ရသမျှသာ အကုန်ဖြစ်ခဲ့လျှင် ထိုထာဝရသည် မိမိ၏ လုပ်ငန်း၌ ဖြောင့်မှန်ခြင်း ၊ ရိုးသားခြင်းတရားတို့ကို များစွာ အလေးမပြုကြောင်း ထင်ရှားချေ၏ ´´ ။ (သီဖိစ်အင်သီဝါး) ဆိုတဲ့ စာအုပ်မှာ ရေးထားပါတယ် ။ `အီဟာဘန်´ ဆိုတဲ့ စာရေးဆရာ အဘိဓမ္မာ ဆရာကြီးက `သင်တို့ ခရစ်ယာန်ဝါဒီများကို ဆိုလိုသည်´၊ သင်တို့ပြောဆိုသော အရာဟူသမျှကို ချွင်းချက်ကလေး တစ်ခုထားပြီး ကျွန်ုပ်အားလုံးကို သဘောတူပါ၏ ။ ထိုချွင်းချက်ကား သင်တို့၏ ထာဝရသည် ကျွနုပ်၏ မာရ်နတ် ဖြစ်သတည်း ´´လို့ ပြောဆိုပါတယ်။

`` အဲဒါ .....ဦးပဇင်းက ဖန်တီးပြီးပြောတာ မဟုတ်ဘူးနော် ၊ ဟောဒီမှာ ဆရာကြီးတို့ အထင်ကြီးနေတဲ့ ခရစ်ယာန်ဘာသာဝင်ဆရာကြီးတွေ ရေးတဲ့ စာအုပ်တွေက ကောက်နုတ်ပြီးပြောပြတာ ´´။

`` နောက်ပြီး ဆရာကြီးဦးသာဒင်က အနန္တတန်ခိုးတော်ရှင် ထာဝရနှင့် ဘာတန်ခိုးမှ မရှိတဲ့ ဂေါတမကို နှိုင်းယှဉ်ရဲသလား ။ နှိုင်းယှဉ်ရဲရင် နှိုင်းယှဉ်ပြပါ ။ ထာဝရထက် ဘယ်သူမှ မမြတ်ဘူးလို့ ပြောသွားပါတယ်´´ ။

`` အဲဒီလိုဆိုရင် ဆရာကြီးတို့ရဲ့ ထာဝရဂုဏ်တော်တွေကို သမ္မာကျမ်းစာထဲမှာ ပါအတိုင်း နည်းနည်းလောက် ထုန်ကြည့်ကြရအောင်။

၁။ အရက်သေစာတို့ကို အမြဲမှီဝဲသောက်သုံး၍ ဂျိုးကင် ၊ ချိုးကင် ၊  သိုးကင် ၊ နွားကင် ၊ တို့ကို တွင်တွင်ကြီး ကြိုက်တော်မူထသော။

၂။ ချိုးကင်နှင့် စပျစ်ရည် အရက်ကို မရခဲ့သော် အလွန်အကျူး အထူး ဒေါပွ အမျက်တော်ရှလေ့ရှိထသော။

၃။ သဘောမကျ၍ ဒေါထသောအခါ ကြီးစွာသော ကောဓ(အမျက်)ဖြင့် တားမရ ၊ ဆီးမရ ၊ ကြိမ်ဆဲတတ်တဲ့ အလေ့ဝသီရှိထသော။

၄။ တိုက်ရေးခိုက်ရေး ၊ သတ်ဖြတ်ရေးတို့ကိုသာ အမြဲအားပေးလေ့ရှိထသော ။

၅။ မဟုတ်မမှန် ပညာရှိသတ္တဝါတို့ အော်ဂလီဆန်ဖွယ်ရာ တရားတို့ကို ဟောကြားခဲ့ထသော ။

၆။ ကြောက်ခမန်းလန့်ခမန်းအပြစ်အာဒီနဝတို့ကိုမေတ္တာဓါတ်အနည်းငယ်ရှိသူတို့ပင်ကြက်သီးဖြန်းဖွယ်ရာ ကျူးလွန်ခဲ့ထသော။

၇။ လူသတ္တဝါတို့  ဉာဏ်ပညာပွင့်လင်း၍ အကြောင်းအကျိုး၊  အကောင်းအဆိုး သိမြင်မည်ကို အစဉ်စိုးရိမ်ထသော ။

၈။ ဤသို့ စိုးရိမ် ခဲ့သောကြောင့် ဉာဏ်ပညာအလင်းရောင်၏ ရန်သူကြီးဖြစ်ထသော ၊ ထာဝရဘုရားဆိုတဲ့ဂုဏ်တော်တွေ ထွက်လာပါတယ်။ အချိန်နည်းလွန်းလို့ အကျဉ်းချုပ်ထားတာပါ။ ။

``ကဲ.....ဂေါတမဗုဒ္ဓမြတ်စွာဘုရားရဲ့ ဂုဏ်တော်ကိုလည်း နည်းနည်းလောက်ပဲ ထုတ်ပြပါမယ်၊ ပိဋကတ်တော်မှာ ပါတဲ့ အထဲက အကျဉ်းချုပ်ပဲ တင်ပြပါ့မယ်´´ ။

၁။ အခြားသောဘာသာရှင်တို့နဲ့မတူ အမြင့်မြတ်စင်ကြယ်သော အကျင့်စာရိတ္တ ရှိတော်မူထသော။

၂။ အရက်သေစာ မူးယစ်စေတတ်သော အရာတို့ကို ကိုယ်တိုင်လည်းမသုံး တပည့်များ၊ နောက်လိုက်ငယ်သားတို့ကိုလည်း မသုံးရန်တားမြစ်တော်မူထသော။

၃။ ပါဏာတိပါတ သူ့အသက်သတ်ခြင်း၏ အပြစ်အာဒီနဝတို့ကို ဟောပြတော်မူ၍ ဇီဝဟိသာ၊ ဇီဝတတ္တာ၊ အသက်သတ်ခြင်း ၊ ညှင်းဆဲခြင်းတို့ကို တားမြစ်တော်မူထသော။

၄။ အမျက်ဒေါသ ၊ ကောဓမိုက်မှား လူ့အောက်တန်းစားတို့၏ လက်သုံးဖြစ်သော တရားများကို အမြစ်ပါမကျန် အကုန်လုံးပယ်လှန် ခုတ်ဖြတ်တော်ပြီးဖြစ်သဖြင့် ၊ အမျက်ထွက်ခြင်း ၊ ဒေါပွခြင်းမရှိ၊ မေတ္တာဓါတ်ဖြင့် ပြည့်ဝသော နှလုံးရှိတော်မူထသော။

၅။ သက်ရှိ/သက်မဲ့ ဟူသမျှတို့ကို ကြိမ်ဆဲခြင်း ။ သတ်ဖြတ်ခြင်း ၊ ဖျက်ဆီးခြင်းအမှု ဘယ်အခါမှ မပြုခဲ့ထသော။

၆။ သတ်ရေး ၊ ဖြတ်ရေး ၊တိုက်ခိုက်ရေးတို့ကို (အတ္တာနံ ဥပမံ ကတွာ န ဟနေယျ နဂါတယေ)။ မိမိကိုယ်ကို ဥပမာပြု၍ သူတစ်ပါးတို့အား ငြင်းဆဲသတ်ဖြတ်ခြင်း မပြုရဟု ဟောပြော၍ အားပေးခြင်း မပြုခဲ့ထသော ။

၇။ မကောင်းညစ်ကြူး ကာ္မသာမစ္ဆေရ စသော ပါပ ဓမ္မ အစုတို့မှ အမြဲဝေးကွာတော်မူထသော။

၈။ အကျိုးအကြောင်းဆက်၍ ယုတ္တိသာဓက ရှိသောတရား လူသတ္တဝါတို့အား အကြောင်းအကျိုးရစေသော တရားတို့ကိုသာ ဟောတော်မူခဲ့ထသော။

၉။ ချစ်သားတို့ ၊ သင်တို့သည် အလင်းမှလာ၍ အလင်းသို့ ရောက်ကြကုန်လော့ ဟု ဟောတော်မူသည်ကို ထောက်သဖြင့် လူသတ္တဝါအပေါင်းကို  အမှောင်ဘေးမှ ကာကွယ်၍ အလင်းရောင်အောက်သို့ ရောက်အောင် ဖေးမကယ်တင်သော ပုဂ္ဂိုလ်ထူးကြီး ဖြစ်ခဲ့ထသော ကျွန်ုပ်တို့၏ ဂေါတမဗုဒ္ဓ ........

``အဲဒီလို ထာဝရဘုရားနှင့်ဗုဒ္ဓဂေါတမ မြတ်စွာဘုရားရဲ့ ဂုဏ်တော်တွေကို အနည်းငယ် နှိုင်းယှဉ်ကြည့်ရင်ပဲ ဘယ်ဘုရားက မှန်ကန်မွန်မြတ်တယ်၊ ဘယ်ဘုရားက မမှန်မကန် ယုတ်ညံ့တယ်ဆိုတာ လယ်ပြင် ဆင်သွားသလို ထင်ရှားနေပါတယ်´´။

``ကဲ....အချိန်စေ့တော့မှာမို့ ဦးပဇင်း နိဂုံးချုပ်ပါတော့မယ်၊ အခုလို ဦးပဇင်းတင်ပြခဲ့တာတွေ ဟာ အကျဉ်းချုပ်တွေပါ ၊ နေ့လည်ကျမှ အကျယ်တဝင့် ထပ်ပြီးတင်ပြပါဦးမည်။ ယခုတင်ပြခဲ့တဲ့ အကျဉ်းချုပ်လောက်နဲ့တင်ပဲ ဗုဒ္ဓဝါဒနှင့် ခရစ်ယာန်ဘာသာ ဘယ်ဟာက ကောင်းတယ်။ မှန်တယ်ဆိုတာ ချင့်ချိန်ဆုံးဖြတ်နိုင်လောက်ပါပြီ ´´ ။

`` ခရစ်ယာန်ဆရာကြီးများနှင့်တကွ အားလုံးသောခရစ်ယာန်၊ ဗုဒ္ဓဘာသာဒကာ/ဒကာမအပေါင်းတို့ စိတ်ချမ်းသာ ကိုယ်ချမ်းသာနှင့် ရွှင်လန်းချမ်းမြေ့စွာ တစ်ဦးနှင့်တစ်ဦး မေတ္တာစိတ်ဖြင့် ဆက်ဆံကြပါရန် မေတ္တာရပ်ခံလိုက်ပါတယ် ´´ ။ ( ရှည်လျားသော လက်ခုပ်သြဘာသံကြီး) ။

ရှည်လျားသော သြဘာသံ၊ လက်ခုပ်သံများမှာ မိုးချုန်းသည့်နယ် မြည်ဟီး၍ သွားပါသည် ၊ ဗုဒ္ဓဘာသာဘက်မှ ကြည်နူးရွှင်ပြုံးနေကြသလောက် ခရစ်ယာန်ပရိသတ်ကား ငိုင်နေကြလေသည်။

ထိုနောက် သဘာပတိ ဦးရွှေမှန်က ဟောပြောပွဲကြီးကို နေ့ခင်း(၁၂)နာရီအထိ ခေတ္တရပ်နားမည့် အကြောင်းကြေညာလိုက်ပါသည်။

ဗုဒ္ဓဘာသာဝင်များသည် ဆရာတော်ထံသို့ အုပ်စုလိုက်လာရောက်၍ ဝမ်းသာအားတက် ကြောင်း လျှောက်ထားကြသည်။ ထိုအခိုက် မဏ္ဍပ်အပြင်ဘက်မှ လူတစ်ဦးက အော်ဟစ်ပြောဆိုလိုက်သည်။ ``ခဏလောက်လမ်းဖယ်ပေးကြပါခင်ဗျား၊ ဒီမှာ ဗုဒ္ဓဘာသာထဲ ဝင်မလို့တဲ့ခင်ဗျာ၊ တစ် ဆိတ် ..လမ်းဖယ်ပေးကြပါ ´´။

စုအုံနေသော လူအုပ်ကြီးသည် လမ်းဖယ်ပေးလိုက်ကြသည်၊ လူကြီးတစ်ဦးက ဦးဆောင်၍ လူတစ်အုပ် သံဃာစဉ်ရှေ့သို့ ရောက်လာကြသည်။ ဦးဆောင်လာသူ လူကြီးက ......

``ဆရာတော်များဘုရား တပည့်တော်တို့ ဗုဒ္ဓဘာသာဘက်က ဟောပြောတာကို သဘောကျလို့ အခု ဟောဒီကျောက်ကွင်းရွာက အိမ်ထောင်ရှစ်အိမ်ထောင် မိသားစု အားလုံး ဗုဒ္ဓဘာသာဘက်ကို ကူးပြောင်းကိုးကွယ်ပါတော့မယ်တဲ့ ဘုရား ´´။ ဟု လျှောက်ထားလိုက်သည်။ ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီးသည် သံဃာနှစ်ပါးကို တွဲထူစေပြီး ရှေ့ဆုံးသို့ ကြွလာကာ ဝမ်းသာအားရ ရှုစားရင်း သာဓု သုံးကြိမ်ခေါ်လေသည်။

ဆရာတော်အရှင်ဥက္ကဋ္ဌသည် ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာသူများကို သံဃာစဉ်ရှေ့၌ ထိုင်စေပြီး စာရင်းယူစေပြီ ၊ ထို့နောက် သရဏဂုဏ် သုံးပါးနဲ့ လက္ခဏာရေးသုံးပါးတို့၏ အနက်အဓိပ္ပါယ် အကျဉ်းချုပ်ကို ရှင်းလင်းဟောပြပြီးနောက် နတ်မှီဆရာတော် ဦးကလျာဏအား လွှဲပြောင်းပေးလိုက်သည်။ ဆရာတော်ဦးကလျာဏက သရဏဂုဏ်ကို သုံးကြိမ်တိုင်တိုင်ချပေး၍ လိုက်ဆိုခိုင်းပြီး ဆောက်တည်စေသည် ၊ ထိုနောက်လိုက်ပို့သူ လူကြီးအား ရှစ်အိမ်ထောင် ဗုဒ္ဓဘာသာသို့ ကူးပြောင်း ကြော်ညာခိုင်းလိုက်သည်။ ထိုပုဂ္ဂုလ်က အသံကုန်ဟစ်အော် ကြော်ညာရာ ပရိသတ်က သာဓု...သာဓု...သာဓု ....ဟု သုံးကြိမ်ခေါ်လေသည်။

မဏ္ဍပ်ပြင်ပနှင့် ဈေးဆိုင် ၊ လဘက်ရည်ဆိုင်တို့သို့ ရောက်ရှိနေကြသော ပရိသတ်သည် ကြော်ညာသံနှင့် သာဓုခေါ်သံတို့ကို ကြားရသောအခါ မဏ္ဍပ်အတွင်းသို့ ပြန်လည် ပြေးဝင်လာကြပြီး ချီးကျူးစကား ပြောကြားကြရာ အုံးအုံးကျွက်ကျွက် ဆူညံနေတော့၏ ။

ဆရာတော်အရှင်ဥက္ကဋ္ဌနှင့် ဗုဒ္ဓဘာသာအဖွဲ့အား ဦးလှောင်၏နမများက ဆွမ်းစားရန် ရွာတွင်းသို့ ပင့်သွားကြသည်။ ကျန်သံဃာတော်များကား မဏ္ဍပ်၌ ပင် ဆွမ်းဘုဉ်းပေးကြသည်။

ခရစ်ယာန်ခေါင်းဆောင်များကား ဦးရွှေအောင်၏အိမ်၌ ခေါင်းခြင်းရိုက်၍ တိုင်ပင်နေကြသည် ။ စာချုပ်အရ တစ်အိမ်ထောင် မိသားစု အားလုံး တစ်ဘက်ဘာသာသို့ ကူးပြောင်းလျှင်ပင် အရှုံးဟူ၍ ပါနေရာ ယခုရှစ်အိမ်ထောင် မိသားစု အားလုံး ဗုဒ္ဓဘာသာဘက်သို့ ကူးပြောင်းခဲ့ရာ ယခုအခြေအနေတိုင်းဆိုလျှင် မိမိတို့ဘက်က ရှုံးဖို့သေချာနေပြီ ၊ နေ့လည် ဟောပြောပွဲတွင် ခရစ်ယာန်ဘာသာသို့ အနည်းဆုံး ဆယ်အိမ်ထောင်ပြည့်ပြည့် ပါအောင် ဆွဲဆောင်ဟောပြောနိုင်မှသာ မိမိတို့အနိုင်ရမည်ဟု တွက်ဆကြသည်။ ထို့ကြောင့်စားသောက်ရေးကို သာမန်သဘောထားပြီး ဟောပြောရေးအတွက်သာ တိုင်ပင်ကြ၊ရေးမှတ်ကြနဲ့ အလုပ်ရှုပ်နေကြတော့သည်။

နေ့လည် (၁၂)နာရီတိတိတွင် ပရိသတ်ကြီးမှာ နံနက်ကအတိုင်း ပြည့်ကျပ်ပြွတ်ခဲလျှက်ရှိသည် ၊ မေလ၏ အလွန်ပူပြင်းသည့် နေပူဒါဏ်ကို ဂရုမထားကြဘဲ ၊ ဟောပြောပွဲကိုသာပင် စိတ်ဝင်စားနေကြသည်။ ထိုအချိန်တွင် တမနက်လုံးပျောက်နေသည့် သူကြီး ဦးလှောင်သည် ဝတ်ကောင်းစားလှများ ဝတ်ဆင်လျှက် ဆုတော်ရငွေခါးကြီးကို လွယ်ပြီး ပြုံးပြုံး-ပြုံးပြုံးနဲ့ ဇနီးသူကြီးကတော်ကို လက်ဆွဲလျှက် မဏ္ဍပ်ထဲသို့ ဝင်လာရာ ။ ပရိသတ်ပွဲကျသွားလေသည်။ ရှစ်အိမ်ထောင် ဗုဒ္ဓဘာသာဘက်သို့ ကူးပြောင်းခဲ့ပြီ ဖြစ်သဖြင့် သူပြုံးနိုင်လေပြီ ။ ခရစ်ယာန်ခေါင်းဆောင်များကား မျက်နှာမသာယာကြပေ ။

---

သဘာပတိ နှစ်ဦး နေရာယူပြီးကြသောအခါ ----

ပရိသတ်ငြိမ်သက်သွားသည်၊ ဆရာကြီးဦးရွှေမှန်က မိန့်ခွန်းမပြောတော့သဖြင့် ၊ တောင်ငူလောကုတ္တရာဆရာတော် အရှင်ကုဏ္ဍလကပင် သဘာပတိ မိန့်ခွန်းပြောရသည်။ သဘာပတိဆရာတော်က နှစ်ဘက်သော ပရိသတ်တို့ မနက်က ယဉ်ကျေးသိမ်မွေ့စွာ နားထောင်၍ အားပေးကြသဖြင့် အလွန်ဝမ်းမြောက်ဝမ်းသာကြောင်း ယခုလည်း မနက်ကအတိုင်း ယဉ်ကျေးသိမ်မွေ့စွာ အားပေးနားထောင်ကြပါရန် မေတ္တာရပ်ခံပါကြောင်း အတိုချုပ်မိန့်ကြား၍ စည်းမျဉ်းအရ ပထမ အလှည့်ကျသူ ဗုဒ္ဓဘာသာခေါင်းဆောင် အရှင်ဥက္ကဋ္ဌ ကို ဖိတ်ခေါ်လိုက်လေသည်။

ဆရာတော်အရှင်ဥက္ကဋ္ဌသည် သမ္မာကျမ်းစာများနှင့် မှတ်စုများကိုယူ၍ ဟောပြောမည့် စင်မြင့်ပေါ်သို့ တက်သွားသည်။ ထို့နောက် အောင်မြင်ခန့်ညားသော အသံဖြင့် ပရိသတ်ပေါက်အောင် ဟောပြောလေတော့သည်။

``အို..... ခရစ်ယာန်ဓမ္မဆရာအပေါင်းတို့......၊

ဦးပဇင်းတို့ရဲ့ ဗုဒ္ဓဂေါတမ ဘုရားရှင်ဟာ ဆင်ခြင်တုံတရားကို အများကြီး အားပေးတော်မူခဲ့ပါတယ်။ မည်သည့်တရားကိုမဆို မစုံစမ်း၊ မစစ်ဆေးဘဲ မယုံကြည့်ကြနဲ့လို့ ဂေါတမ ရှင်တော်ဘုရားက ဟောကြားတော်မူခဲ့ပါသည်။ ဗုဒ္ဓဘုရားရှင်ရဲ့ (ဧဟိပဿိကော) လာလှည့် ကြည့်လှည့် စမ်းကြည့် ဆိုတဲ့ ဂုဏ်မျိုးဆိုတာ ကမ္ဘာပေါ်မှာ ပေါ်ပေါက်လာတဲ့ ဘယ်ဘာသာတရားမှာမှ မရှိပါဘူး။ ဒီဂုဏ်မျိုးကို ဂေါတမရှင်တော်ဘုရားရဲ့တရားတော်မှာသာ တွေ့နိုင်ပါတယ်.........´´။

`` ဘာဖြစ်လို့ ဂေါတမ ရှင်တော်ဘုရားက လာကြည့်၊ စမ်းကြည့်လို့ ရဲရဲဝံ့ဝံ့ ပြောရဲတော်မူရသလဲ သူ့တရားဟာ မှန်ကန်ကြောင်း သေသေချာချာ သိတော်မူလို့ပေါ့ ၊ ဓမ္မဆရာကြီးတို့ရဲ့ ခရစ်တော်ဟာ ငါပြောတာသာ ယုံကြည်ကြ ၊ ဆင်ခြေမတက်ရဘူးလို့ ဘာကြောင့် ပြောခဲ့ရတာလဲ ၊ အဲဒါစဉ်းစားကြည့်ဖို့ ကောင်းပါတယ်။ ကိုယ့်တရားကို ကိုယ်တကယ် ယုံကြည့်စိတ်ချရင်

ရဲရဲ ကြီး ဆင်ခြေပေးနိုင်စွမ်း ရှိရမယ်မဟုတ်ပါလား။ သူ့တရားဟာ ယုံကြည် စိတ်ချရခြင်းမရှိဘူး။ ဝေဖန်ဆန်းစစ်မှု မရှိဘူးဆိုတာ ဒီအချက်ကပဲ ထင်ရှားနေပါပြီ ......´´၊(ဩဘာသံကြီး)။

`` အခုလည်း ဦးပဇင်းပြောခဲ့သမျှ ဟောနေသမျှနှင့် ပြောလတ္တံ့သော စကားတွေကို ပုဂ္ဂလဓိဋ္ဌာန်စွဲနှင့် မှန်တယ်လို့လည်း မယူဆစေလိုပါ ။ မှားတယ်လို့လည်း တစ်ဘက်သတ် ဆုံးဖြတ်ခြင်းကို အလျင်စလို မပြုလုပ်ကြစေလိုပါ။ လောကယုတ္တိ သဘာဝယုတ္တိ ရှိမရှိ စဉ်းစားဆင်ခြင်၊ စုံစမ်း စစ်ဆေးပြီးတော့မှ ယုံကြည်စေချင်ပါတယ်.....´´။

`` ကဲ......ဒီတော့ ဗုဒ္ဓဘာသာအကြောင်း ဦးပဇင်းအကျဉ်းချုံးပြီး ရှင်းရှင်းတင်ပြပါမယ်.။

+ ဗုဒ္ဓဘာသာဆိုသည်မှာ ဘာလဲ ?

+ ဘာကိုရည်မှန်းပြီး ဗုဒ္ဓဘာသာကို ဆည်းကပ်ကိုးကွယ်ကြသလဲ ?

+ ဗုဒ္ဓဘာသာရဲ့ ရည်မှန်းချက်ပန်းတိုင်ဟာ ဘာလဲ ?

+ အဲဒီပန်းတိုင်ရောက်ဖို့ ဘယ်တရား ၊ ဘယ်အကျင့်များဟာ ဗုဒ္ဓဘာသာဝင်တို့ရဲ့တာဝန်ဖြစ်သလဲ?

+ လောကီအနေဖြင့် ဘာအကျိုးရှိသလဲ ?

+ လောကုတ္တရာ အနေဖြင့် ဘယ်လိုဖြစ်သလဲ ?

``အဲဒါတွေကို သိရင် ဗုဒ္ဓဝါဒရဲ့ အနှစ်ချုပ်ကို သိရှိနိုင်ပါတယ်။ အဲဒီလို သိရင်ပဲ ဗုဒ္ဓဘာသာ၊ ဗုဒ္ဓဝါဒဟာ ကမ္ဘာမှာ အမြင့်မြတ်ဆုံးနဲ့ အမှန်ကန်ဆုံးဆိုတာ သဘောပေါက်သွားပါလိမ့်မယ်....´´။

`` ဗုဒ္ဓဘာသာဆိုတာ ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်း (၂၅၀၀)လောက် အိန္ဒိယနိုင်ငံမှာ အထောက်အထား ခိုင်ခိုင်လုံလုံနဲ့ပွင့်ပေါ်ခဲ့တဲ့ ဘယ်ဘာသာတရားမှာမှ မရှိတဲ့ သစ္စာလေးပါး အမှန်တရားကို ဆရာမကူ သယမ္ဘူဉာဏ်တော်နှင့် မိမိအလိုလို ကိုယ်တော်တိုင် ထိုးထွင်းသိမြင်တော်မူခဲ့တဲ့အတွက် ဗုဒ္ဓအမည် ဘွဲ့တော်ရှိတဲ့ ဂေါတမမြတ်စွာဘုရားရဲ့ အဆုံးအမဒေသနာတော်ကို ယုံကြည်လိုက်နာပြီး ဆည်းကပ်ခံယူတဲ့ ဘာသာဝါဒ ဖြစ်ပါတယ်....´´။

`` သံသရာဝဋ္ဋဒုက္ခမှ လွတ်မြောက်ရန် ရည်မှန်းပြီးတော့ ဗုဒ္ဓဘာသာ ဗုဒ္ဓဝါဒကို ဗုဒ္ဓဘာသာဝင်တွေက ဆည်းကပ် ခံယူခြင်းပဲ ဖြစ်ပါတယ်..´´။

`` ဗုဒ္ဓဘာသာရဲ့ရည်မှန်းချက်ပန်းတိုင်ဟာ ဝဋ္ဋဒုက္ခမှ အေးငြိမ်းရာ နိဗ္ဗာန်ဖြစ်ပါတယ်။ အဲဒီ ပန်းတိုင် ရောက်ဖို့အတွက် ဗုဒ္ဓဘာသာဝင်တွေက ဗုဒ္ဓဂေါတမ ညွှန်ပြဆုံးမတော်မူခဲ့တဲ့ တရားဓမ္မများကို ကိုယ့်အားကိုယ်ကိုး ကိုယ်တိုင်ကျင့်သုံးကြရမယ်။ အထူးသဖြင့် မဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရားကို ကျင့်သုံးကြရမှာက ဗုဒ္ဓဘာသာဝင်တိုင်းရဲ့ တာဝန်ဖြစ်ပါတယ်....´´။

`` ဗုဒ္ဓဘာသာဗုဒ္ဓဝါဒဟာ လောကီရေးရာ တိုးတက်ကြီးပွားမှုကို မဟန့်တားသလို ဆုတ်ယုတ်နိမ့်ကျမှုကိုလည်း အားမပေးပါဘူး။ ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူခဲ့တဲ့ သမ္မဒန်တရား လေးပါးနှင့်အညီ ကျင့်သုံးကြမယ်ဆိုရင် ငြိမ်းငြိမ်းချမ်းချမ်းနဲ့ပဲ လက်တွေ့မျက်တွေ့ကြီးပွားတိုးတက်နိုင်ပါတယ်၊ အဲဒီလို လောကီရေးရာများကို ဆောင်ရွက်ရင်းနဲ့ဘဲ လောကုတ္တရာတရားများကိုလည်း ကျင့်သုံးသွားနိုင်ပါတယ်။ ဗုဒ္ဓဘာသာကို ဆည်းကပ်လိုက်နာရင် ပတ်ဝန်းကျင်နဲ့လည်း သမဘာဂဖြစ်ပြီး အဆင်ပြေအောင်နေထိုင်နိုင်ပါတယ်။ လူမျိုးကွဲ ဘာသာကွဲတွေနဲ့ အတူနေထိုင်ဝန်မလေးပါဘူး၊ အထောက်အထား ဒေသနာတော်တွေ အများကြီးရှိပါတယ်။ အချိန်မရလို့ အဲဒါလောက်ပဲတင်ပြရတာပါ ...´´။

`` မဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရားကို ကျင့်သုံးပွားများပြီး အရာရာကို လက္ခဏာရေးနှင့်ရှုမြင်တတ်ရင် မဂ်တရား၊ ဖိုလ်တရားများကို ရရှိပြီးတော့ ဝဋ္ဋဒုက္ခငြိမ်းရာ နိဗ္ဗာနဓါတ် သန္တိသုခ

အလွန်အေးမြတဲ့ ချမ်းသာကို အခု မျက်မှောက်ကာလမှာပင် ရနိုင်ပါတယ်။ အဲဒါလောကီရေးနှင့် အလွန်ခြားနားတဲ့ လောကုတ္တရာပဲ ဖြစ်ပါတယ်.....´´။

`` နည်းနည်းထပ်ပြီး ရှင်းပြပါ့မယ်၊ ဗုဒ္ဓဘာသာဟာ အနန္တဝါဒ ၊အနန္တလမ်းစဉ် ၊ အနန္တ ဒေသနာတို့ကိုပါ အခြေတည်ပြီး ပေါ်ပေါက်လာတဲ့ ဘာသာဖြစ်တဲ့အတွက် ကမ္ဘာပေါ်ရှိ ဘယ်ဘာ သာနှင့်မှ မတူအောင် ထူးခြားတဲ့ ဘာသာဝါဒကြီးဖြစ်ပါယ်.....´´။

`` အနန္တဝါဒအရ ဒီလောကသုံးပါးမှာ ဘာတစ်ခုမှ အစိုးရခြင်းမရှိပါဘူး ၊ မိမိရဲ့သား သမီး စီးပွားဥစ္စာကို မဆိုထားနဲ့ ၊ မိမိခန္ဓာကိုယ်ကိုပင် အပိုင်စိုးနိုင်ပါ၊ ကိုယ်က မစိုးပိုင်သလို ဘယ်သူဘယ်ဝါကမှလည်း စိုးပိုင်နိုင်တဲ့ အခွင့်အလမ်း မရှိပါဘူး ။ အဲဒီမပိုင်စိုးတဲ့ တရားစုတို့ တည် နေရာ မှီရာဖြစ်တဲ့ ဒီသံသရာမှ ကင်းလွတ်ရာသည်သာလျှင် ဇာတိ၊ ဇရာ ၊ ဗျာဓိ ၊မရဏ ၊သောက၊ ပရိဒေဝ ၊ဒုက္ခ ၊ ဒေါမနဿ ၊ဉပါယာသ တို့ရဲ့ ကုန်ရာငြိမ်းရာ ဖြစ်တယ်လို့ ယုံကြည်လက်ခံထားပြီး အားထုတ်တဲ့ ဘာသာဖြစ်ပါတယ်...´´။

`` ဘယ်ဘုရား ၊ ဘယ်ဣန္ဒြေပါတ်ရှင်ကမျှ ကယ်တင်လိမ့်မည်ဟု မျှော်လင့်တောင့်တ နေတဲ့ ဘာသာမျိုးလည်း မဟုတ်ပါဘူး။ ကိုယ့်အားကိုယ် ကိုးပြီး ကိုယ့်ဒုက္ခအသီးသီးမှ ချုပ်ငြိမ်း အောင် ကိုယ့်ဟာကို အားထုတ်သွားရတဲ့ လုပ်ငန်းသာလျှင် ဗုဒ္ဓဘာသာ ဗုဒ္ဓဝါဒမှာ ရှိပါတယ်။ ဒါ ကြောင့် ဗုဒ္ဓဘာသာမှာ ပုဂ္ဂိုလ်စွဲ အားထားမှု မရှိပါဘူး၊ ဓမ္မသက်သက်သာ ရှိပါတယ်၊ ပြုပြင်ပြောင်း လဲမှု သင်္ခါရတို့ရဲ့ ကုန်ရာ ငြိမ်းရာ အသင်္ခတ သည်သာ ဗုဒ္ဓဘာသာရဲ့ ပန်းတိုင်ဖြစ်ပါတယ်´´။

`` အထူးသဖြင့် ဗုဒ္ဓဘာသာဟာ ဘုံဘဝကို မျှော်လင့်တောင့်တတဲ့ စိတ်နဲ့ကုသိုလ် ကောင်းမှု လုပ်ဖို့ မဟုတ်ပါဘူး၊ ငရဲနဲ့ခြောက်လန့်ထားတဲ့ အတွက် ကြောက်လန့်ပြီးတော့ အကု သိုလ်ကို ရှောင်တာမျိုး မဟုတ်ပါဘူး၊ ဧကန်အမှန်အားဖြင့် မလုပ်ထိုက်တဲ့ အလုပ်ပဲ ၊ မကျူးလွန် ထိုက်တဲ့ အမှုကိစ္စပဲလို့ ကိုယ်တိုင် သုံးသပ်နားလည်ပြီး အကုသိုလ်မလုပ်တာ အကုသိုလ်ကို ရှောင် ကြဉ်တာဟာ ဗုဒ္ဓဘာသာအစစ်အမှန် ဖြစ်ပါတယ်။ ငရဲနှင့်ခြောက်လန့်လို့ ကြောက်ပြီးတော့ မလုပ်ပဲ ရှောက်ကြဉ်တယ်ဆို မှုမှန်တဲ့ ရှောင်ကြဉ်မှုမျိုး မဟုတ်ပါ ။ ကြောက်လို့သာ ရှောင်ကြဉ်မှုမျိုး ဖြစ်ပါ တယ်။ အဲဒီသီလမျိုးဟာ ဗုဒ္ဓဘာသာက လက်ခံတဲ့ သီလာသဘောမျိုး မဟုတ်ပါဘူ´´။

`` အဲဒီလို ငရဲကိုကြောက်ပြီး ရှောင်ကြဉ်နေတဲ့သူဟာ ငရဲနှင့်သာ ခြောက်လန့် မခံရ လျှင် ငရဲမကြီးဘူးဆိုရင် လုပ်မယ့်သဘောမျိုး ဖြစ်မနေပေဘူးလား``။

`` ဒါကြောင့် ငရဲကို ကြောက်လို့ ရှောင်ကြဉ်နေသူနဲ့ ငရဲကြောင့်မဟုတ်ဘဲ မလုပ်အပ်တဲ့ တရား၊ မကျူးလွန်ထိုက်တဲ့ တရားလို့ သဘောပေါက်ပြီး ရှောင်ကြဉ်သူတို့ဟာ အလွန်ပဲခြားနားလှပါ တယ်။ ဗုဒ္ဓဘာသာက မလုပ်အပ်တဲ့အရာကို စာနာထောက်ထားပြီး ရှောင်ကြဉ်ခြင်းကိုသာ သီလအ ဖြစ် လက်ခံပါတယ်။ ထိုနည်းတူစွာပဲ ကုသိုလ်ကောင်းမှု ပြုတဲ့နေရာမှာလည်း ဝဋ်သုံးပါး သံသရာက လွတ်မြောက်လိုတဲ့ ဆန္ဒနှင့် သန့်စင်စွာ ပြုလုပ်တဲ့ ။ အားထုတ်တဲ့ ကုသိုလ်ကောင်းမှုမျိုးကိုသာ ဗုဒ္ဓ ဘာသာက လက်ခံပါတယ်``။

`` ဘုံဘဝကို ခံစားစံစားခြင်လို့ လာဘ်ထိုးပသတဲ့ ပူဇော်တဲ့အနေနှင့် လာဘ်ထိုးပသပူ ဇော်တဲ့ အနေနဲ့ ကုသိုလ်ကောင်းမှု ပြုခြင်းဟာ ဗုဒ္ဓဘာသာနှင့် ဆိုင်တဲ့တရားစုမှ ပေါက်ဖွားလာတဲ့ စေတနာမျိုးမဟုတ်ပါဘူး။ မျှော်လင့်ခြင်းနဲ့ ဘေးဘယာကို ငဲ့ပြီးတော့ ပြုလုပ်တဲ့ အလုပ်မျိုးဖြစ်တဲ့ အတွက် ရိုးသားသန့်စင်မှုနဲ့ ကင်းလွတ်ခြားနားလှပါသည်။ တစ်စုံတစ်ယောက်မှာ အကူအညီလို နေလို့ပဲ ဖြစ်ဖြစ် ထောက်ထားစာနာတဲ့ စိတ်နဲ့ပဲဖြစ်ဖြစ် မျှော်လင့်ချက်မထားဘဲ ၊ ပြုလုပ်တဲ့ကုသိုလ် ကောင်းမှုဟာ အလွန်ဖြူစင်သလို ကြောက်လန့်၍မဟုတ်ဘဲ မလုပ်ထိုက်လို့ ရှောင်ကြဉ်တာဟာ မွန် မြတ်တဲ့ ကိုယ်ကျင့်တရား သိက္ခာသီလစစ်သီလမှန် ဖြစ်ပါတယ်´´

``အဲဒါ ဘာကြောင့်လဲ ? ´´

``ဗုဒ္ဓဘာသာဟာ ကိုယ့်စီးပွားနှင့် ပတ်သက်လို့ မျှော်မှန်းခြင်း ကင်းမဲ့ပြီး စေတနာသဒ္ဓါသက်သက်နဲ့သာ ဒီလောကရဲ့ ကောင်းမှုဆိုးမှုတို့ကို ကြည့်ရှုဆင်ခြင်တဲ့ အနန္တဝါဒကြောင့် ဖြစ်ပါတယ်။ ဗုဒ္ဓဘုရားရဲ့ အနန္တဝါဒနဲ့ အလွန်ခြားနားဆန့်ကျင်တဲ့ ဝါးကတော့ လူတွေကို ဖြူစင်တဲ့ စေတနာမှ ကင်းလွတ်စေသော ခြောက်လန့်မှု မျှော်မှန်း၍ တောင့်တစေမှု အစရှိသော မှိုင်းများနှင့် အမြဲတမ်း တိုက်ထားတဲ့ အတ္တဝါဒသာဖြစ်ပါတယ်``။

`` ဦးပဇင် အခုပြောတာတွေဟာ ပုဂ္ဂလမိဋ္ဌာန်စွဲနဲ့ ပြောတာ မဟုတ်ပါဘူး။ ဦးပဇင်းပြောတာတွေကို လောကယုတ္တိ သဘာဝယုတ္တိ ရှိ/မရှိ ကိုယ်ပိုင်ဉာဏ်ဖြင့် ပရိသတ်များ စဉ်းစားဆင်ခြင်သုံးသပ်ကြဖို့ တင်ပြရခြင်းသာ ဖြစ်ပါတယ်´´။

`` ယခုလို ယှဉ်ပြိုင်ပြောရတော့ ဦးပဇင်းအနေနဲ့ နိုင်ရင်ပြီးရောဆိုပြီး အကြောင်းနှင့်အကျိုးမစပ်တဲ့ စကားတွေ၊ အဓိပ္ပါယ်ကင်းမဲ့တဲ့ သဘောထားတွေကို ဦးပဇင်းမပြောပါဘူး။ ဦးပဇင်းတို့ ဗုဒ္ဓတရားတော်များဟာ အဓိပ္ပါယ်မရှိတဲ့ စကားမျိုးတွေကို တရားသဘောနှင့် လက်ခံယုံကြည်တာမျိုးမဟုတ်ပါဘူး။ တကယ့် သဘာဝနှင့် ကိုက်ညီမှသာ ဦးပဇင်းတို့ရဲ့ မူလဗုဒ္ဓဂေါတမဘုရားဟာ တရားတော် အဖြစ် ဟောပါတယ်။ ပြောခဲ့ပါတယ်´´။

``အဲ....... ဒါပေမဲ့ ဘုရားဟောမဟုတ်ပဲနဲ့ ဘုရားဟောဆိုပြီး နောက်ရေးတဲ့ ကျမ်းများမှာ ပါတာတွေ ရှိသပေ့ါလေ။ ပြဟ္မဏဝါဒီတွေးက ထိုးသွင်းထားတာတွေ လည်း ရှိပါတယ်။ ဒါမျိုးတွေကတော့ ဦးပဇင်းတို့ ဗုဒ္ဓဘာသာကျမ်းများမှာသာ မဟုတ်ပါဘူး။ ခရစ်ယာန်ကျမ်းတွေမှာလည်း နောက်စာရေးဆရာများ ရေးတဲ့ကျမ်းတွေ နောက်ပေါ်လက်သစ်အာဘော်တွေ အမျိုးမျိုးတိုးပွားလာကြတာကို ဒီမှာရောက်နေကြတဲ့ ဓမ္မဆရာကြီးများလည်း သိကြပြီးဖြစ်ပါတယ်။ မနက်ကလည်း ဦးပဇင်း ပြောသင့်သလောက် ပြောခဲ့ပါတယ်။ အခုနည်းနည်းထပ်ပြီး ပြောပါဦးမယ်´´။

`` ဘယ်လောက်ထိအောင် ဓမ္မကျမ်းစာနှင့်တကွ မူလခရစ်တော်ရဲ့ မေတ္တာနဲ့ ဆန့်ကျင်တဲ့ ကျမ်းများ ပေါ်လာသလဲဆိုရင် ခရစ်သက္ကရာဇ် ၁၂၃၃ ခုနှစ်လောက်မှာ နဝမမြောက် (ပုပ်ရဟန်းမင်းကြီး ``ဂရီဂေါရီ´´လက်ထက်မှာ `အင်န်ကွီဇီးရှင်း´) ဆိုတဲ့ ဘာသာရေးဆိုင်ရာ ဥပဒေကြီးကို ထာဝရဘုရား အလိုတော်ကျ ဆိုပြီး ထုတ်ပြန်ကြေညာခဲ့ပါတယ်´´။

`` အဲဒီ အချိန်တုန်းက ဥရောပနိုင်ငံအားလုံးမှာ ရှိနေကြတဲ့ ဘုရင်တွေ ၊ အာဏာပိုင်တွေ ဆိုတာကလည်း ရိုမန်ကစ်သလစ်ဂိုဏ်းဝင်တွေဆိုတော့ နာယက ပုပ်ရဟန်းမင်းကြီးရဲ့အမိန့်ကို အားလုံးပဲ လိုက်နာရှိသေခဲ့ကြရပါတယ်´´။

`` အဲဒီတွင်ပဲ ပုပ်ရဟန်းမင်းရဲ့ အမိန့်အရ ဘာသာရေး ဘန်းပြပြီး ခရစ်ယာန်ဘုန်းကြီးတွေဟာ သက်ဦးဆန်ပိုင် ဘုရာသဖွယ် ဥရောပလူသားလောကကြီးကို အတော်ပဲ ရက်ရက်စက်စက် ကိုယ်ကျိုးရှာသွားကြတာတွေ အများကြီးရှိခဲ့ပါတယ်´´။

``အဲ....ခုနင်က (အင်န်ကွီဇီးရှင်း) ဆိုတဲ့ စကားရဲ့အဓိပ္ပါယ်ကတော့ ဘာလည်းဆိုရင် ခရစ်ယာန်ဘာသာကို မယုံကြည်တဲ့ အပြစ်တစ်စုံတစ်ရာကို ပြောတဲ့လူကို အပြစ်ဒါဏ်ပေးမယ်၊ ဒီလို အပြစ်ပေးရုံတင် မကဘူး ၊ နောက်ဘဝမှာ လည်း ငရဲက မတက်ရအောင် ဒါဏ်ခတ်ခံရမယ်လို့ ဆိုပါတယ်´´။

`` ဒီတော့ ဘာတွေဖြစ်သလဲဆိုရင် ပုပ်ရဟန်းမင်းရဲ့ အမိန့်အရဆိုပြီး ခရစ်ယာန်ဘာသာကို မယုံကြည့်တဲ့ လူတွေကို နိုပ်စက်လိုက်ကြတာ ပြင်သစ်နိုင်ငံ အနောက်တောင်ပိုင်းမှာ ရှိတဲ့ (လန်ဂူးဒေါ်)နယ်က(အဲလ်ဘီးရှား) လူမျိုးတွေမှာ ဆိုရင် မိန်းမ ယောက်ျား နို့စို့ကလေးပါမကျန် မီးလောင်တိုက်သွင်းပြီး အသတ်အဖြတ်တွေ ခံကြရပါတယ်´´။

`` အဲဒါ ဦးပဇင်းက အရမ်းပြောတာ မဟုတ်ပါဘူး ၊ ဥရောပရာဇဝင်က အခိုင်အမာ ပြောတာ ပါ မယုံရင် ခရစ်ယာန်ဘာသာနှင့် ဥရောပသမိုင်းစဉ်ကို ဖတ်ကြည့်ပါ ၊ အခု ဒီဓမ္မဆရာကြီးတွေ ငြင်းကြမလား ၊ ငြင်းနိုင်ရင်ငြင်းပါ ၊ မနက်က ဓမ္မဆရာကြီး ဦးသာဒင်က ပြောသွားတယ်၊ သူတို့ရဲ့ ဓမ္မကျမ်းစာတွေက လူသားလောကကြီးရဲ့ ကောင်းစားရေးနဲ့ တမလွန်ကောင်းကင်ဘုံကောင်းစား ရေးတွေကို မေတ္တာဆိုတဲ့ ကြီးမားသော ကရုဏာကြီးနဲ့ ပြုလုပ်ထားတဲ့ ဘာသာဖြစ်လို့ အလွန်ကောင်းပါတယ်လို့ ပြောသွားပါတယ်´´။

`` ဒီဓမ္မဆရာကြီးတွေလည်း တစ်နေ့ ဒီလိုများ (အင်န်ကွီဇီးရှင်း) ဥပဒေကြီးကို မြန်မာပြည် မှာ လုပ်ဦးမှာလား မပြောတတ်ပါဘူး´´။

`` ဦးပဇင်းတို့ ဗုဒ္ဓဘာသာတွေတော့ အကုန်သေကြရမှာပဲ ထင်တယ်။ ဒိဋ္ဌစစ်ဆေးပုံ၊ အပြစ်ပေးပုံတွေကလည်း ရာဇဝင်သမိုင်းမှာ အလွန်ပဲကြမ်းလှပါတယ်။ ဒါတွေကို အထူးမပြော တော့ပါဘူး စိတ်ပျက်စရာ ကောင်းလွန်းလို့ပါ (ချက်ကိုစလိုဘေးကီးယား)မှာဆိုရင် ခရစ်ယာန်တွေ ကိုထပြီး ပုန်ကန်လိုက်တာ ဥရောပတစ်ခွင်လုံး အတော်ပဲ ကူးစက်သွားလို့ စစ်ကြီးတွေ ဖြစ်လိုက်ကြတာ အကြာကြီးပါပဲ ´´။

`` သေလိုက်ကြတာတွေလဲ မနည်းပါဘူး။ ဒါဟာ လူတစ်ယောက်ရဲ့ စေတနာနဲ့ ယုံကြည် ချက်ကို လက်မခံဘဲ ၊ အတင်းယုံကြည့်အောင်ပြုလုပ်တဲ့ အဓမ္မစနစ်ကြောင့်ပဲ ဖြစ်ပါတယ်´´။

`` အဲဒီ ပွဲတွေမှာ ခရစ်ယာန်ဘုန်းကြီးတွေရဲ့ အမိန့်နဲ့ အရှင်လတ်လတ် မီးရှို့ပြီးသတ်ပုံ ကို ပြောရရင် ဟောဒီပရသတ်ကြီး ကြက်သီးထလောက်ပါတယ်။ လူပေါင်းသန်းနှင့်ချီပြီး အသက် တွေ စွန့်ခဲ့ရတယ် ၊ နောက်ပိုင်းမှာ လူတွေကို ဒီနည်းနှင့် လုပ်လို့မရမှန်း သိလာတော့မှ ကျမ်းတွေကို တမျိုးတဖုံ ပြောင်းလဲပြီး (မာတင်လူသာ) အစရှိတဲ့ ခရစ်ယာန်ခေါင်းဆောင်ကြီးတွေက ရေးကြပြီး အသစ်ပြန်လုပ်ကြတယ်´´။

`` ဒါတောင် (မာတင်လူသာ)ကို ရိုမန်ကက်သလစ်တွေက ဒိဋ္ဌိ စာရင်းထဲ ထည့်လိုက်ကြ သေးတယ်။ လူထုတွေက တောင့်ပြီး ခံပေးလိုက်လို့သာ အခု (လူသာရင်း) ဂိုဏ်းကြီးအဖြစ်နဲ့ ခရစ်ယာန်ဘာသာကြီး အဖြစ်နဲ့ ၊ ခရစ်ယာန်ဘာသာကြီးတစ်ရပ် ရပ်တည်နေနိုင်ခဲ့ကြတာ ဖြစ်ပါတယ်´´။

`` ဒါဟာ ကျမ်းပြုဆရာတွေက ခရစ်ယာန်ကျမ်းတွေကို ကိုယ်ကျိုးကြည့်ပြီး လောဘဇော နဲ့ ထင်ရာတွေကို ဘုရားဟောလုပ်ရေးကြလို့ (အင်န်ကွီဇီးရှင်း) ဖြစ်ပေါ်လာကြရတာပဲ ။အဲ... ဦးပဇင်းတို့ ဗုဒ္ဓဘာသာမှာလည်း နည်းနည်းပါးပါး ကင်းတော့မကင်းပါဘူး၊ ဒါပေမဲ့ ဒီလောက်အထိ ရက်ရက်စက်စက် ဖြစ်စေတဲ့ ကျမ်းမျိုးမပါပါဘူး၊ ဦးပဇင်း အတိအလင်း ပြောရဲပါတယ်´´။

`` အခု ဓမ္မဆရာကြီးများလည်း ဘုန်းကြီးစာတွေ သင်ခဲ့ဖူးတဲ့ ဘုန်းကြီးလူထွက် ပဂေးကြီး တွေပဲ ။ သူတို့လည်း အဲဒါတွေ သိလျှက်နဲ့ ခရစ်ယာန် ဖြစ်မယ့်ဖြစ်သွားရတာနဲ့တူပါတယ်။ ခရစ်ယန်(အင်န်ကွီဇီးရှင်း)ဥပဒေလောက် ရက်စက်တဲ့ ဥပဒေမျိုး ဦးပဇင်းတို့ ဗုဒ္ဓဘာသာမှာ မရှိပါဘူး ၊ ဒါကို သူတို့လည်း သိကြပါတယ်။ ဘယ့်နယ်လဲ ဆရာကြီးတို့ မှန်တာကို ဝန်ခံကြစတမ်း ဆိုရင် ဆရာကြီးတို့ရဲ့ ခရစ်ယာန်ကျမ်းများနဲ့ ဗုဒ္ဓဘာသာဘက်က ကျမ်းတွေကို အကြမ်းအရမ်း ခြင်း ပြိုင်ကြရင် ဗုဒ္ဓဘာသာက ရှုံးမယ်ဆိုတာ ဆရာကြီးတို့ သိတယ်မဟုတ်လား´´။

`` ခရစ်ယာန်ဓမ္မဆရာကြီးများကို ဦးပဇင်းအထူးမေတ္တာရပ်ခံ လိုတာကတော့ မိမိတို့ကိုယ် ပိုင်ဉီးနှောက်ကို အသုံးပြုကြပါ ၊ ယုတ္တိ ရှိ/မရှိ စဉ်းစားကြပါ။ မျက်ကမ်းယုံမျိုး ၊ မျက်ကမ်းနောက် လိုက်မျိုးတော့ မဖြစ်ကြပါစေနဲ့ ၊ အကြောင်းအကျိုးဆက်စပ်မှု ၊ ယုတ္တိ ရှိ/မရှိ ဆင်ခြင်ကြပါ၊ (ဘလိုင်းဖိတ်သ်) ဆိုတဲ့ အကမ်းယုံ အရမ်းယုံကို စွန့်ပစ်ကြပါ၊ စဉ်းစားဉာဏ်ရှိသူတိုင်းဟာ

ယုတ္တိကင်းတာကို ပယ်ပြီး ယုတ္တိရှိတာကိုသာ ယုံကြည့်ကြပါတယ်။ လိုက်နာလက်ခံ ကျင့်သုံးကြပါတယ်။ ဦးပဇင်းက ဗုဒ္ဓဘာသာကို ယုံပါလို့ မဆိုလိုပါဘူး ။ သဘာဝကျကျ ဟုတ်ထိုက်မဟုတ်ထိုက် စဉ်းစားကြဖို့ လိုပါတယ်´´။

`` ကဲ ... ဗုဒ္ဓဘာသာအကြောင်း တင်ပြပြီးတဲ့နောက် မိတ်ဆွေတို့ရဲ့ ထာဝရဘုရားရဲ့ သမ္မာကျမ်းစာတွေ ယုတ္တိ ရှိ /မရှိ ကြည့်ကြရအောင်´´။

`` မိတ်ဆွေတို့ရဲ့ ဓမ္မဟောင်းကျမ်းအပါအဝင် (ကမ္ဘာဦးကျမ်း)အရ ဒီကမ္ဘာကြီးကို ခရစ်မပေါ်မီ ၄၀၀၄ ခုနှစ်မှ ထာဝရဘုရားသခင်က ဖန်ဆင်းတယ်လို့ ဆိုပါတယ်။ ကဲ.....အဲဒါကို စဉ်းစားကြည့်ကြရအောင်........အဲဒီခုနှစ်နှင့် အခုခရစ်သက္ကရာဇ် ၁၉၃၆ ခုကို ပေါင်းထည့်လိုက်တော့ နှစ်ပေါင်း ၅၉၄၀ သာ ဒီကမ္ဘာရဲ့ သက်တန်းရှိတော့တယ် ။ အဲဒီတော့........ ဒီစကားဟာ ဘယ်လောက်မှန်သလဲဆိုတာ ဆန်းစစ်ကြည့်ကြစို့ အခုခေတ်ပေါ် လောကဓာတ်ပညာဖြင့် များစွာ ဆန့်ကျင်ကွာခြားနေပါတယ် (ဂျီဟိုလောဂျစ်)ခေါ်တဲ့ လောကဓါတ်ပညာ ပထဝီ ဗေဒဆရာများကတော့ ဒီကမ္ဘာရဲ့ အသက်ဟာ အခွန့်ရှည်လှပြီတဲ့ ၊ အီဂျစ်ပြည်က (မန်မီ) လို့ခေါ်တဲ့ ဆေးဖြင့်ပြုလုပ်စီရင်ထားတဲ့ လူအလောင်းကောင်း ခြောက်များဟာ နှစ်ပေါင်း ခုနှစ်ထောင်ကျော်နှင့် ရှစ်ထောင်ရှိပြီလို့ ဆိုကြပါတယ်။ အနည်းဆုံး နှစ်ပေါင်းခြောက်ထောင်ကျော်ပြီလို့ ပြောကြပါတယ်။ (အီလူရင်းန်) လို့ ခေါ်တဲ့ ကျောက်ဆောင်များတဲ့ အသက်ဟာ နှစ်ပေါင်း ငါးသန်းကျော်ရှိပြီလို့ ပထဝီဗေဒ ပညာရှင်များက တသံတည်း ယူဆဆုံးဖြတ်ထားကြပါတယ်´´။

`` ကဲ....ဒီတော့ကာ မိတ်ဆွေတို့ရဲ့ ကမ္ဘာဦးကျမ်းကလာတဲ့ စကားဟာ စဉ်းစားဖို့ မလိုပေဘူးလား။ စဉ်းစားလိုက်တဲ့အခါ ယုတ္တိကင်းမဲ့နေတာကို တွေ့ရပြီမဟုတ်လား။ ကမ္ဘာဦးကျမ်းရဲ့ အဆိုကို ခရစ်ယာန် လောကဓါတ်သိပ္ပံဆရာကြီးများကတောင် အတည်မပြုနိုင်အောင် ဖြစ်နေကြပြီ မဟုတ်လား´´။

`` ပြီးတော့ မိတ်ဆွေတို့ရဲ့ ထာဝရဘုရားဟာ ကမ္ဘာဟောင်းကိုသာ ဖန်ဆင်းခဲ့တယ်၊ ကမ္ဘာသစ်ဖြစ်တဲ့ တောင်အမေရိကတိုက်နှင့် မြောက်အမေရိကတိုက်တို့ကို ဖန်ဆင်းခဲ့ပုံမရဘူး။ ဘာကြောင့်လဲဆိုတော့ ကမ္ဘာသစ်အကြောင်း ဓမ္မာဟောင်း ဓမ္မာသစ်ကျမ်း နှစ်ကျမ်းလုံးမှာ အရိပ်အမြွက်မျှတောင် မပါဘဲကိုး။ ပါတယ်ဆိုရင် အထောက်အထားတိတိကျကျ ပြပါ ။ ဒါ ဦးပဇင်းက ဘလိုင်း ပြောနေတာ မဟုတ်ပါဘူး ၊ ဟောဒီမှာ ဓမ္မဟောင်းရော ဓမ္မသစ်ရော အားလုံးရှိပါတယ်။ ဘယ်အခန်းမှာ ပါတယ်ဆိုတာ ၊ ပြနိုင်ရင် ဦးပဇင်းက ဝန်ချတောင်းပန်ဘို့ အသင့်ပါပဲ´´။

``အမေရိကတိုက်ကို ခရစ်သက္ကရာဇ် ၁၄၀၀ကျော်ရောက်ပါမှ စပိန်လူမျိုး (ခရစ်တိုဖာ ကိုလံဘတ်)က သွားပြီးတွေ့တယ် မဟုတ်လား ။ ဓမ္မာဟောင်းကျမ်းတွေ အလိုကတော့ အခုထိ ဘယ်သူမှ သိနိုင်မှာ မဟုတ်သေးဘူး။ ထာဝရဘုရားသခင်ဟာ သူ့ရဲ့အချစ်တော်များ ဖြစ်ကြတဲ့ ဣသရေလ (ဂျူး) လူမျိုးတို့ကို အီဂျစ်ဘုရင် (ဖာရို) လက်အောက်မှ ကယ်တင်ပြီး (ပါလီစတိန)ပါ လက်စ်တိုင်းကို ပို့မယ့်အစား အဲဒီဘုရင် မလိုက်နိုင်တဲ့ ဟိုသမုဒ္ဒရာ တစ်ဘက်ကမ်းက ဘေးကင်းရန်ကင်းဖြစ်တဲ့ အမေရိကတိုက်ကိုများ သွားပို့လိုက်ဖို့ မကောင်းပေဘူးလား။ သူဖန်ဆင်းတဲ့ ကမ္ဘာဆိုရင် အမေရိကဟာ အလွန်သဘာဝ ပစ္စည်းပေါများပြီး ကျယ်ပြန့်တဲ့ နိုင်ငံကြီး မဟုတ်လား။ အဲဒါကို မလုပ်ခဲ့တာကို ထောက်ခြင်းအားဖြင့် ထာဝရဘုရားရဲ့ ဖန်ဆင်းပုံဟာ နေရာမကျသေးပါဘူး ၊ မပြည့်စုံဘူးလို့ဘဲ ဆိုရမှာပေါ့ ၊ ပြီးတော့ ဦးပဇင်းရဲ့ မိတ်ဆွေတွေ ဖြစ်ကြတဲ့ ခရစ်ယာန် ဓမ္မဆရာများက ဖန်ဆင်းပုံကို တော်တော်များများ အဲဒီ ထာဝရဘုရား ဖန်ဆင်းပုံကလည်း တော်တော်ပဲ စဉ်းစားစရာ ဖြစ်နေပြန်တယ်´´။

``ဘာလဲ....... ဖန်ဆင်းတယ် ၊ ဖန်ဆင်းတယ်နဲ့ တကယ်ပဲ ဖန်ဆင်းတယ်ထားပါတော့၊ အဲဒီလို ဖန်ဆင်းတဲ့ နေရာမှာ အစီအစဉ်မတဲ့တာတွေ ပြောပါရစေ ၊ အာဃာတသဘော မဟုတ်ပါဘူး ၊ သဘာဝယုတ္တိအတွက်ပါ´´။

`` ပထမနေ့မှာ ကောင်းကင်နဲ့မြေကြီးကို ဖန်ဆင်းတယ်၊ ဒုတိယနေ့ကျတော့ မိုးမျက်နာကျက်ဖြစ်စေ ၊ ရေနှင့်ရေခြင်း ခြားနားစေဆိုတဲ့ စကား မိန့်ကြားပြီး။ တတိယနေ့မှာ သစ်ပင်အမျိုးမျိုးကို ဖန်ဆင်းတယ် ၊ စတုတ္ထနေ့မှာ နေကို ဖန်ဆင်းတယ် ၊ အဲဒါ မိတ်ဆွေတို့ရဲ့ ဓမ္မဟောင်းကျမ်းထဲမှာ ပါတဲ့ အတိုင်းပဲ ၊ အဲဒီအထဲမှာ နေကို မဖန်ဆင်းမှီ သစ်ပင်အမျိုးမျိုးဖန်ဆင်းတယ်ဆိုတာ ဆန်းမနေဘူးဘား ၊ ဖြစ်နိုင်မဖြစ်နိုင်စဉ်းစားကြပါ ၊ သစ်ပင်များဟာ နေရဲ့အလင်းရောင်ကို မရဘဲ မရှင်သန်နိုင်ဘူးဆိုတာကို ဟောဒီ ပရသတ်ထဲက တောင်သူလယ်သမားတိုင်း သိပါတယ်။ ယခုကာလ လောကဓတ်ဆရာတွေကလည်း ချက်ခြင်းလက်တွေ့ပြနိုင်ကြပါတယ်။ ဒီတော့ကာ မိတ်ဆွေတို့ ထာဝရာဘုရားဟာ ဒီအစီအစဉ်မှ နားမလည်ရာ မရောက်ပေဘူးလား၊ စဉ်းစားကြပါ ၊ ပြီးတော့ နေမရှိဘဲနှင့် အလင်းရောင်ကို ဖန်ဆင်းတယ်တဲ့ ၊ ပြီးတော့ သစ်ပင်မြက်ပင်များ ရှုရှိုက်ဖို့ အောက်ဆီဂျင်+နိုက်တြိုဂျင်ဓတ်များကိုလည်း မဖန်ဆင်းခဲ့ဘူး ၊ ယခုပြောရတာက မိတ်ဆွေတို့ စဉ်းစားကြဖို့သာ ပြောရတာပါ အပြစ်ဆိုလိုတာ မဟုတ်ပါဘူး ´´။

``နောက်တတိယအချက်က ထာဝရဘုရားရဲ့ ပုံသဏ္ဍာန်ဖြစ်ပါတယ်။ ဓမ္မဆရာတစ်ယောက်က ထာဝရဘုရားဟာ ပုံသဏ္ဍာန်မရှိ ဂေါတမဘုရားမှာသာ ပုံသဏ္ဍာန်ရှာလို့ရတယ်လို့ ဆိုသွားပါတယ်၊ ထာဝရဘုရားဟာ ဝိညဉ်တော်သက်သက် ဖြစ်ပါတယ်တဲ့ ၊ ဒီမိတ်ဆွေ တစ်ယောက်သာ မဟုတ်ပါဘူး။ ခရစ်ယာန်တိုင်း အဲဒါကိုပဲ ပြောလေ့ပြောထရှိကြတယ်။ ဝိညဉ်တော်သက်သက်သာရှိတဲ့ ထာဝရဘုရားကို ဟုတ်မဟုတ် စဉ်းစားကြည့်ကြပါစို့´´။

`` ကမ္ဘာဦးကျမ်းမှာ ဆိုထားတာက (အာဒန်နှင့်ဧဝ) ဟာ မိတ်ဆွေတို့ ပြောတဲ့ ထာဝရဘုရားကို မြင်ဖူးကြသတဲ့ ၊ (နောဧ)ဟာလည်း သေသေချာချာ မြင်ရသတဲ့ ၊ (ရာကုတ်)ကတော့ မြင်ယုံတင်မကဘူး ၊ထာဝရနှင့်နပန်းတောင်ချကြသေးတယ်။ မိုးလင်းခါနီးကျတော့ ထာဝရဘုရားက လွတ်ခိုင်းတာကို မလွတ်တာနဲ့ ဝိညာဉ်တော်သက်သက် ရှိတဲ့ ထာဝရဘုရားက လက်သီးနှင့် ထိုးလိုက်လို့ ပေါင်ကျိုးသွားသေးသတဲ့ ၊ ကဲ.... အဲဒါ ဝိညာဉ်သက်သက် ထာဝရဘုရားမှာ လက်သီး ဘယ်ကရသလဲ စဉ်းစားကြပါ ´´။

`` အီဘရာဟင် ဆိုတဲ့လူက သူလည်း တွေ့ဖူးပါသတဲ့ ၊ ဒါတင်မက တစ်နေ့မှာ ထာဝရဘုရားဟာ အီဘရာဟင်အိမ်ကို လာပြီးတော့ ညစာတောင် စားသွားပါသေးသတဲ့ ၊ မောရှေကလည်း သေသေချာချာ မြင်ရတဲ့ လူပဲ ၊ အဲဒီတော့ ဓမ္မကျမ်းက ထာဝရဘုရားကို မြင်ဖူးတွေ့ဖူးသူ ငါးယောက် ရှိမနေပေဘူးလား ၊ ဒီလိုဆိုရင် ဝိညာဉ်သက်သက် ဖြစ်တယ်ဆိုတဲ့ စကားကို မစဉ်းစားထိုက်ဘူးလား ၊ စဉ်းစားကြပါ အရမ်းမယုံကြပါနဲ့´´။

`` ပြီးတော့ နာမ်ဝိညာဉ်သက်သက်ဖြစ်လို့ ပုံသဏ္ဍာန်မရှိဘူးတဲ့ အဲဒါသိရဲ့သားနဲ့ တမင်သက်သက်ပြောတာ ၊ သူတို့ ထာဝရဘုရားရဲ့ ပုံဏ္ဍာန်ကို ဓမ္မဟောင်းကျမ်းမှာ ပါတဲ့အတိုင်း ပြောရမှာ နည်းနည်း ရှက်တာနဲ့တူတယ်လို့ ယူဆနိုင်စရာ ရှိပါတယ်။ ဒါကြောင့် သိရဲ့သားနဲ့တမင်သက်သက်ဖုံးထားတာလို့ ဆိုရမှာပဲ ´´ ။

`` ဘာကြောင့်လည်းဆိုတော့.....ဗျာဒိတ်တော်ကျမ်း အခန်း(၁)၊အပိုဒ်(၁၄-၁၅-၁၆)မှာ ထာဝရဘုရားရဲ့ပုံသဏ္ဍာန်ကို သေသေချာချာ ဖေါ်ပြထားပါတယ်။ ပြီးတော့ အခန်း(၅)အပိုဒ်(၆)မှာလည်း ပါပါသေးတယ် ´´။

`` အဲဒီကျမ်းအရဆိုရင် ထာဝရဘုရားရဲ့ ပုံသဏ္ဍာန်ဟာ ခေါင်းမွေးက နှင်းကဲ့သို့ ဖြူတယ်။ မျက်လုံးက မီးရောင်ကဲ့သို့ တောက်ပတယ်။ ခြေထောက်က မီးရဲရဲ ဖုတ်ထားတဲ့ ကြေးနီဝါတဲ့တူ တယ်။ ညာဘက်လက်က ကြယ်(၇)လုံးကို ကိုင်ထားတယ်။ ပါးစပ်မှာ နှစ်ဘက်သွား ဓါးရှည်ကြီးနှစ် ချောင်း ထွက်နေတယ် ၊ ဦးချို (၇)ချောင်း ရှိတယ်။ မျက်လုံး(၇)လုံး ရှိတယ်။ အဲဒါ ထာဝရဘုရားရဲ့ ပုံပါပဲ ၊ အခုနေများ အဲဒီပုံ ရှိတဲ့ လူတစ်ယောက်ကိုများ တွေ့ရင် မိတ်ဆွေဖြစ်တဲ့ ဓမ္မဆရာတွေ အရင်ပြေးကြလိမ့်မယ်ထင်တယ်။ ဦးပဖင်းကတော့ ကြည့်ချင်တာနဲ့ မပြေးပါဘူး ။ ဘယ့်နယ်လဲ ဆရာကြီး ဦးသာဒင် .. ဆရာရှုတ်ချသွားတဲ့ ဂေါတမဘုရားရဲ့ လက္ခဏာတော်ကြီး (၃၂)ပါး၊ လက္ခာ တော်ငယ် (၈၀)ဆိုတဲ့ ပုံအဆင်းတော်နဲ့ ဘယ်လိုကွာခြားတယ်ဆိုတာ တွေ့ပြီမဟုတ်လား ´´ ။

`` စုတ္ထအချက်က ထာဝရဘုရား နေတဲ့အရပ်ပါ ၊ ထာဝရဘုရားရဲ့နေရာနှင့် ပတ်သက် လို့ မိတ်ဆွေ ဓမ္မဆရာတို့က မပြောခဲ့ဘူး။ မပြောခဲ့ကြတာကတော့ မသိကြလို့နဲ့ တူပါတယ်။ မိတ်ဆွေတို့ မသိသေးရင် ဦးပဖင်းကပဲ ပြောပြရသေးတာပေါ့ ။ ထာဝရဘုရားဟာ တန်ခိုးအကြီးဆုံး ဖြစ်တဲ့အတွက် ကောင်းကင်တစ်ခွင်မှာ အလှဆုံး အတောက်ပဆုံးဖြစ်တဲ့ မြောက်ဘက်ကောင်းကင် မှာ ရှိတဲ့ (အိုရီယင်) လို့ခေါ်တဲ့ ခုနစ်စဉ်ကြယ်ရဲ့ အလယ်ဗဟိုမှာ နေသတဲ့ ၊ အဲဒါဟာ ဦးပဖင်းအ ရမ်းပြောတာ မဟုတ်ပါဘူး ။ (လူးကပ်စ်အာရိဒ်) ရေးတဲ့ (အက်စ်ထရွန်နော်မီအင်န်ဘိုင်ဘယ်လ်)လို့ ခေါ်တဲ့ နေက္ခတ္တဗေဒနှင့် သမ္မာကျမ်းစာဆိုတဲ့ စာအုပ် ၊ (ဂေါ့ ဒ်စ် လင်း ပလေ့စ် ) ဆိုတဲ့ အခန်းမှာ ပါပါတယ်။ အဲဒီတော့ ထာဝရဘုရားနဲ့ နေရာ ထင်ရှားသွားပြန်တာပေါ့လေ ၊ အဲဒီစာအုပ်ကို ခရစ် ယာန်ဓမ္မ မိတ်ဆွေများ ဝယ်ပြီး ဖတ်ကြပါ။ အမေရိကန်ပြည်၊ ကာလီဖိုးနီးယား က ထုတ်ဝေပါတယ်၊ အဲဒီ ပုဂ္ဂိုလ်ကြီးကိုတော့ ဟောဒီ ထာဝရဘုရားရဲ့ နေရာကို မပြောတတ်တဲ့ ဓမ္မဆရာတွေက ကျေး ဇူးအများကြီးတင်ဖို့ ကောင်းပါတယ်။ မိတ်ဆွေတို့ပြောကြတဲ့ အတိုင်းသာဆိုရင် မိတ်ဆွေတို့ အင်မ တန် အထွဋ်အမြတ်ထားတဲ့ ထာဝရဘုရားမှာ နေစရာ နေရာမရှိသေးဘဲ ၊ အိုးမဲ့အိမ်မဲ့ အခြေအနေမဲ့ ဖြစ်သွားပါလိမ့်မယ် ´´။

`` ပဥ္စမအချက်ကတော့ ထာဝရရဲ့ သဘောထား ဖြစ်ပါတယ်။ တစ်ဘက်က မိတ်ဆွေ ဓမ္မဆရာတို့က ထာဝရဘုရားရဲ့ အကြောင်းကို အကောင်းချီးပဲ ပြောချင်ကြပါတယ်။ ထာဝရဘုရား ရဲ့ မကောင်းကြောင်းကိုတော့ ဓမ္မဟောင်း ဓမ္မသစ် နှစ်ကျမ်းလုံးမှာပါ တွေ့မြင်နေရပါလျှက်နဲ့ တ မင်ရှောင်ကွင်းပြီး ပြောသွားကြပါတယ်။ မိတ်ဆွေတို့က မပြောကြဘဲ ဖုံးကွယ်ထားကြလေတော့ ။ ဦးပဖင်းက လှစ်ဟပြီး ထာဝရဘုရားရဲ့ မကောင်းပုံတွေကို ပြောပြပါဦးမယ် ´´။

`` ဦးပဖင်းလည်း မိတ်ဆွေတို့ရဲ့ ထာဝရဟာ ဘုရားဆိုတော့ အကောင်းချည်းပဲ ဖြစ်စေလိုတဲ့ စေတနာထားပါတယ်။ ဒါပေမယ့် သမ္မာကျမ်းစာ ဖတ်ကြည့်လိုက်တဲ့အခါ ကျတော့မှ ဘုရားနဲ့ အံမကိုက်တဲ့ မကောင်းတာတွေပါတာ တွေ့ရပါတယ်။ ဒါက ဦးပဖင်း ပြောတာမဟုတ်ပါ ဘူး ။ သူတို့ သမ္မာကျမ်းစာအတိုင်းပြောရတာပါ ။ ဒါလည်း ထာဝရဘုရားကိုယ်တိုင်က ရိုးရိုးသား သား ဝန်ခံသွားတာလို့ ဆိုပါတယ် ´´။

`` (**ငါဟာ ငြူစူသော ဘုရားဖြစ်တယ်** )လို့ ထာဝရကိုယ်တိုင် တရားဟောရာကျမ်း၊ ၄း၂၄ ၌ ပြောခဲ့ကြောင်း ဓမ္မသစ်ကျမ်းမှာ တွေ့ရပါတယ်။ တစ်ခါ ဓမ္မဟောင်းကျမ်း ၊ တရားဟောရာ ကျမ်း ၇း၁၀ မှာလည်း (**ကိုယ်တော်ကို မုန်းသောသူတို့ကို ဖျက်ဆီးခြင်းငှာ သူတို့၏ မျက်မှောက်၌ အပြစ်ပေးသော ဘုရားဖြစ်တော်မူကြောင်းကို သိမှတ်လော့** ) လို့ပါရှိပါတယ်။ အဲဒီကျမ်း ၇း၁၆ မှာလည်း (**သင်၏ဘုရားသခင် ထာဝရဘုရားသခင်သည် သင်၌ ပေးအပ်တော်မူသော လူမျိုးအပေါင်းကို ဖျက်ဆီးရမည် ။ သင်၏ မျက်စိသည် သူတို့ကို**

**မသနားရ ၊ သူတို့ဘုရားအား ဝတ်မပြုရ ၊ ဝတ်ပြုလျှင် ထိမိ၍ လဲစရာအကြောင်း ဖြစ်လိမ့်မည်)** ပါရှိပါတယ် ´´။

``ထာဝရဘုရားဟာ တစ်ခြားဘုရားတွေကို ယုံကြည်တဲ့လူတွေကို သဘောကျဟန်မတူဘူး၊ ငါမှတစ်ပါး တစ်ခြားဘုရားတွေကို မကြည်ညိုကြနဲ့ လို့ ပြောခဲ့တယ်၊ ယေရှုကလည်း တစ်ခြားဘုရားတွေကို ပုတ်ခတ်တယ်။ ဓမ္မဟောင်း ၊ ဓမ္မသစ် နှစ်ကျမ်းလုံးမှာ အဲဒါမျိုးတွေ ပြည့်နှက်နေပါတယ်။ ကိုယ့်တရားက တကယ်မှန်ကန်နေရင် ငြူစူဖို့မလိုပါဘူး။ မနာလိုစရာ မရှိပါဘူး။ ခြောက်လန့်ဟန့်တားနေစရာ မလိုပါဘူး။ လာကြည့် လုပ်ကြည့် ၊ စမ်းသပ်ကြည့်လို့ ဆိုရမှာပေါ့။ အခုတော့ မှုမမှန်လို့ အဲဒီလို မပြောဝံ့ဘူး ။ အမြဲတမ်းခြောက်လန့်နေရတယ်။ လာကြည့်ပါ။ စမ်းကြည့်ပါလို့ ပြောရင် သူတို့ရဲ့ မှုမမှန်တာတွေ ပေါ်ကုန်တော့မှာကိုး ´´။

`` နောက်တစ်ခါ ထာဝရဘုရားရဲ့ အကျင့်စာရိတ္တ အဲဒီ ထာဝရဘုရားရဲ့ အကျင့်စာရိတ္တကိုတော့ အထူးပြောနေစရာမလိုပါဘူး။ ဓမ္မာဟောင်းကျမ်း တစ်ခုလုံးကို လှျောက်ကြည့်မယ်ဆိုရင် မကောင်းမှုအတွက်စဉ်းစားတာတွေ မကောင်းတာလုပ်ဖို့ လုပ်ဆော်တာတွေ တိုက်တွန်းတာတွေ၊ ကိုယ်တိုင်လုပ်ခဲ့တာတွေ အများကြီးတွေ့ရပါလိမ့်မယ်။ ဥပမာ ပုံစံကလေး နည်းနည်းလောက် ထုတ်ပြပါ့မယ်၊ အများစဉ်းစားနိုင်အောင်ပေ့ါလေ ၊ ကမ္ဘာဦးကျမ်း အခန်း(၃၀)မှာ လေ့ကို ချောင်းကြည့်မိလို့ ( ငါးသိန်းခုနစ်ထယ်)သော လူများကို သတ်ဖြတ်ခဲ့သတဲ့ ၊ (၂ ၊ ၇၁ ၊ ၂၄ ၊ ၁၂) အရက်နဲ့ အမဲကင်ကိုလည်း အလွန်ကြိုက်သတဲ့ ၊ အဲဒါ (တောလည်ရာကျမ်း) အခန်း(၂၈)မှာ အထင်အရှားပါတယ် ။ နောက် လက်စားချေတတ်သတဲ့ ၊ ဒါလည်း တောလည်ရာကျမ်း အခန်း(၂၈)မှာ ပါပါတယ် ´´။

``ထာဝရဘုရားဟာ သန့်းကောင်စာရင်း သဘောပေ့ါလေ ၊ လူစာရင်းသာယူခိုင်းပြီးတော့ လူပေါင်းခုနှစ်သောင်းကို သတ်ပစ်သတဲ့ ၊ (၂-၇၁-၂၄-၁၅)ကိုကြည့်ပါ၊ အဲဒီကျမ်း(၃၈း၇)မှာ (ယုဒ၏ သားဦး အေရ) ကို ထာဝရဘုရားရှေ့၌ ဆိုးသောသူ ဖြစ်၍ သူ့ကို ထာဝရဘုရားက ကွပ်မျက်တော်မူ၏။ တစ်ခါ ၁၀း၁၁ မှာ ထိုအမှုကို ထာဝရဘုရား နှစ်သက်တော်မမူသောကြောင့် အောနမ်ကိုလည်း ကွပ်မျက်တော်မူ၏ ၊ လို့ ပါပြန်တယ်။ အဲဒါဘာကြောင့်လည်းဆိုတော့ အောနမ်ဟာ မုဆိုးမမရီးကို သားသမီးရအောင် မပေါင်းသင်းလို့ပါတဲ့ ။ တစ်ခါ လူသတ္တဝါများ အိမ်ရာထောင်မှု ဝါဒစိတ်ဓတ်ကို ထာဝရဘုရားက သွင်းပေးသတဲ့ ၊ (၃၀၀၊ ၂၂၊ ၂၃) လူသတ္တဝါများဟာ ရိုးလွန်းရင် မတတ်ဘဲနေမှာစိုးလို့လားတော့ မပြောတတ်ဘူး။ လိမ်တတ်ညာတတ်အောင် မုသာဝါဒ စိတ်ဓါတ်ကိုပဲ ထာဝရဘုရားကသွင်းပေးသတဲ့၊(၃၊၇၁၊၂၂၊၂၃)ဟေရှာလ အနာဂတ္တိကျမ်းအခန်း၁၃အပိုဒ်၉၊၁၁၊၁၅ ၊၁၆) များမှာ ကြည့်ပါ။ မိတ်ဆွေတို့ရဲ့ ထာဝရဘုရား ဒေါသကြီးကြောင်းတွေ အများကြီးတွေ့ရပါလိမ့်မယ် ´´။

`` သူပြောတာ မလိုက်နာလျှင် အပြစ်ရှိရောတဲ့ အပြစ်ရှိတဲ့သူတွေကို မကယ်တင်ဘူး၊တဲ့ ထာဝရဘုရားက ကြိမ်ဆဲတာတွေလည်း အလွန်အသဲယားစရာ ကောင်းပါတယ် တရားဟောရာကျမ်း အခန်း ၂၈ ကို ဖတ်ကြည့်ပါ ၊ ဦးပဇင်းက အချိန်နည်းလွန်းလို့ ဖတ်မပါရစေနဲ့တော့။ ထာဝရဘုရား သဘောထားသေးနုတ်ပုံ စိတ်ထားအောက်တန်းကျပုံတွေကို (မာလခိ အနာဂတ္တိကျမ်း) အခန်း(၂)မှာ တွေ့ရပါလိမ့်မယ်။ ( **ငါရဲ့ကျေးဇူးတော်တို့ကို မအောင့်မေ့လျှင် သင်တို့ကို ငါကြိမ်ဆဲမည် ၊ သင်တို့သည် သားစဉ်မြေးဆက် အာလုံးတို့ကို ကြောက်မက်ဖွယ်ရာ အပြစ်ဒဏ်ခတ်တော်မူမည်)** စသည်တို့ကို အဲဒီအခန်းတွေ့ရပါလိမ့်မည် ´´။

``လောကမှာ ရှိတဲ့ လူအတွေ လူဆွံ့တွေ ဒုက္ခိတတွေကို ဘယ်သူဖန်ဆင်းသလဲ မကောင်းတာတွေ အားလုံးသူပဲ ဖန်ဆင်းတယ်။ ဒါတင်မကသေးဘူး ၊ မိတ်ဆွေတို့ရဲ့ထာဝရဘုရားက နခေါင်းပြားတဲ့လူ ခြေကျိုးတဲ့လူ ၊ လည်ပင်းကျိုးတဲ့လူ စသည်တို့ရဲ့ ပူဇော်သက္ကာရကို မခံယူလိုဘူးတဲ့ တာဖြစ်ရင် နခေါင်းပြားတဲ့လူ ၊ ခြေကျိုးတဲ့လူ စသူတို့ကို ဘာဖြစ်လို့ သူက ဖန်ဆင်းသေးလဲလို့ ဦးပဇင်းက မေးချင်ပါတယ်။ အဲဒီမှာ နခေါင်းပြားတဲ့ လူဆိုတာ ဗမာ ၊ ကရင်၊ ချင်းတို့ကို ဆိုတယ်၊ ဗမာ၊ ကရင် ၊ ချင်းတို့ကပူဇော်လျှင် လှူဒါန်းလျှင် ထာဝရဘုရားက လက်မခံဘူးတဲ့ ဘာဖြစ်လို့လည်းဆိုတော့ နခေါင်းပြားလို့တဲ့ ဦးပဇင်းကတော့ ဗမာလူမျိုးဖြစ်တဲ့အတွက် နခေါင်းပြားတာနဲ့ထာဝရဘုရားကိုမယုံနိုင်တော့ဘူး။ဘာဖြစ်လို့လည်းဆိုတော့သူကနာခေါင်းပြားတဲ့လူကို မုန်းတာကိုး။

ဦးပဇင်းလည်း နာခေါင်းပြားတဲ့လူမျိုးထဲပါနေတော့ထာဝရဘုရားအလိုနဲ့ ကြည့်ရင် နခေါင်းပြားရတာကတစ်ပြစ် ၊ ခရစ်ယာန်ဘာသဝင်အဖြစ်နှင့် ထာဝရကို မယုံကြည်မိတဲ့ အပြစ်က တစ်ပြစ် နဲ့ အပြစ်နှစ်မျိုးရှိနေတော့ ထာဝရဘုရားက တော်တော်ငြိုငြင်တော်မူမှာပဲ ထင် တယ်။ ခရစ်ယန်ဝါဒဟာ နခေါင်းချွန်တဲ့ လူတွေအတွက် ထာဝရဘုရား ထားပစ်ခဲ့ကြောင်း ထင်ရှားနေပါတယ် ´´။

`` ပညတ်တော်(၁၀)ပါးကို ပြောသွားကြပါတယ် ။ အခု ဦးပဇင်းပြောသွားတဲ့ ကျမ်းစာ ပါ စကားများအရ လူလူချင်းတော့ မသတ်နဲ့ဆိုတဲ့ သြဝါဒ ပညတ်ချက်ဟာ ထာဝရဘုရားရဲ့ ဒေါသ ကို တကယ် အထောက်အကူပြုပုံ မရသလို ဖြစ်နေပါတယ်။ ဘာပြုလို့လည်းဆိုတော့ သူ့မကိုးကွယ်တဲ့လူကို စာရင်းသွင်းဟန်မတူဘူး။ မကိုးကွယ်မယုံကြည်တဲ့လူတွေကို အပြစ်ဒဏ်ခတ်ဖို့ အတော်ပဲ သေချာနေတော့ ဒီပညတ်ချက်တွေဟာ ထာဝရဘုရားနဲ့ တစ်ခြားစီဖြစ်နေပါသည်၊ ကျုပ်တို့ရဲ့ ဂေါတမ ရှင်တော်ဘုရားကတော့ ရန်သူရယ် မိတ်ဆွေရယ် မခွဲခြားပါဘူး ၊ ကြိုက်ရင်ကိုးကွယ် ၊ ယုံကြည်ရင် ပူဇော် ဒါပဲ ၊ လူကို လူလိုပဲ သဘောထားပါတယ်။ လူက မကိုးကွယ်ရုံနဲ့ လူမဟုတ်တော့သလို လူစာရင်းက ဖျက်မပစ်ပါဘူး။ အဲ......ထာဝရဘုရားကတော့ သူ့ကို မကိုးကွယ်ရင် လူမဟုတ်ဘူးဆိုသလို ဖြစ်နေတာထင်ရှားပါတယ် ´´။

`` ဗမာ ၊ ကရင် ၊ချင်းတို့က ထာဝရဘုရားကို ကိုးကွယ်နေကြပေမယ့် သူတို့ဘုရားက သူတို့ကို သဘောမကျဘူး နာခေါင်းပြားလို့မုန်းသတဲ့။ ဒါကြောင့် ခရစ်ယာန်ဆိုတဲ့ ဗမာ ၊ ကရင်၊ ချင်း တို့ဟာ ထာဝရရဲ့ အချစ်တော်ဘဝကို ခံယူချင်ရင် ၊ ထာဝရရဲ့ကျေးဇူးသစ္စာကို စောင့်သိချင်ရင် ခရစ်ယာန်အယူဝါဒကို မယူမီ ပထမ နာခေါင်းချွန်အောင် အရင် အားထုတ်လုပ်ပါဦးလို့ ဦးပဇင်းက မေတ္တာရပ်ခံပါတယ် ´´။

``နောက်နံပါတ် (၆) အချက်က ဘုရားက ဖြစ်တဲ့ဘုရားလို့ ဆိုတဲ့ကိစ္စပါ မိတ်ဆွေ ဓမ္မဆရာများက ဂေါတမဟာ လူကဖြစ်တဲ့ ဘုရားတဲ့ အဲဒီလိုပြောကြတယ်။ ပြောတဲ့အတိုင်းဟုတ်ပါတယ် ၊ လူကဖြစ်တဲ့ဘုရားပါလို့ ဦးပဇင်းကလည်း ဝန်ခံပါတယ်၊ ဦးပဇင်းကသာ မဟုတ် ဗုဒ္ဓဘာသဝင်တိုင်းကပဲ ဝန်ခံပါလိမ့်မယ် ၊ ဂေါတမဘုရားဖြစ်တာဟာ အကျိုးတရားပါ ။ အကျိုးရှိလာတာဟာ အကြောင်းရှိရမယ်ဆိုတာကို တစ်ကမ္ဘာလုံးမှာရှိတဲ့ ဘာသာဝင်တိုင်းက ထောက်ခံကြပါတယ် ဘုရားဖြစ်ဖို့ အကြောင်းတွေကို အကြောင်းပြုပြီးတော့ လက်တွေ့အားထုတ်ကြိုးပမ်းခဲ့တဲ့အတွက် ဘုရားတည်းဟူသော အကျိုးတရားကို ရခဲ့ပါတယ်။ အလွန်ပဲ သဘာဝကျပါတယ် ´´။

``ဘုရားဖြစ်ဖို့ ကိစ္စကို ဂေါတမဘုရားအလောင်းတော်ဟာ အလွန်အမင်းအားထုတ် ကြိုးပမ်းတော်မူခဲ့ရပါတယ်။ ဒုက္ခတွေ အများကြီး ခံခဲ့ရပါတယ်။ စွန့်လွှတ်ခြင်း အမျိုးမျိုးကို အကုန်အစင် စွန့်လွှတ်ခဲ့ရပါတယ်။ တွယ်တာစရာ အစွဲအမှတ်သညာဟူသ၍ကို တစ်စုံတစ်ခုမျှ မငြိကပ်အောင် အားလုံးကို တွန်းလှန် ပစ်ခွာတော်မူခဲ့ရပါတယ် ၊ ဒီလောက် လူသားတို့က အမှန်အဟုတ်လို့ ထင်နေတဲ့ ဥပါဒါန်အစွဲအမှတ်တွေကို အမှန်အတိုင်း ဘာမှမဟုတ်တဲ့ ရုပ်နာမ်ဓမ္မသဘာဝ ဖွဲ့စည်းပေါ်ပေါက်မှုကို တခဏတာပါလားလို့ အမှန်သိတဲ့ သဗ္ဗညုတဉာဏ်တော်ကို ရအောင် အားထုတ်တော်မူခဲ့ရပါတယ် ။ ´´

`` ဂေါတမဘုရား ဖြစ်ဖို့အကြောင်းကို အားပြုသောအားဖြင့် ဘုရားတည်းဟူသော အကျိုးကို ရပါတယ်။ ထိုရရှိသော တရားဟာ ဤလောကရှိ ရုပ်နာမ်သဘာဝ သက်ရှိလောကရဲ့ ဇာတိအဖြစ်သည် ဆင်းရဲခြင်းကို ပန္နက်ရိုက်ခြင်းပင် ဒီပန္နက်ကို အစွဲပြုပြီး ဇရာ ၊ဗျာဓိ ၊မရဏ ဆိုတဲ့ သဘာဝဒုက္ခကြီးတို့၏ အုပ်စိုးရာဘဝအဖြစ်ပါကလား။ ဒီဘဝမျိုးရဲ့ ကုန်ရာကုန်ခြင်းသည် သန္တိသုခ နိဗ္ဗာန်ဓါတ်သားအဖြစ် ရမှသာလျှင် ဖြစ်ပါကလားလို့ သိမြင်တော်မူခဲ့ပါတယ် ။ ´´

`` ဂေါတမ ဗုဒ္ဓကိုယ်တော်တိုင်လည်း ဒီအတိုင်းသိမြင်ပြီး လူတွေကိုလည်း ဒီအတိုင်း သိမြင်ကြရန်သာ ဟောပြောပြသလမ်းညွှန်တော်မူခဲ့ပါတယ်။´´

`` ထာဝရဘုရားလိုတော့ လူတွေထဲက သူ့ကိုယုံကြည်ကိုးကွယ်တဲ့ လူကိုမှ ကယ်တင်မယ်။ မယုံကြည်တဲ့လူ ၊ ငြိုငြင်ပြစ်တင်ခြင်း ခံရမယ်။ ဒဏ်ခတ်မယ်လို့ မပြောခဲ့ ၊ မဟောခဲ့ပါဘူး။ ဂေါတမရှင်တော်ဘုရား ဟောတာကတော့ ဘယ်သူပဲဖြစ်ဖြစ် မိမိတို့ရဲ့ ကိလေသာများရင် များသလောက် လောင်မြိုက်မှု ဒုက္ခတွေ ခံရမယ် ။ ကိလေသာနည်းရင် နည်းသလောက် မီးအေးမယ်လို့ ဆိုလိုပါတယ်။ ကိလေသာဆိုတာ ဘာလဲ လောဘ-အပိုကို တပ်မက်တွယ်တာခြင်း၊ ဒေါသ-အမျက်ထွက်ခြင်း။ မောဟ- မသိနားမလည်ခြင်း ၊ တွေဝေခြင်းကို ဆိုလိုပါတယ်။ ´´

`` အဲဒါတွေကို သိနားလည်ရင် ဘယ်သူပဲ သိနားလည် သိနားလည်၊ ကိုယ့်ဟာကိုယ် လောင်မြိုက်ခံရတဲ့မီးက ငြိမ်းအေးမယ်။ ကင်းလွတ်မယ်လို့ ဆိုလိုပါတယ်။ ဆိုလိုရင်းကတော့ ဗုဒ္ဓရဲ့ အလိုအားဖြင့် အကြောင်းတစ်ခုရှိလို့သာ အကျိုးတစ်ခုပေါ်လာခြင်း စတဲ့ စပ်ဆက်မှုများ မဆုံးရင် သံသရာလို့ခေါ်ပါတယ်။ ´´

`` ဒီသံသရာဆိုတဲ့ အကြောင်းအကျိုးဆက် သဘာဝဒုက္ခကြီး ရှိနေသမျှ သားကိစ္စ၊ သမီးကိစ္စ ၊ စီးပွားရေးကိစ္စ ၊ ဘဝအသက်တည်မြဲရေး ဆိုတဲ့ ကျန်းမာရေး ၊ စားသောက်နေထိုင်ရေး ၊ ဒီစားသောက်နေထိုင်ရေးတို့ ပြည့်စုံဖူလုံသော်လည်း လျော့ပါးသွားမှာကို ပူဆွေးစိုးရိမ်ရခြင်း ၊ မပြည့်စုံသဖြင့် တောင့်တမျှော်မှန်း အားထုတ်ရခြင်းစတဲ့ ဝေါဟာရ ဒုက္ခတွေလည်း မဆုံးနိုင်အောင် ထပ်ဆက် တိုးပွား များပြားနေကြရပါတယ်။ အဲဒီတော့ အကြောင်းအကျိုးဆက် ဒီသံသရာက အကြောင်းအကျိုးကင်းတော့ ငြိမ်းချမ်းရေးကို ရအောင် လောဘ ၊ ဒေါသ ၊ မောဟတွေကို ပယ်ကြပါလို့ ဂေါတမရှင်တော်ဘုရားက ဟောကြားတော်မူခဲ့ပါယတယ်။ ´´

`` အဲဒီတော့ ဘုရားဖြစ်ရေး အားထုတ်မှုကြောင့် ဘုရားဖြစ်ရတဲ့ လူသာမန်က ဘုရားဖြစ်တာကိုတော့ တစ်ကမ္ဘာလုံးက မငြင်းပါဘူး။ ခေတ်ပေါ်ပညာရှိများနှင့် စဉ်းစားကြတဲ့ ပုဂ္ဂိုလ်တိုင်းကလည်း ထောက်ခံထားကြပြီးပါပြီ။ ´´

`` ဥပမာ ပုံစံပြောရမယ်ဆိုရင် ကျောင်းနေပြီး ပညာသင်ကြား အားထုတ်ခဲ့တဲ့အတွက် ဘီအေ ၊ အမ်အေ၊အိုင်စီအက်စ် စတဲ့ စာမေးပွဲတွေအောင်ပြီး ဘွဲ့ဒီဂရီတွေ ရခဲ့တဲ့အတွက်ကြောင့် မြို့အုပ် ၊ ဝန်ထောက် ၊ အရေးပိုင်အစရှိတဲ့ အကျိုးတွေ ရခဲ့ပါတယ်။ ဒီပရိသတ်ထဲက အရေးပိုင်မဖြစ်ချင်တဲ့လူ ၊ ဘုရင်ခံ မဖြစ်ချင်တဲ့လူ ရှိပါသလား။ ရှိမယ်မဟုတ်ပါဘူး ၊ အားလုံးဖြစ်ချင်ကြမှာပဲ၊

သို့သော် ဘာကြောင့် မဖြစ်ကြသလဲ ၊ ဖြစ်နိုင်တဲ့ အကြောင်းတရားတွေကို အားမထုတ်ခဲ့လို့ပေါ့ ။ သာမညလူက သူဌေးကြီးဖြစ်တာ အံ့ဩစရာကောင်းတယ် ၊ သူဌေးသားက သူဌေးသားဖြစ်တာ ဘာများ အံ့ဩစရာ ရှိပါ့မလဲ ။ သည်လိုပဲ လူကဘုရားဖြစ်တာ အံ့ဩစရာပေါ့ ၊ ဘုရားကဘုရားဖြစ်နေဖို့ မလိုပါဘူး။ ဘုရားကဘုရား လူက လူဖြစ်တယ်ဆိုတာ အံ့ဩစရာလား ၊ လူက ဘုရားဖြစ်ရင် ဘုရားက လူဖြစ်ရင်၊ လူက မျောက်ဖြစ်ရင် ၊ မျောက်က လူဖြစ်ရင် ၊ အံ့ဩစရာမကောင်းပေဘူးလား။ ´´

`` ပြောတိုင်းသာ ယုံကြစတမ်းဆိုရင် အားလုံးကိုယ်ပိုင်ဉာဏ်ဆိုတာတွေဟာ အလာကားချည်း ဖြစ်ရတော့မယ်။ လူမဆိုထားနဲ့ တိရစ္ဆာန်တောင် ယုံထိုက်မှ ယုံတာ ၊ ခွေးတစ်ကောင်ကို သူ့သခင်ယောင်ဆောင်ပြီးပြလို့ ယုံမယ်ထင်သလား။ မြင်းတို့ ၊ နွားတို့လည်း ဒီလိုပဲ ၊ ဆင်ဆိုတာ ပိုတောင် ဆိုးသေးတယ်။ စီးနေကျ သူ့ဦးစီးမဟုတ်ရင် ခါချပြီး နင်းသတ်တာမျိုး ၊ ဒီအထိ သူတို့လည်း ဉာဏ်တွေရှိတာပဲ။ ငါ - မင်သခင်လုပ်မယ် ဆိုရုံနဲ့ ရတာမျိုးတော့ ကျွန်ုပ်တို့ လူသားလူတွေပဲရှိရဲ့ ဟုတ်မဟုတ် စဉ်းစားကို မစဉ်းစားချင်ကြဘူး။ လွှမ်းစရာပြောရင် လွှမ်းပစ်လိုက်တာပဲ ဟုတ်လို့ လွှမ်းတာက နည်းနည်း ၊ လွှမ်းစရာကောင်းလို့ လွှမ်းကြတာပါ။ ပွဲထဲများ ကြည့်ပါလား၊ ဇာတ်ကတယ်ဆိုတာ ငိုးတဲ့သူက ပိုက်ဆံပေးလို့ လာကတာ။ ပွဲကြည့်တဲ့လူတွေက လွှမ်းခန်းမှာ မျက်ရည်များသုတ်လို့ ဟိုမှာ တကယ်ဖြစ်နေတာလည်း မဟုတ်ဘူး ၊ ဇာတ်ကနေတာပါ ၊ သူ့မှာ တကယ်ဖြစ်နေတယ် အံ့ရော။ ´´

`` အဲဒါ ကျုပ်တို့ လူမျိုးတွေပဲ ၊ဟုတ်မဟုတ် ယုတ္တိသဘာဝနဲ့လည်း နည်းနည်းတော့ စဉ်းစားကြဦးမှပေါ့ ။ ပြောတိုင်းယုံဖို့ဆိုတာ ကောင်းလည်းမကောင်းပါဘူး။ သဘာဝလည်းမကျပါဘူး။ ကိုယ့်မှာရှိတဲ့ မျက်စိ ၊ နား၊ နှာ ၊လျှာ၊ကိုယ် အတွေးနှင့်လည်း လေ့လာစဉ်းစား ကြဦးမှပေါ့။´´

`` ဘုရားက ဘုရားဖြစ်တယ်ဆိုတာ ယုတ္တိမရှိပါဘူး။ ဒါကို ကိုးကားပြောဆိုလို့ ကောင်းတဲ့ မြန်မာစကားတောင် မဟုတ်ဘူး ။ ဘုရားက ဘုရားဖြစ်တယ်ဆိုတာ ယုတ္တိကင်းမဲ့တဲ့ အတွက် ယုံကြည်ဖို့ အလွန်ခဲယဉ်းပါတယ်။ ပြောတိုင်းမယုံကြည်ကြပါနဲ့။ စဉ်းစားပြီးမှ ယုံကြပါ ။ လူတစ်ယောက်ဟာ ကျောင်းနေပြီး စာမသင်ဖူးပဲနဲ့ ဘီအေ ၊ အမ်အေ ၊အိုင်စီအက်စ် အောင်တယ်ဆိုတာ မိတ်ဆွေတို့ ယုံကြမလား။ လယ်သမားတစ်ယောက်က လယ်ထဲဆင်းလည်းမဆင်း၊ ထွန်လည်း မထွန် ၊ ပျိုးလည်း မနုတ် ၊ ကောက်လည်း မစိုက် ၊ ရိတ်နယ်ခြင်း မပြုပါဘဲနှင့် အိမ်ပေါ်မှာ အိပ်နေရုံမျှနဲ့ စပါးရနိုင်ပါ့မလား။ ဘယ်တော့မျှ မရနိုင်ပါဘူး။ လုပ်မှကိုင်မှ ရကြတယ်ဆိုတာ အထင်အရှားပါ။ အခုလည်း ဘုရားဖြစ်တယ်ဆိုတာ ဘုရားဖြစ်ဖို့ လုပ်ငန်းများကို မလုပ်ပါဘဲနဲ့ ယုတ္တိရှိပါ့မလား၊ ယုတ္တိမရှိပါဘူး။ အဲဒီလို ယုတ္တိ မရှိတာကို ယုံသင့် မယုံသင့် စဉ်းစားကြည့်ကြစမ်းပါ။ ´´

`` ထာဝရဘုရားကတော့ သူ့သာ ယုံကြည်ကိုးကွယ် ဘာမှမပူနဲ့တဲ့။ ကဲ ယုံကြမလား၊ ယုံနေတဲ့သူတွေ အခုဒီမှာ အများကြီးပဲ ထာဝရပေးလို့ရတဲ့ ဆန်စပါး ဘယ်နှစ်ယောက် စားရဖူးသလဲ။ ကိုယ့်ဟာကို လုပ်လို့ရတာသော်လည်းကောင်း၊ ကိုယ်ပိုင်ဉာဏ်နဲ့ ရှာကြံလို့ ရရှိတဲ့ ပိုက်ဆံနှင့် တန်ရာတန်ကြေးပေးမှ ရရှိကြတာချည်း မဟုတ်ပါလား။ ဦးပဇင်းတို့ရဲ့ ဂေါတမရှင်တော်ဘုရားကတော့ (**အတ္တာဟိ အတ္တာနော နာထော**) တဲ့ ၊ ကိုယ့်အားကိုယ်ကို ကိုးကြတဲ့ ။ ကဲ ...ဒီတော့ကာ လက်တွေ့မှာ ကိုယ်လုပ်မှ ကိုယ်ရတာကို ထင်ရှားမနေပေဘူးလား။ ဘယ်ဘုရားဟောတာက ခုလူတွေမှာ လက်တွေ့မှန်သလဲ ၊ ခရစ်ယာန်ဓမ္မဆရာကြီးတွေ ပြောသလို ထာဝရဘုရားမှာ တန်ခိုးတော် အနန္တရှိတယ်ဆိုရင် ဒီဓမ္မဆရာကြီးတွေ ကိုယ်တိုင် ဒီထိအောင်ပင်ပန်းခံပြီး လာနေစရာတောင် မလိုဘူး။ အိမ်ကနေပြီး ထာဝရဘုရားကို တိုင်တည် ဆုတောင်းလိုက်ရင် အား

လုံးကိစ္စ ပြီးနေတော့မယ် မဟုတ်လား။ ဦးပဇင်းတို့လည်း သူတို့ရဲ့ ဆုတောင်းပြည့်သွားတဲ့အတိုင်း ရှုံးပြီး အေးအေးဆေးဆေး ထိုင်နေရုံပဲ ရှိတော့တယ်။ ဘာမှကို ပြောနေစရာမလိုတော့ဘူး မဟုတ် လား။ ´´

`` ဟောအခုတော့ မနက်အချိန်ကပဲ လူတွေ ဗုဒ္ဓဘာသာဘက်ကို ကူးပြောင်းလာနေကြ ပြီ။ ဘာပြုလို့ အနန္တတန်ခိုးတော်ရှင် ထာဝရဘုရားဟာ သူ့ကို ယုံကြည်ကိုးကွယ်ကြည်ညိုတဲ့ လူတွေ ဗုဒ္ဓဘာသာဘက်ကို ကူးပြောင်းလာတာ ကြည့်နေရသလဲ။ ´´

(ဩဘာသံများ)

`` နောက်တစ်ခါ သတ္တမအချက်က သုံးခုတစ်ဆူ ဘုရားဆိုတဲ့ ကိစ္စ ၊ ဓမ္မဆရာ တစ် ယောက်က ခမည်းတော်၊သားတော်၊သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် သုံးခုပေါင်း ဘုရားတစ် ဆူ ဖြစ်တယ်လို့ ပြောသွားတယ်။ ခမည်းတော်ဆိုတာက ထာဝရ၊ သားတော်ဆိုတာက ယေရှုခရစ် လို့ ဆိုလိုပါတယ်။ ထာဝရနှင့်ယေရှုခရစ်တို့ဟာ တူပါတယ်တဲ့။ မတူတဲ့အကြောင်းကို ဦးပဇင်းက ပြောပြရသေးတာပေါ့ ၊ ဓမ္မဟောင်းကျမ်းက ထာဝရဘုရားက လက်စားချေဖို့ ဟောတယ်။ ကိုယ့်သွားတစ်ချောင်းကို ချိုးရင် သူ့သွားတစ်ချောင်းကို ချိုးပစ်ရမယ်တဲ့။ ကိုယ့်မျက်လုံးတစ်လုံကို ဖေါက်ရင် သူ့မျက်လုံးတစ်လုံးဖေါက်ရမယ်တဲ့။ ဆိုတဲ့ တရားပေါ့ ။ အဲဒါဟာ ခမည်းတော် ထာဝရဘုရားရဲ့ တရားပါပဲ။ အဲ....သားတော် ယေရှုခရစ်ကတော့ လက်စားမချေဖို့ ၊သည်းခံဖို့ဟောတယ်။ ညာဘက်ပါးကို ရိုက်လာလျှင် ဘယ်ဘက်ကပါးကိုပါ အရိုက်ခံလိုက်ပါတဲ့ ။ အဲဒီတော့ ခမည်းတော်နှင့် သားတော် ကွဲမနေပေဘူးလား။ ဟောတဲ့တရား ဟာ ဒီလောက်ကွဲနေရင် တူတယ်ဆိုတဲ့ စကားဟာ မဟုတ်နိုင်တော့ဘူး ။ ယေရှုခရစ်ဘာ့ကြောင့် ဘာလုပ်ဖို့လာသလဲ၊ ဆိုတဲ့ကိစ္စကို ကြည့်ရင် အလွန်ရှင်းနေပါတယ်။ သတ္တဝါအများကို ကယ်တင် ရန် လာတယ်လို့ပြောတယ်။ အဲဒီသတ္တဝါဆိုတာ အကုန်လုံးကို မဟုတ်ဘူး။ Iသရေလ(ဂျူး)လူမျိုး တို့ကိုသာ ဆိုလိုတာပါ။ ဗမာ၊ကရင်၊ချင်းတို့ဟာ ဒီအချက်ကို အထူးသတိပြုဖို့လိုပါတယ်။ နက်နက်နဲ နဲ စပ်းစားကြ ဖို့ကောင်းပါတယ်။ (ရှင်မဿဲ ခရစ်ဝင်) အခန်း(၁၀)၊အပိုဒ်(၅)မှာ သင်တို့သည် တစ်ပါး အမျိုးသားတို့ ရှိရာသို့ မသွားကြနှင့် ရှမာရိ(ဆမားရိယန်း) မြို့ရွာထဲသို့ မဝင်ကြနှင့်၊ Iသရေလအမျိုး ပျောက်လွှင့်သော သိုးများရှိရာသို့ အရင်သွားကြလော့လို့ ယေရှုကိုယ်တိုင် ပြော ခဲ့တဲ့ စကားကိုထောက်ရင် တခြားလူမျိုးတွေအတွက် ခရစ်တော် ပေါ်လာတာ မဟုတ်ပါဘူး။ Iသရေလူမျိုးများအတွက်သာ ပေါ်လာတာထင်ရှားပါတယ်။ ´´

`` ဗုဒ္ဓရှင်တော်ဘုရား ဖြစ်ပေါ်လာခြင်းဟာ ကမ္ဘာသူ၊ကမ္ဘာသား လူမျိုးမခြား၊ အားလုံး အတွက်ဖြစ်ကြောင်း ဘယ်သူမှ မငြင်းနိုင်တဲ့ အချက်ဖြစ်ပါတယ်။ (ဗုဒ္ဓေါ လောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ၊ ဗုဒ္ဓေါလောကေ ဉပ္ပဇ္ဇတ ဗဟုဇနဟိတာယ သုခါယ အတ္တာယ)အစရှိတဲ့ လောကတစ်ခုလုံးအတွက် ဖြစ်ပေါ်လာကြောင်း အဆိုအမိန့် အထောက်အထားတွေ အများကြီး ရှိပါတယ်။ အဲဒါကြောင့် ဦးပဇင်းတို့ရဲ့ ဗုဒ္ဓရှင်တော်ပေါ်လာရခြင်းကတော့ ခရစ်တော်နှင့်မတူဘဲ ကမ္ဘာသူ ၊ ကမ္ဘာသား ဆိုရင် ဘယ်လူမျိုးပဲဖြစ်ဖြစ် သတ္တဝါအားလုံးအတွက်ပဲ ဖြစ်ပါတယ်။ အဲဒါက ဘယ်သူမှ မငြင်းနိုင်တဲ့ အချက်ဖြစ်တယ်။ ဟောဒီဓမ္မဆရာကြီးများလည်း ဗုဒ္ဓဘာသာတရားတော် များကို သိပြီးနားလည်ပြီး ပုဂ္ဂိုလ်များ ဖြစ်ပါတယ်။ ဘယ်နေရာ ဘယ်ပါဠိတော်များမှ ဗုဒ္ဓရှင်တော် ဘုရားဟာ သတ္တဝါခွဲခြားမှု ငါ့ကိုသာ ကိုးကွယ်ကြ ၊ ငါ့ကို မကိုးကွယ်တဲ့လူကို သတ်ကြ၊ ဖြတ်ကြလို့ ဟောတဲ့ စကားလုံးများ တွေ့ဖူးကြပါသလား။ ပါတယ်ဆိုရင် အခုထောက်ပြကြပါ။ ဦးပဇင်းက အရှုံး ပေးလိုက်ပါ့မယ် ။´´

``သူဟောတဲ့တရားကို လိုက်နာကျင့်သုံးသူ ၊ သူညွှန်ပြတဲ့ တားမြစ်ချက်ကို မလုပ်ဘဲ ရှောင် ကြဉ်သူ မည်သူမဆို နာခေါင်းချွန်သူဖြစ်၊ လုံးသည်ဖြစ်စေ၊ ပြားသည်ဖြစ်စေ ၊ ကေန်မုချ သံသရာမှ လွတ်ခွင့်ရမယ်တဲ့ လက်တွေ့သိချင်ရင် လူ့လောက ကိလေသာကုန်ရေး တရားကို အားထုတ်ကျင့် ကြံကြည့်ပါ။ မှန်တာတွေချည်း ဖြစ်နေတာကို တွေ့ရပ့ါမယ်။ အဲဒီတရားကို တကယ်ယုံကြည်လို့ အားထုတ်ရင် တကယ်ပင် ဒီဂဠ်ဆင်းရဲတို့ရဲ့ ဒုက္ခသား လောကီဘုံကနေရင်း ငုတ်တုတ်တစ်ဆက် တည်း ငြိမ်းချမ်းမှု အမှန်ကိုတွေ့ရမယ်။ သံသရာက လွတ်ထွက်သွားပါလိမ့်မယ်။ အဲဒါဟာ ဗုဒ္ဓဂေါတ မတရဲ့ သန္တိဋ္ဌိက ၊ အကာလိက တရားတော်ရဲ့ ဂုဏ်နဲ့အညီဖြစ်ပါတယ်။ ကိုယ်တိုင် ကျင့်ရင် ကျင့် သူ ရမယ်။ သူတစ်ပါးကို လုပ်ပေးလို့ မရဘူး။ ကိုယ်လွတ်မြောက်ရေးအတွက် သူတစ်ပါးကလည်း လုပ်ပေးလို့ မရပါဘူး ။´´

`` ကိုယ့်အဖို့ ထမင်းဝချင်ရင် ကိုယ်ကိုယ်တိုင် စားမှ ထမင်းဝမယ် ဆိုတဲ့စကားဟာ ဗုဒ္ဓဘု ရားရှင်ရဲ့ဝါဒ အဆိုအမိန့်နှင့် ကိုက်ညီတဲ့စကားပေ့ါ ။ အဲဒီ ရှင်မသဲ ခရစ်ဝင် အပိုဒ်(၃၄)ရောက် တော့ ခရစ်ပေါ်လာရခြင်းအကြောင်းကို ခရစ်တော်ကိုယ်တိုင်က အတိအလင်းပြောဆိုခဲ့ပါတယ်။ မြေပေါ်သို့ ငြိမ်သက်ခြင်းကို စေလွှတ်အပ်သောငှာ ငါလာသည်ဟု မထင်ကြဟု ၊ ငြိမ်သက်ခြင်းကို စေလွှတ်အပ်သောငှာ ငါလာသည်မဟုတ် ၊ ဓါးကို စေလွှတ်အပ်သောငှာ ငါလာသတည်း ၊ တဲ့ အခန်း(၃၅)မှာတော့ (အဖနှင့်သား၊အမိနှင့်သမီး၊ယောက္ခမနှင့်ချွေးမအချင်းချင်း ကွဲပြားစေ ချင်းငှာ ငါလာသတည်း) - အဲဒါ ယေရှုခရစ်တော်ပေါ်လာရတဲ့အကြောင်းပါပဲ။ အလွန်ရှင်းနေပါ တယ်။ ´´

`` အဲဒါဟာ သခင်ယေရှုရဲ့ မေတ္တာတော်တွေပါပဲဗျ ၊ ဘာလုပ်ဖို့လာသလဲဆိုတာ ရှင်းမ နေပေဘူးလား။ အဲဒါ ဘုရားတဲ့လားဗျာ ..။´´

`` ဘာလုပ်ဖို့လာတယ်ဆိုတာ စဉ်းစားစရာလိုသေးသလား ၊ ဦးပဇင်းက တမင်ထွင်ပြီး တော့ ပြောတာ မဟုတ်ပါဘူး။ ကျမ်းစာအထဲမှာ ပါတဲ့အတိုင်း ပြောရတာပါ ။ Iသရေလ လူမျိုးမှ တစ်ပါး အခြားလူမျိုးကို ငါကယ်တင်ရန် လာသည်မဟုတ်။ ဓါးကို စေလွှတ်ရန်လာတယ်ဆိုတော့ ပြောရမှာတောင် တော်တော်ခက်ပါတယ်။ အေး.....တစ်ခုတော့မှန်ပါရဲ့ အချင်းချင်းကွဲပြားစေရန်၊ မုန်းတည်းစေရန်လာတယ်ဆိုတဲ့အတိုင်း ယေရှုဘာသာကို ယုံကြည်ကြတဲ့နေ့ကစပြီး ဗမာအချင်းချင်းလည်း ကွဲရတယ်၊ ကရင် ချင်းတို့လည်း ကွဲကြရတယ်။ ပေါင်းသင်းဆက်ဆံရေးတွေလည်း ပျက် ပြားရတယ်။ အနေအစားလည်း ကွဲတယ် ၊ အယူအဆလည်း ကွဲတယ် ၊ သွေးစည်းမှုလည်းကွဲလို့ ပျက်နေပြီ ၊ အဲဒါ ခရစ်ယာန်ဂါဒရဲ့ အကျိုးပဲပေ့ါ။ ´´

`` နီပေါလ်ပြည်မှာ `သမ္မာကျမ်းစာနောက်က `ဓါး´ပါတယ် ´ ဆိုတဲ့စကားပုံရှိတယ်။ ခရစ်ယာန်သာသနာပြုရဲ့နောက် အုပ်ချုပ်တဲ့ အစိုးရ လိုက်လာတယ်လို့ ဆိုလိုပါတယ်။ ဗမာပဲ ချင်းပဲ ကရင်ပဲလို့ ကွဲပြားနေတာဟာ ခရစ်ယာန်ဂါဒကြောင့်လို့ အတတ်ဆိုစရာ ဖြစ်မနေပေဘူး လား။ ဦးပဇင်းကိုယ်တိုင်ကတော့ မိတ်ဆွေ ဓမ္မဆရာများနှင့်တကွ ခရစ်ယာန်ဘာသာဝင် မြန်မာ ၊ ကရင် ၊ချင်းတို့ကို ဘာသာအယူဂါဒပင် ကွဲပြားနေသော်လည်း တပြည်ထဲက မွေးပြီး တမိထဲက ပေါက်ဖွားတဲ့ သွေးတူသားတူ တွေမို့ မုန်းတီးဖို့ ဟောတဲ့တရားကို မလိုက်နာလိုပါဘူး ။ ဦးပဇင်းအ နေနဲ့ ဒီကွဲနေတဲ့ စိတ်ထား စေတနာတွေကို စဉ်းစားမိပြီး သဘောပေါက်နေလို့ ကိုယ့်သွေးသားချင်း တွေပဲ ဆိုတဲ့အနေနဲ့ မမုန်းတော့ မမုန်းပါဘူး၊ ဘာသာဆိုတာကတော့ ကြိုက်တာယုံပေ့ါ၊ ယူကြပေ့ါ လူမျိုးခြင်းအနေနဲ့ ဘာသာရေး အကြောင်းပြုပြီး ကွဲရတာမျိုးတော့ ဦးပဇင်းမကျေနပ်ဘူး။ ကွဲခံရ တာကို မကျေနပ်တာကို ပြောတာပါ ၊မုန်းတော့ မမုန်းပါဘူး။ ´´

`` ဦးပဇင်းရဲ့ ဂေါတမကတော့ မုန်းတီးဖို့ မဟောခဲ့ဘဲ ၊ ချစ်ဖို့ကိုသာ ဟောတော်မူခဲ့တာကိုး၊ မုန်းတာဟာ မကောင်းပါဘူး။ ဘာသာရေးဆိုတာ အလွန်အရေးကြီးတဲ့ ကိစ္စမို့ အရမ်းမယုံဘဲ နက် နက်နဲနဲ အထူးစဉ်းစားကြဖို့ လိုပါတယ်။ မစဉ်းစားရင် မှားတတ်ပါတယ် ၊ လူတိုင်းမှာ လွတ်လပ်ခွင့်ရှိ လို့ ယုံချင်တာကို ယုံနိုင်ပါတယ် ။ အခုဦးပဇင်းပြောတာကို ယုတ္တိ ရှိ/မရှိ အကျိုးအကြောင်း ညီမညီ ကိုသာ စဉ်းစားဖို့ ပြောတာပါ။ စဉ်းစားပြီးမှ ယုံဖို့ တိုက်တွန်းလိုပါတယ်။ ဦးပဇင်းရဲ့ ဂါဒကတော့ ကိုယ်လည်းအရမ်းမယုံချင်ဘူး။ သူများကိုလည်းပဲ အရမ်းမယုံစေချင်ဘူး။ နည်းနည်းတော့ စဉ်းစား စေချင်ပါတယ်။ အဲ...ဒါပေမယ့် ဆင်ခြင်တုံတရားနဲ့ အမှားအမှန်ကို ဝေဖန်ပိုင်းခြားမယ် ဆိုရင်တော့ ဦးပဇင်းက ပြောပွဲမယ်။ မှားသလား၊မှန်သလား ၊စဉ်းစားကြပေါ့လေ။ ဦးပဇင်းရဲ့ ဗုဒ္ဓဘာသာဟာ ဆင်ခြင်တုံ တရားကို အများကြီးအားပေးတဲ့ဘာသာဖြစ်ပါတယ်။ ´´

`` ကိုယ့်ဘာသာ မယုံလို့ တစ်ဘက်ဘာသာဝင်တွေကို သတ်လားဖြတ်လား ဘယ်တော့ မလုပ်ပါဘူး၊ ယုံရင်လိုက်နာကိုးကွယ်ကြ မယုံကြည်ရင်လည်းနေပေါ့ ၊ ဦးပဇင်းတို့ ဘုရားရဲ့ဂါဒအရ ဦးပဇင်းတို့က မျက်နှာမပျက်ပါဘူး။ ဦးပဇင်းတို့ရဲ့ ဇရပ်တွေ ကျောင်းတွေရှိတယ်၊ ဘယ်ဘာသာဝင် ပဲဖြစ်ဖြစ် လာနိုင်တယ်၊ တည်းခိုနိုင်တယ်။ ဦးပဇင်းတို့က မရှိ ရှိတာတောင် ကျွေးမွေးပါဦးမယ်။ ကိုယ့်ဘာသာ ယုံကြည်ကြပါလို့ မဆိုလိုပါဘူး။ ဒုက္ခဖြစ်နေရင်၊ ခိုကိုးရာမရှိဖြစ်နေရင် ။ ဘယ်လူမျိုး ပဲ ဖြစ်ဖြစ် လူသားချင်းချင်းကို ဦးပဇင်းတို့က မျက်နှာမပျက်စေပါဘူး။ ဗုဒ္ဓဘုရားရှင်ကလည်း ၊ သဗ္ဗေသတ္တာ သတ္တဂါအကုန်လုံးကို မေတ္တာတူထားပါတယ်။ ဒါလည်း ဒီခရစ်ယာန်ဘက်က ချေပကြ မည့် ဓမ္မဆရာကြီးတွေ သိပြီးသားပါ ဟုတ်ကဲ့မဟုတ်လား။ ´´

``ဦးပဇင်းတို့ရဲ့ ဗုဒ္ဓရှင်တော်ဘုရားက ဘာမဆို မစုံစမ်း မစစ်ဆေးဘဲနှင့် အရမ်းမယုံဖို့ ကို တော့ ဟောတော်မူခဲ့ပါတယ်။ ခရစ်ယာန်လို ဖွတ်ယုံရမယ် မယုံရင်သတ်မယ် ဖြတ်မယ်လို့ မဟော ခဲ့ပါဘူး၊ လုပ်လည်း မလုပ်ရပါဘူး၊ လုပ်လို့လည်း ဂေါတမဘုရားရှင်က မဟောခဲ့ပါဘူး။ ခရစ်ယာန် ကတော့ မယုံတဲ့လူ သတ်ပစ်လေလေ လက်ခုပ်တီးလေလေပေါ့ ၊ ဟုတ်ကဲ့လား..။ ´´

`` အဲဒါဟာ ရက်စက်မှုနဲ့ မေတ္တာထားပုံ ခြင်းကွာခြားတယ်ဆိုတာပါပဲ။ ´´

`` ဦးပဇင်းတို့ရဲ့ ဂေါတမရှင်တော်ဘုရားဟာ အထင်အရှားပွင့်တော်မူခဲ့ကြောင်း ပါဠိတော်တွေ အဋ္ဌကထာတွေ အစရှိတဲ့ ပါဠိဘာသာကျမ်းစာတွေကို ဖယ်ထားလိုက်ဦးတော့၊ အိန္ဒိယ ရှေးရာဇဝင်များအရပဲ ထင်ရှားနေပါပြီ ၊ ရှေးဟောင်းရှာဖွေလေ့လာရေး သုတေသနဌာနများ ကလည်း လိုက်လံရှာဖွေပြီး တူးဖေါ်ကြတဲ့အခါမှာ ဗုဒ္ဓရှင်တော်ဘုရားရဲ့ မွေးဖွားရာ အရပ်မှာ အာသောကမင်းကြီး စိုက်ထူခဲ့တဲ့ ကျောက်တိုင်ကြီးကို ယခုတိုင်တွေ့ရပါသေးတယ်။ မယုံလျှင် သွား ကြည့်နိုင်ပါတယ်၊ ရှင်တော်ဘုရား သီတင်းသုံးတော်မူခဲ့တဲ့ ဇေတဝန်ကျောင်းတော်၊ ဗောဓိပင် စသည်တို့လည်း အထင်အရှား တွေ့နိုင်ပါတယ်။ ´´

`` ဂေါတမရှင်တော်ဘုရားဖြစ်မည့် သိဒ္ဓတ္ထမင်းသားဟာ မဟာသက္ကရာဇ် (၆၈)ခု ကဆုန်လပြည့် သောကြာနေ့မှာ ဖွားမြင်တော်မူတယ်။ အဲဒါ ရာဇဝင်မှတ်တမ်းအရ တိကျခိုင်မာပြီး ထင်ရှားနေတဲ့ အတွက် ဘယ်သူမှ မငြင်းနိုင်ပါဘူး။ ဒီကဓမ္မဆရာများလည်း ငြင်းနိုင်မှာ မဟုတ်ပါဘူး။ ယေရှုခရစ် ရဲ့ အတ္ထုပ္ပတ္တိကို ကြည့်ကြဦးစို့ ၊ ယေရှုခရစ်ဟာ ဘယ်နှစ်ခုနှစ် ဘယ် သက္ကရာဇ်မှာ ဖွားမြင်ပါသလဲ? - မသိဘူး- ဘယ်နေ့မွေးသလဲ?၊ မသိဘူး ၊ ဘယ်ရက်မွေးသလဲ ၊ မသိဘူး။ ဘယ့်နှယ်လဲဆရာတို့၊ မသိဘူးချည်းပါလား ၊ ဒီလိုဆိုရင် မယ်မယ်ရရ မရှိတော့ဘူး။ စဉ်း စားကြပါ ။ ယေရှုရဲ့ တရားတွေ ဘာတွေ ဖယ်ထားလိုက်ဦး၊ ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်သက္ကရာဇ်မှာ ယေရှုခရစ် ဖွားမြင်တယ်လို့ အတိအကျ ဂဃ နဏ မရှိဘူး၊ မသိကြဘူး မဟုတ် လား။ ´´

`` ဒီလောကမှာ လူထဲမှာ အလွန်မြင့်မြတ်လို့ ဘုရားဆိုတဲ့ ဘွဲ့ထူးအဖြစ်ကို ခံယူပါတယ်ဆို တဲ့ အရာမ အထိကရ ပုဂ္ဂိုလ်ကြီးမျိုးကို မဆိုထားနဲ့ဦး ၊ သာမန်လူကြီး လူကောင်းမှန်သမျှတွေဟာ မွေးနေ့၊မွေးရက်၊မွေးလ ၊မွေးနှစ် မွေးသက္ကရာဇ် ရက်ချုပ်စာတန်းဆိုတာတွေမျိုး ရှိကြပါတယ်။ ´´

`` ဒီတော့ကာ ခရစ်ယာန်ဓမ္မဆရာကြီးတွေကို ဦးပဇင်းတစ်ခု သတိပေးပါ့မယ်။ တစ်ခြား အကြောင်းတွေ ယုတ္တိရှိတာ မရှိတာတွေ ထားပြီးတော့ သာမန်လူတွေကို တစ်ယောက်စီ တစ်ယေက်စီ ခဲခဲယဉ်းယဉ်း စည်းရုံးနေရတာတွေ ဟောပြောနေရတာတွေ ဆိုတာမျိုးထက် အခုဦးပဇင်းလို ပုဂ္ဂိုလ်မျိုးတစ်ယောက်က ခရစ်ယာန်ဘက်ကို ကူးပြောင်းတယ်ဆိုရင် ဆရာကြီးများ ကျေနပ်အားရစရာ မကောင်းပါလား။ ´´

`` ဆရာကြီးတို့ရဲ့ ယေရှုခရစ်ဟာ ဘယ်နေ့၊ဘယ်ရက်၊ ဘယ်လ၊ ဘယ်အချိန်၊ ဘယ်သက္ကရာဇ် မှာ မွေးတယ်ဆိုတဲ့ ရက်ချုပ်ကို မှန်ကန်အောင် အတိအကျ ပြောနိုင်မယ်ဆိုရင် ဦးပဇင်းက ဟောဒီသင်္ကန်းကို ဒီနေရာတွင်ပဲ တစ်ခါတည်းချွတ်ပုံချခဲ့ပြီး အပြီးတိုင် ခရစ်ယာန်ဘာ သာဘက်ကို ဝင်လိုက်မယ်။ကဲ... ပြောကြစမ်း တစ်ခါတည်းကို နေရာမပြောင်း ဝင်လိုက်ပါ့မယ်။ ဟုတ်ပလား။ ´´

(ရှည်လျားသော ဩဘာသံကြီး ဆူညံသွားသည်)

`` ဒီနေ့ပြောမပြနိုင်သေးရင်လည်း ထပ်ပြီး ရှာဖွေကြပါဦး တွေ့တဲ့နေ့မှာ တောင်တွင်းကြီး ကိုလိုက်လာပြီး ပြောပြပါ။ တိကျခိုင်လုံရင် အများရှေ့မှောက်ကို ဆရာတို့ကို ဂန်ချတောင်းပန်ပြီး တော့ တစ်ခါတည်း ခရစ်ယာန်ထဲ ဝင်လိုက်ပါ့မယ်ဆိုတာ ဟောဒီ ပရိသတ်ကြီးရှေ့မှာ ကတိပေးပါ တယ်။ ´´

( ထပ်ဆင့် ဩဘာသံကြီး မြည်ဟီးသွားပါသည်)

`` ကဲ......အချိန်လည်းစေ့ခါနည်းပါပြီ ၊ မဆင်းမှီ ဟောဒီ ကျောက်ကွင်းရွာနဲ့ ညောင်ပင် သာရွာ ဓမ္မဆရာဦးရွှေအောင်ကို အနည်းငယ် မှာခဲ့ချင်ပါတယ်။ ဆရာရေးတဲ့ စာအုပ်ကလေးရဲ့ နောက်ဆုံးမှာပါတဲ့ ပါဠိကလေးဟာ ဘယ်ပါဠိတော် ဘယ်ကျမ်းမှ ပါတယ်ဆိုတာကို တစ်ဆိတ်က လေး ညွှန်ပြစေလိုပါတယ်။ ´´

`` ဦးပဇင်းဟာ အတော်ကလေး ပိဋကတ်တော်ဆိုင်ရာ ပါဠိစာပေများကို နံ့စပ်အောင် သင်မှတ်ခဲ့ပါတယ်။ ကျကျနနလည်း လိုက်စားခဲ့ဘူးပါတယ်။ ကိုယ်တိုင်လည်း စာပေ ပို့ချခဲ့ဖူးပါ တယ်။ သို့သော်လည်း အဲဒီဦးရွှေအောင်တို့ စာအုပ်ထဲမှာ ပါတဲ့ ပါဠိကိုတော့ မတွေ့ဘူးဘဲဖြစ်နေပါ တယ်။ ´´

`` အခုဟောဒီစင်ပေါ်မှာ သံဃာတော်(၂၀၀)ခန့် ရှိပါတယ်။ အဲဒီကိုယ်တော်များလည်း အဲဒီပါဠိကို မတွေ့ခဲ့ဘူးကြပါလို့ အမိန့်ရှိကြပါတယ်။ ဒီတော့ ဦးပဇင်းနဲ့တကွ ဒီသံဃာတော်များပါ မှတ်သားကြရအောင် တစ်ဆိတ်လောက် အဲဒီပါဠိကလေးပါတဲ့ ပိဋကတ်ကျမ်းစာအုပ်ကို ကျေးဇူးပြု ပြီး ညွှန်ပြစေလိုပါတယ်။ ပါဠိကတော့......

ဓူရဒါရ မနာရမ္မေ ဂီဟိကမ္မေ ရတော ဘိက္ခု

ဂိဖ္ဖျ ကုဋ္ဌ သေလံ ပေတံ ၊ ဂါတံ ဘိက္ခု အတိဿတိ .... တဲ့။ ´´

`` အဲဒါ ဦးပဇင်းတို့ရဲ့ ပါဠိတော်များမှာ ပါတယ်ဆိုရင် ပိဋကတ်တော်စာအုပ်များ ဖြစ်ပါက ဘယ်ကျမ်းစာအုပ်၊ ဘယ်စာမျက်နှာ ၊ ဘယ်နံပါတ်၊ ပေစာဖြစ်မယ်ဆိုရင်လည်း ၊ကျောဘက် ၊ ဂမ်းဘက် ၊ က-ချပ် ၊ ကာ-ချပ် ဘယ်အင်္ဂါစသည်ဖြင့် ညွှန်ပြရရိုးရှိပါတယ်။ အဲဒါကလေးကိုဖြင့် ဓမ္မဆရာဦးရွှေအောင်နှင့်တကွသော ဦးသာဒင်အစရှိတဲ့ မိတ်ဆွေကြီးများက အထူးပဲ ဂရုစိုက်ပြီးညွှန်ပြကြစေလိုပါတယ်။ ´´

`` ယခုလို ဘာသာဂါဒဆိုင်ရာ ပြိုင်ပွဲကြီးမျိုးကို တွေ့ကြုံရသဖြင့် ဦးပဇင်းအနေနဲ့ ရော အခုဒီမှာ ရှိကြတဲ့ သံဃာတော်များအနေနဲ့ပါ ရှုံးတာနိုင်တာ ပဓာန မထားဘဲ ၊ အထူးဂမ်းမြောက် ကြပါတယ် ၊ နောက်ကိုလည်း

ဒီလို ဘာသာရေးဂါဒပြိုင်ပွဲကြီးမျိုးတွေကို နယ်တိုင်း၊ ရွာတိုင်း၊မြို့ တိုင်းဆိုသလို ဖြစ်မြောက်အောင် ကျင်းပနိုင်ကြပါစေလို့ အာသီသပြုရင်း နိဂုံးချုပ်လိုက်ပါတယ်။´´

(ရှည်လျားသော ဩဘာသံကြီး )

ပထမပိုင်း(၂)နာရီ ဗုဒ္ဓဘာသာဘက်မှ ပြောပြီးသွားပြီ ဖြစ်ပါ၍ နောက်ပိုင်းအချိန်(၂)နာရီတွင် ခရစ်ယာန်ခေါင်းဆောင်များက ဂေဖန်ချေပကာ ဟောပြောမည်ဟု သဘာပတိ ဦးရွှေမှန်က ကြေညာ လိုက်၏။

ထိုသို့ သဘာပတိက ကြော်ညာပြီးသည့် တစ်ပြိုက်နက် မဏ္ဍပ်အတွင်းရှိလူများသည် အပြင်သို့ ထွက်ရန် နေရာမှ ထကုန်ကြသည်။ ထိုအထဲ၌ ခရစ်ယာန်များပါ ပါဝင်သည် ။

နောက်ပိုင်း ဟောပြောမည့် ခရစ်ယာန်ခေါင်းဆောင် ဆရာဦးသာဒင်သည် တရားဟော စင်ပေါ်သို့ တက်လာ၏။ ပရိသတ်များက ထွက်မြဲထွက်နေကြပြန်သည်။ `နားမထောင်ချင်ဘူး´ဟူ သော အသံများမှာ မဏ္ဍပ်ကြီးတစ်ခုလုံး ညံနေလေပြီ။ သဘာပတိနှင့် ဦးသာဒင်တို့ပါ `ဆုံးအောင် နားထောင်ကြပါ´ဟု ပြောကြသော်လည်း လူအတော်များများမှာ အပြင်သို့ ရောက်နေကြလေသည်

မဏ္ဍပ်ကြီးထဲ၌ ထသူထ ထိုင်သူထိုင် ထွက်သူကထွက် အော်သူကအော် နှင့် ဆူညံရှုပ်ထွေးနေလေ တော့သည်။ ဦးသာဒင်သည် စကားမပြောနိုင်တော့ဘဲ ငေးကြည့်ပြီးသာ ရပ်နေရတော့၏ ။

သဘာပတိ ဦးရွှေမှန်က ဆုံးအောင်နားထောင်ကြပါရန် တစ်ကြော်ကြော် အော်ဟစ်နေ သော်လည်း ပရိသတ်ကြီး၏ အသံကို မပေါက်နိုင်အောင် ဖြစ်နေသည်။ ဤတွင် တာဝန်ယူ စောင့် ရှောက်နေရသော ပြည်ခရိုင် ရာဇဝတ်ဝန်ကြီးကို သဘာပတိက လှမ်း၍ မေတ္တာရပ်ခံပေးရန် ပြော သဖြင့် ရာဇဝတ်ဝန်ကြီး ဦးကြင် ကိုယ်တိုင် တရားစင်ပေါ်သို့ တက်ပြီး ပရိသတ်အား `ဆုံးအောင် နားထောင်ကြပါ မပြန်ကြပါနဲ့ဦး ၊ နှစ်ဘက်စကားကို အကုန်ဆုံးအောင် နားထောင်ကြပါပြီး၊ ပြန်ထိုင်ကြပါ။ ပြန်ထိုင်ကြပါ၊ အထူးပဲမေတ္တာရပ်ခံပါတယ်´။ ဟု ပြောလေသည် ။

သို့ရာတွင် လူထု ပရိသတ်ကြီးမှာ ပြန်မထိုင်ကြဘဲ ရပ်ပြီးသာ ပြန်ကြည့်နေကြသဖြင့် ဗုဒ္ဓ ဘာသာဘက်မှ ဆရာကြီး ဦးကွန့်ကပါ စင်မြင့်ပေါ်သို့ တက်ပြီး ပရိသတ်များအား နှစ်ဘက်အစုံ နား ထောင်ပြီးမှ မိမိသဘောအလျောက် ဆုံးဖြတ်ကြပါ ၊တစ်ဖက်သပ် မဖြစ်ကြပါစေနဲ့။ အားလုံးပဲပြန် ထိုင်ကြပြီး ခရစ်ယာန်ခေါင်းဆောင်ကြီးများရဲ့ ရှင်းလင်းချေပချက်များကို နားထောင်ကြပါဦး။ ဗုဒ္ဓဘာသာဘက်မှ လူကြီးတစ်ဦးအနေနဲ့အထူးပဲမေတ္တာရပ်ပါကြောင်း စသည်တို့ကို အော်ဟစ် ပေးပြန်သည်၊ သို့သော် ပရိသတ်ကြီးကား ထွက်မြဲပင် ။ `နားမထောင်ချင်ဘူး´ဟူ၍သာ ပြန်အော် ရင်း မဏ္ဍပ်အပြင်ဘက်သို့ သွားနေကြလေသည်။

ဗုဒ္ဓဘာသာ သဘာပတိ တောင်ငူဆရာတော်က ဆုံးအောင်နားထောင်ကြပါဦးဟု တစ်ခွန်းသာ အော်ဟစ်ပြောကြည့်သော်လည်း အသံကမပေါက်နိုင် ရှိလေသည်။ သို့နှင့် ရာဇဝတ် ဝန်ကြီးကိုယ်တိုင်က ဆရာတော် အရှင်ဥက္ကဋ္ဌ အား ခေတ္တမျှကြွပြီး ကူညီမေတ္တာရပ်ခံပေးပါရန် ပြော သဖြင့် ဆရာတော် တရားစင်ပေါ်သို့ တစ်ဖန်ပြန်တက်ပြီး ........

`အားလုံးသော ပရိသတ်ကို ဦးပဇင်း မေတ္တာရပ်ခံပါရစေ ၊ ကိုးကွယ်မှု ၊မကိုးကွယ်မှု ဆို တဲ့ ယုံကြည်ချက်မျိုးဆိုတာ ဘယ်သူမှ တိုက်တွန်းလို့ရတာမဟုတ်ပါဘူး။ မိမိသဘောအလျောက် သာ ဆုံးဖြတ်ရမယ့် ကိစ္စ ဖြစ်ပါတယ်။ ယူတာမယူတာ အပထားပြီး နှစ်ဦးနှစ်ဘက် ပြောကြ ဟော

ကြတာကို ဆုံးအောင်နားထောင်ကြပါလို့ ဦးပဇင်းအထူးပဲ မေတ္တာရပ်ခံပါတယ်။ ´ ဟု မေတ္တာရပ်ခံ သဖြင့် အချို့သော ပရိသတ်က ပြန်ထိုင်ကြသည်။ ထွက်ပြေးသူများကမူ ပြန်လှည့်ကြည့်ပြီး ဘေး မှ ရပ်ကြည့်နေကြသည်။

သို့နှင့် မထွက်ရသေးသူများမှာ မဏ္ဍပ်ထဲတွင် ရပ်ကြည့်နေကြပြီး ပြန်ထိုင်သူက နည်းနေ ၏ ။ ဆရာကြီး ဦးကွန့်နှင့် ရာဇဂတ်ဂန်ကြီးကပါ ``ပြန်ထိုင်အောင် မေတ္တာရပ်ခံပေးပါဘုရား ဆရာ တော် အမိန့်ရှိ ရင် ရပါလိမ့်မယ်။ ´´ ဟုပြောကြပြန်သဖြင့် ဆရာတော်က ထပ်မံ၍ မေတ္တာရပ်ခံ ပေးရပြန်သည်။

`` အားလုံးသော ဒကာ/ဒကာမအပေါင်းတို့ ..........

ဦးပဇင်း အထူး မေတ္တာရပ်ခံပါရစေ ။ ဘာသာဆိုတာ ကိုယ်ကြိုက်မှ ကိုယ်ယူရပါတယ်။ အ တင်းယူခိုင်းလို့ ရတာမျိုးမဟုတ်ပါဘူး။ ယူတာ မယူတာ ပရိသတ် သဘောပါ။ နှစ်ဘက်စလုံး ဆုံး အောင်တော့ နားထောင်ကြပါဦး ၊ ဦးပဇင်းအထူးပဲ မေတ္တာရပ်ခံပါ တစ်ဆိတ်ပြန်ထိုင်ပြီး နားထောင် ကြပါဦး ဦးပဇင်းမေတ္တာရပ်ခံပါတယ်။

နောက်ထပ်တစ်ကြိမ် ဆရာတော်ကိုယ်တိုင် မေတ္တာရပ်ခံသောအခါမှာ ရပ်နေသူအများအ ပြားပင် ပြန်ထိုင်ကြသည်။ သိသာသည်မှာ ရပ်နေသော ခရစ်ယာန်ပရိသတ်များပင် ပြန်ထိုင်ကြ သည်ကို တွေ့မြင်ရသည်။ ဤတွင်မှာ ဟောစင်ပေါ်မှ ပြန်ဆင်းရင်း ``ကဲ..ဆရာတို့ ဟောကြပါ တော့ နားထောင်ကြပါလိမ့်မယ် ၊ ဟောသာဟောပါ ´´။ ဟု ပြောလိုက်မှ ဦးသာဒင် တရားဟော စင်ပေါ်သို့ ပြန်တက်နိုင်ပေတော့သည်။

သို့ရာတွင် လူအတော်တော်များများမှာ ဘေးမှာသာ မတ်တပ်ရပ်၍ နားထောင်နေကြလေ သည်။ မန္တလေး ဦးသာဒင်က ဆရာတော် ကောက်နုတ်သုံးသပ်သွားသော သမ္မာကျမ်းစာ အချက် အလက်များကို ပြန်လည်ရှင်းလင်းချေပသည်။ သို့ရာတွင် ဦးတည်ချက် မမှန်တော့ဘဲ ကမောက်က မ ကဘောက်ကချာ ဖြစ်၍ နေလေသည်။ ပရိသတ်ကို မေတ္တာရပ်ခံလိုက် ဟောပြောလိုက်နှင့်ပင် ညနေ လေးနာရီထိုး၍ အချိန်စေ့သွားသဖြင့် သဘာပတိက ဟောပြောပွဲကြီး ပြီးဆုံးကြောင်းကို ကြေညာလိုက်ရလေတော့သည်။

ရွာလုံးကျွတ် ဗုဒ္ဓဘာသာဖြစ်ပြီ ခရစ်ယာန်ခေါင်းဆောင်များသည် ဆရာတော်အရှင်ဥက္ကဋ္ဌနှင့် တောင်ငူလောကုတ္တရာဆရာ တော် အရှင်ကုဏ္ဍလတို့အား လာရောက်နှုတ်ဆက်ကြသည်။

ထိုအခိုက် ရွာဆော်တစ်ဦးက လအအုပ်ကြီးတစ်အုပ်ကို ဦးဆောင်၍ မဏ္ဍပ်တွင်းသို့ ဝင်လာ သည်။

``ဆရာတော်များဘုရား ... သူတို့တွေဟာ ကျောက်ကွင်းရွာက ချင်းအမျိုးသား အိမ်ထောင်စု (၆ဂ)ကျော်က လူတွေပါဘုရား။ ဗုဒ္ဓဘာသာဘက်ကို ကူးပြောင်းကိုးကွယ်ဖို့ ဆုံးဖြတ် ပြီး ဆရာတော်များကို လာရောက်ကန်တော့ကြတာပါဘုရား။ ´´

ရွာဆော်၏ လျှောက်ထားချက်ကို ကြားရသောအခါ ကျောက်ကွင်းရွာသူကြီး ဦးလှောင် သည် ထခုန်လိုက်ပြီး ခေါင်းပေါင်းကိုင်ပင် ချွတ်၍ အထက်သို့ မြှောက်ပင့်လိုက်သည် ။ ဝမ်းသာ လွန်းသဖြင့် ဖရဏာပီတိ လွှမ်းပြီး မျက်ရည်များပင်ကျလာသည်။ ထိုနောက် ဆရာတော်အရှင်ဥက္ကဋ္ဌ အား အကြိမ်ကြိမ် ဦးချ၍ ကန်တော့နေလေတော့သည်။

**ကျောက်ကွင်းရွာ တစ်ရွာလုံး တစ်ယောက်မကျန် ဗုဒ္ဓဘာသာဝင်များဖြစ်သွားကြလေသည်။**